ပြည်ထောင်စုမြန်မာနိုင်ငံတော်

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့မှထုတ်ပြန်သော

ယခုကာလဝယ် ထေရဝါဒဗုဒ္ဓသာသနာတော်၌

ဘိက္ခုနီ ရှိသင့်-မရှိသင့် ပြဆိုရာဖြစ်သော

# ဘိက္ခုနီဝိနိစ္ဆယစာတမ်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန
ကမ္ဘာအေးစာပုံနှိပ်တိုက်၌ရိုက်နှိပ်သည်။

သာသနာ-၂၅၄၉ ကောဇာ-၁၃၆၇ ၂၀၀၆

ပြည်ထောင်စုမြန်မာနိုင်ငံတော်

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့မှထုတ်ပြန်သော

ယခုကာလဝယ် ထေရဝါဒဗုဒ္ဓသာသနာတော်၌

ဘိက္ခုနီ ရှိသင့်-မရှိသင့် ပြဆိုရာဖြစ်သော

# ဘိက္ခုနီဝိနိစ္ဆယစာတမ်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန
ကမ္ဘာအေးစာပုံနှိပ်တိုက်၌ရိုက်နှိပ်သည်။

သာသနာ-၂၅၄၉ ကောဇာ-၁၃၆၇ ၂၀၀၆

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေး ဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန၊ ကမ္ဘာအေးစာပုံနှိပ်တိုက်တွင်
ညွှန်ကြားရေးမှူး ဦးဇာနည်ဝင်း
မှတ်ပုံတင်အမှတ် (၀၃၈၄၃/၀၂၄၀၅)က
ပုံနှိပ် ထုတ်ဝေသည်။

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | က-ဠ |
| ၂။ | ပရိသတ် ၄-ပါး | ၁ |
| ၃။ | ဘိက္ခုနီပရိသတ်ပေါ်ပေါက်လာပုံ | ၂ |
| ၄။ | ဒုတိယအကြိမ် ရဟန်းမအဖြစ် ခွင့်တောင်းခြင်း | ၃ |
| ၅။ | ဂရုဓမ် ၈-ပါး | ၇ |
| ၆။ | မိထွေးတော်ဂေါတမီ -<br>မြင့်မြတ်သော ရဟန်းမအဖြစ်သို့ ရောက်ခြင်း | ၈ |
| ၇။ | မာတုဂါမများ ရဟန်းမ ပြုခြင်းကြောင့်<br>သာသနာတော် တည်ခြင်း/မတည်ခြင်း | ၉ |
| ၈။ | ဧကတောဥပသမ္ပန္န ရဟန်းမအဖြစ် ခွင့်ပြုခြင်း | ၁၀ |
| ၉။ | သာကီဝင်မင်းသမီးငါးရာတို့ ဧကတောဥပသမ္ပန္န<br>ရဟန်းမများဖြစ်ကြခြင်း | ၁၁ |
| ၁၀။ | ရဟန်းမတို့အား ရဟန်းယောကျ်ားများနှင့်တန်းတူ<br>အခွင့်အရေးပေးရန် မိထွေးတော်ဂေါတမီ<br>ဆုတောင်းခြင်း | ၁၂ |
| ၁၁။ | မူပလပညတ်လော?, အနုပညတ်လော? | ၁၃ |
| ၁၂။ | ဋီကာဝါဒ | ၁၆ |
| ၁၃။ | ဝါဒန္တရ | ၁၈ |
| ၁၄။ | ဥဘတောဥပသမ္ပန္န ရဟန်းမအဖြစ်ခွင့်ပြုတော်မူခြင်း | ၂၁ |
| ၁၅။ | ပါဠိတော်ချင်း ယှဉ်ပွဲစည်းစားသင့် | ၂၃ |
| ၁၆။ | ဥဘတောဥပသမ္ပန္နဘိက္ခုနီပြုလုပ်ပုံ | ၂၆ |
| ၁၇။ | ဘိက္ခုနီအပြား | ၂၈ |
| ၁၈။ | ဥပသမ္ပဒါ ၈-မျိုးကိုပြဆိုခြင်း | ၃၁ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၉။ | ဘိက္ခုနီဆိုင်ရာ ဥပသမ္ပဒါ ၄-မျိုး | ၃၆ |
| ၂၀။ | ဘိက္ခုနီသာသနာ | ၃၈ |
| ၂၁။ | ဘိက္ခုနီသာသနာ အားနည်းချိန် | ၃၉ |
| ၂၂။ | အပရန္တတိုင်း ဘိက္ခုနီသာသနာ | ၃၉ |
| ၂၃။ | သုဝဏ္ဏဘူမိတိုင်း ဘိက္ခုနီသာသနာ | ၄၁ |
| ၂၄။ | လင်္ကာဒီပ ဘိက္ခုနီသာသနာ | ၄၃ |
| ၂၅။ | ဘိက္ခုနီအဆက်အနွယ်ပြတ်ချိန် | ၄၇ |
| ၂၆။ | ဘိက္ခုနီသာသနာ ကွယ်ပျောက်ရခြင်းအကြောင်း | ၄၉ |
| ၂၇။ | ယခုကာလဝယ် ထေရဝါဒဗုဒ္ဓသာသနာတော်၌ ဘိက္ခုနီ မရှိနိုင် | ၅၇ |
| ၂၈။ | ထေရဝါဒ | ၅၇ |
| ၂၉။ | ဘိက္ခုနီသံဃာ၌ ရဟန်းမခံရသေးသော မာတုဂါမကို ဘိက္ခုသံဃာက ရဟန်းခံပေးခြင်းငှာ မအပ် | ၅၈ |
| ၃၀။ | ဧကတောဥပသမ္ပန္နပညတ် ပျက်ပုံ | ၆၀ |
| ၃၁။ | ရှင်းလင်းချက် | ၆၁ |
| ၃၂။ | ဧကတောဥပသမ္ပန္နရဟန်းမ ပြုခွင့် မရှိတော့ခြင်း | ၆၇ |
| ၃၃။ | ဧကတောဥပသမ္ပန္နရဟန်းမ ပြုခွင့်ကို အထူးပယ်မြစ်တော်မူခြင်း | ၇၁ |
| ၃၄။ | ရဟန်းယောက်ျားသည် မာတုဂါမကို ရှင်ပြုပေးရုံသော်မှ မအပ် | ၇၃ |
| ၃၅။ | အကျဉ်းချုပ် ဆုံးဖြတ်ချက် | ၇၄ |
| ၃၆။ | ယခုကာလဝယ် ထေရဝါဒဗုဒ္ဓသာသနာတော်၌ ဘိက္ခုနီဖြစ်နေခွင့်ရှိပုံကို ပရိကပ္ပအားဖြင့် ပြဆိုခြင်း | ၇၅ |

# နိဒါန်း

၁၃၆၅-ခုနှစ်၊ ဝါဆိုလဆန်း ၉-ရက် (၇. ၇. ၂၀၀၃) တနင်္လာနေ့တွင် ဝိဇယမင်္ဂလာမွေသဘင် အစည်းအဝေးခန်းမ၌ ကျင်းပသော ပဥ္စမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇-ပါးစုံညီ အဋ္ဌမအစည်းအဝေးသို့ သီရိလင်္ကာနိုင်ငံ၌ ဘိက္ခုနီ ပြုခဲ့သည်ဆိုသော မသစ္စဝါဒီထံမှ ပေးပို့ လျှောက်ထားစာနှင့် စပ်လျဉ်း၍ တာဝန်ကျ (ပဌမအဖွဲ့ခွဲ)၏ သာသနာ ရေးအဖွဲ့ငယ်မှ ဖော်ပြလတ္တံ့ပါ တင်ပြလျှောက်ထားလွှာကို တင်သွင်း လျှောက်ထားခဲ့ပါသည်။

## တင်ပြလျှောက်ထားလွှာ

၁၃၆၅-ခုနှစ်၊ ဝါဆိုလဆန်း ၉-ရက် (၇. ၇. ၂၀၀၃) တနင်္လာနေ့တွင် ဝိဇယမင်္ဂလာမွေသဘင် အစည်းအဝေးခန်းမ၌ ကျင်းပသော ပဥ္စမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇-ပါးစုံညီ အဋ္ဌမအစည်းအဝေးသို့ သာသနာရေးအဖွဲ့ငယ်မှ တင်ပြလျှောက်ထားလွှာပါဘုရား--

**အကြောင်းအရာ။** ။သီရိလင်္ကာနိုင်ငံ၌ ဘိက္ခုနီပြုခဲ့သည်ဆိုသော မသစ္စဝါဒီအထံမှ ပေးပို့လျှောက်ထားစာနှင့် စပ်လျဉ်း၍ တင်ပြခြင်းပါဘုရား။

**အကြောင်းအကျိုး ဖော်ပြချက်**

၁။ သီရိလင်္ကာနိုင်ငံ၌ ဘိက္ခုနီ ပြုခဲ့သည်ဆိုသော မသစ္စဝါဒီက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်ထံ လိပ်မူလျက် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်

အထံသို့ (၇. ၅. ၂၀၀၃)ရက်စွဲပါ မိတ္တူစာကို ပေးပို့လာပါသည် ဘုရား။

၂။ ပေးပို့စာတွင် ရှေးဟောင်း အိန္ဒိယဗုဒ္ဓဘာသာ အစဉ်အလာနှင့် ညှိနှိုင်း၍ မြန်မာနိုင်ငံတွင် သာသနာ့နွယ်ဝင် သီလရှင်များ ရှိသင့်/ မရှိသင့် နိုင်ငံရပ်ခြားမှ ထေရဝါဒဘိက္ခုနီများ ဘိက္ခုနီစစ် ဟုတ်/ မဟုတ် ဆုံးဖြတ်ပေးပါရန်ဟူသော အကြောင်းအရာနှင့် ဖေါ်ပြလတ္တံ့ ပါအတိုင်း လျှောက်ထား ရေးသားထားပါသည်ဘုရား။

ဘုရားတပည့် သစ္စဝါဒီသည် ရခဲသော လူဘဝ၌ ကြုံရခဲသော မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး၏ သဒ္ဓမ္မသာသနာတော်မြတ်ကြီးနှင့် တွေ့ကြုံခိုက် ရခဲသော ရဟန်းဘဝကို ရရန်ရည်သန်၍ မြန်မာ့ရိုးရာ အစဉ်အလာအတိုင်း သီလရှင်ဝတ်ခဲ့ပါကြောင်း၊ ထေရဝါဒနိုင်ငံတစ်ခု ဖြစ်သော သီရိ လင်္ကာနိုင်ငံသို့ ရောက်ခိုက် ဘိက္ခုနီ သာမဏေရီများကို ဖူးတွေ့ရပါသဖြင့် မိမိကိုယ်ကို ပဗ္ဗဇိတဘာဝ မရမည်ကိုစိုးရိမ်၍ မကြာမီ (၂၈. ၂. ၂၀၀၃) က သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့ တပေါ်နောရုံကျောင်း တိုက်၏ သိမ်တော်မြတ်၌ ဓမ္မာလောကထေရ်ကြီးမှူးသော ဘိက္ခုသံဃာနှင့် ခေမာစာရီ, ကုသုမ-စသည် ကြီးမှူးသော ဘိက္ခုနီသံဃာ တို့ဖြင့် ဘိက္ခုနီ ပြုခဲ့ပါကြောင်း၊ မြန်မာသီလရှင်များသည် ရှေးဟောင်း အိန္ဒိယ ဗုဒ္ဓဘာသာ အစဉ်အလာနှင့် ညီညွတ်အောင် မစွမ်းဆောင်နိုင်၍ ဘိက္ခုနီလည်းမဟုတ်, သာမဏေရီလည်း မဟုတ်, ဥပါသိကာ အနွယ် အဝင်ဖြစ်နေသည်ဆိုပါက လူဝတ်ကြောင်ဘဝဖြင့် သူတော်ကောင်းတရားကို ကျင့်သုံးလျှင်လည်း ရနိုင်သည်ဆိုပါက ရဟန်းအသွင်နှင့် လူ့အသွင် ဘယ်လိုပင်ဖြစ်ဖြစ် ကိုယ်ကျင့် တရား ကောင်းပါမှ လူကောင်းဖြစ်နိုင်သည်ဆိုပါက မြန်မာနိုင်ငံတွင် သာသနာ့နွယ်ဝင် သီလရှင်များ အဖွဲ့အစည်း ဆက်လက် ရှိသင့်/ မရှိသင့်

နှင့် နိုင်ငံရပ်ခြားမှ ထေရဝါဒ ဘိက္ခုနီများ ဘိက္ခုနီစစ် ဟုတ်/ မဟုတ် ဆုံးဖြတ်ပေးပါရန် လျှောက်ထားပါကြောင်း ဖော်ပြလျက် လက်မှတ်ရေးထိုး ထားခြင်း မရှိဘဲ သစ္စဝါဒီဟု အောက်ခြေတွင် ရေးသားထားပါသည်ဘုရား။

၃။ ထိုစာနှင့်ပူးတွဲလျက် မြန်မာနိုင်ငံ ရန်ကုန်မှ ဘိက္ခုနီသစ္စဝါဒီနှင့် အမေရိကန်နိုင်ငံ လောင်းဘိချ်မှ ဘိက္ခုနီ ဂုဏာစာရီ (ခင်ဆွေဝင်း) တို့အား ပေးအပ်ချီးမြှင့်သော ဘိက္ခုနီဖြစ်ကြောင်း လက်မှတ်များ ဘိက္ခုနီ ပြုစဉ် ရိုက်ကူးထားသော ဓာတ်ပုံ ၆-ပုံတို့ကို တင်ပြထားပါ သည်ဘုရား။

## စိစစ်တွေ့ရှိချက်

၄။ ဒေါ်သစ္စဝါဒီသည် ပေါက်စေတီကျောင်းနေ ဦးလှဝင်း + ဒေါ်မြသိန်း-တို့၏ သမီးဖြစ်၍ မဟာဝိဇ္ဇာ(ဂုဏ်ထူးဖြစ်ကြောင်း) အသက် ၃၈-နှစ် သီလရှင်သက်တမ်း ၁၆-နှစ်ရှိပြီးဖြစ်ကြောင်း၊ ဘီလင်းမြို့နယ်တောင်စွန်း ဓမ္မဒူတတောရကျောင်း၌ ၇-နှစ် စာဝါတက်ခဲ့ပြီး အစိုးရ ဓမ္မာစရိယတန်းကို အောင်မြင်ခဲ့ကြောင်း၊ ပဌမငယ်တန်းနှင့် ပထမကြီးတန်းတို့တွင် မြန်မာတစ်နိုင်ငံလုံး၌ သီလရှင် ပထမရရှိခဲ့ကြောင်း တာမွေမြို့နယ် မဟာသန္တိသုခကျောင်းမှ ဆရာတော်ကြီးဦးပညာဝံသနှင့် အင်းစိန်မြို့နယ် ညောင်ကန်အေး ဃာသနာ့ရိပ်သာ ဆရာတော်ကြီး ဦးဣန္ဒက-တို့၏ အစီအစဉ်ဖြင့် မြန်မာနိုင်ငံကူးလက်မှတ် ရရှိပြီး သီရိလင်္ကာ၌ MA (Phil) တန်းတွင် ပညာသင်ကြားလျက်ရှိကြောင်း ယင်း၏ မြန်မာ နိုင်ငံကူးလက်မှတ် အမှတ်မှာ (၂၅၁၄၇၉) ထုတ်ပေးရက်စွဲ (၂၀. ၁၁. ၉၈)ဖြစ်ကြောင်း သိရပါသည်ဘုရား။

၅။ မသစ္စဝါဒီ ဘိက္ခုနီပြုလုပ်သည့် ကိစ္စနှင့်စပ်လျဉ်း၍ (၃. ၃. ၂၀၀၂) နေ့တွင် သီရိလင်္ကာနိုင်ငံ၌ ကျင်းပပြုလုပ်မည့် ဘိက္ခုနီ ဥပသမ္ပဒါ ပွဲတွင် မသစ္စဝါဒီ ဘိက္ခုနီ ပြုလုပ်မည်ဟု ကြားသိရသဖြင့် သီရိလင်္ကာနိုင်ငံရှိ မြန်မာသံဃာတော်များအားလုံးက ပြင်းပြင်း ထန်ထန်ကန့်ကွက်ပါကြောင်းနှင့် မကုဋာရာမကျောင်းတိုက်မှ နာယက ဆရာတော် ဦးကောဝိဒ လက်မှတ်ရေးထိုးလျက် (၁၆. ၂. ၂၀၀၂) ရက်စွဲဖြင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သို့ တင်ပြခဲ့ ပါသည်ဘုရား၊ အလားတူပင် ကိုလံဘိုမြို့ မြန်မာသံရုံးကလည်း သီလရှင် ဘိက္ခုနီဝတ်ရေးမှာ မဟာယာန ကျင့်စဉ်တစ်ခုဖြစ်၍ မလိုလားအပ်သော လုပ်ဆောင်ချက် ဖြစ်ကြောင်း တားမြစ်ချက်ကို ဒေါ်သစ္စဝါဒီအား သံရုံးသို့ ပင့်ဖိတ်၍ ပြောကြားခဲ့ကြောင်း, အစီရင် ခံစာကို နိုင်ငံခြားရေး ဝန်ကြီးဌာနက (၁၈. ၂. ၂၀၀၂) ရက်စွဲပါ စာဖြင့် သာသနာရေး ဝန်ကြီးဌာနသို့ ပေးပို့ခဲ့ပါသည် ဘုရား။

၆။ အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ မသစ္စဝါဒီ၏ ဘိက္ခုနီဥပသမ္ပဒါကံ ဆောင်မှုမှာ ထေရဝါဒဗုဒ္ဓသာသနာဝင် ပိဋကတ်တော်နှင့် မကိုက်ညီ သောကြောင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့မှ ပြင်းပြင်းထန်ထန် ကန့်ကွက်ကြောင်းနှင့် မသစ္စဝါဒီအား ဘိက္ခုနီ ဥပသမ္ပဒကံဆောင် ခြင်း မပြုရန် ဩဝါဒပေးတားမြစ်လိုက်ကြောင်းဖြင့် နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့က (၂၇. ၂. ၂၀၀၂)ရက်စွဲပါ စာကို မြန်မာသံရုံးမှတဆင့် ပေးပို့ ခဲ့ပါသည်ဘုရား။

အလားကူပင်လျှင် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ကလည်း အလေးအနက်တားမြစ်ကြောင်းနှင့် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့၏ ဩဝါဒကို တိကျစွာလိုက်နာကျင့်သုံးပါရန် (၂. ၃. ၂၀၀၂)

ရက်စွဲပါစာကို နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် မြန်မာသံရုံးမှတစ်ဆင့် ပေးပို့ခဲ့ပြီး ဖြစ်ပါသည်ဘုရား။

၇။ ယခုအခါ မသစ္စဝါဒီက ဘိက္ခုနီ ပြုလုပ်ပြီးကြောင်းနှင့် မြန်မာနိုင်ငံ၌ သာသနာနွယ်ဝင် သီလရှင်အဖွဲ့အစည်းပင် ရှိရန် လို/ မလို စသည် မေးမြန်းလျှောက်ထားလာသဖြင့် ထေရဝါဒ ဗုဒ္ဓသာသနာတော်အတွက် များစွာထိခိုက်စေနိုင်ပါသည်ဘုရား။

၈။ ဤသို့ သီရိလင်္ကာနိုင်ငံ၌ ဘိက္ခုနီ ပြုခဲ့သည်ဆိုသော မသစ္စဝါဒီထံမှ ပေးပို့လျှောက်ထားစာနှင့် စပ်လျဉ်း၍ (၂၁. ၅. ၂၀၀၃) နေ့တွင် ကျင်းပသော ပဥ္စမအကြိမ် နိုင်ငံတော် သံဃ မဟာနာယက အဖွဲ့ (ပဌမအဖွဲ့ခွဲ)၏ ဒုတိယအကြိမ် နဝမအစည်းအဝေး သို့ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနက တင်ပြ လျှောက်ထားခဲ့ရာ ၄၇-ပါးစုံညီ အဋ္ဌမအစည်းအဝေးသို့ တင်ပြရန် ဆုံးဖြတ်ခဲ့ပါသည်ဘုရား။

၉။ ထို့ပြင် (၅. ၆. ၂၀၀၃)နေ့တွင် ကျင်းပသော ပဥ္စမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (ပထမအဖွဲ့ခွဲ)၏ ဒုတိယအကြိမ် ဧကာဒသမ အစည်းအဝေးကလည်း “မသစ္စဝါဒီ (သီရိလင်္ကာနိုင်ငံ)၏ လျှောက်ထားလွှာအပေါ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့မှ သာသနာရေးဝန်ကြီးထံ မေတ္တာရပ်ခံသည့် စာမူကြမ်းကို တင်ပြခြင်းကိစ္စနှင့်စပ်လျဉ်း၍ မသစ္စဝါဒီ မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်လာပါက ဝိနည်းဓမ္မကံဖြင့် အရေးယူဆောင်ရွက်ရန် ရှိပါသဖြင့် သက်ဆိုင်ရာအာဏာပိုင် အဖွဲ့ အစည်းများသို့ သာသနာရေးဝန်ကြီးဌာနအနေဖြင့် အကြောင်းကြား ဆောင်ရွက်ပေးရေး မေတ္တာရပ်ခံရန်”ဟု ဆုံးဖြတ်ခဲ့ပါသည်ဘုရား။

၁၀။ ထိုဆုံးဖြတ်ချက်အရ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က (၆. ၆. ၂၀၀၃)ရက်စွဲဖြင့် သာသနာရေးဝန်ကြီးဌာန ဝန်ကြီးထံ မေတ္တာရပ်ခံခဲ့ပါသည်။ သာသနာရေးဝန်ကြီးဌာနကလည်း မသစ္စဝါဒီအား မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်လာပါက ဝိနည်းဓမ္မကံ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူရန် မြန်မာနိုင်ငံအတွင်း၌ မဟာယာန ဘိက္ခုနီပြုခြင်း အယူဝါဒ လှည့်လည်ဟောပြောခွင့် မပြုရေးအတွက် လိုအပ်သလို တားဆီးဆောင်ရွက်ပေးနိုင်ပါရန် ဒုတိယဝန်ကြီး လက်မှတ်ရေးထိုးလျက် (၉. ၆. ၂၀၀၃)ရက်စွဲပါစာဖြင့် ပြည်ထဲရေးဝန်ကြီး ဌာန ဝန်ကြီးနှင့် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီးသို့ မေတ္တာရပ်ခံစာ ပေးပို့ခဲ့ပါသည်ဘုရား။

## ဆုံးဖြတ်ရန်အချက်

၁၁။ သို့ဖြစ်ပါ၍ မသစ္စဝါဒီလျှောက်ထားသည့်ကိစ္စနှင့်စပ်လျဉ်း၍ ဝေဖန်ဆွေးနွေး အဆုံးအဖြတ်ပေးတော်မူပါရန် တင်ပြလျှောက် ထားအပ်ပါသည်ဘုရား။

**(ဘဒ္ဒန္တပညိန္ဒာဘိဝံသ)**
**အဘိဓဇမဟာရဋ္ဌဂုရု**

**(ဘဒ္ဒန္တသောဘိတ)**
**အဂ္ဂမဟာပဏ္ဍိတ**

**(ဘဒ္ဒန္တသုနန္ဒ)**
**အဂ္ဂမဟာပဏ္ဍိတ**

**(ဘဒ္ဒန္တတိလောက)**
**အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ**

**(ဘဒ္ဒန္တရေဝတ)**
**အဂ္ဂမဟာပဏ္ဍိတ**

ဤတင်ပြလွှာဖြင့် သီရိလင်္ကာနိုင်ငံ၌ ဘိက္ခုနီ ပြုခဲ့သည်ဆိုသော မသစ္စဝါဒီထံမှ ပေးပို့လျှောက်ထားသည့်ကိစ္စကို ပဥ္စမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇-ပါးစုံညီ အဋ္ဌမအစည်းအဝေးသို့ တင်ပြခဲ့ရာ ယင်းအစည်းအဝေးက "ဘိက္ခုနီ ရှိသင့်/ မရှိသင့် စာတမ်း ပြုစုရေးအတွက် အကျိုးတော်ဆောင်ချုပ် မကွေးဆရာတော်ကြီး ဘဒ္ဒန္တကုမာရ (အဘိဓဇမဟာရဋ္ဌဂုရု, အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက) ဦးဆောင်သောအဖွဲ့အား တာဝန်ပေးရေး အပ်နှံလျှောက်ထားရန်" ဟု ဆုံးဖြတ်ခဲ့ပါသည်ဘုရား။

ထိုသို့ ဘိက္ခုနီ ရှိသင့်/မရှိသင့် စာတမ်းပြုစုရာ၌ ----

(က) ဘဒ္ဒန္တဝိစာရ၊ (အဂ္ဂမဟာပဏ္ဍိတ)၊
မဟာဝိသုတာရာမတိုက်၊ ပခုက္ကူမြို့၊ မကွေးတိုင်း။

(ခ) ဘဒ္ဒန္တသုမင်္ဂလာလင်္ကာရ၊ (Ph.D- အဂ္ဂမဟာပဏ္ဍိတ, တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက)၊ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း၊ တို့ပါဝင်သော စာတမ်းပြုစုရေးအဖွဲ့ကို ဖွဲ့စည်းပေးရန် (၉. ၆. ၂၀၀၃)နေ့၌ ကျင်းပသော တာဝန်ကျ (တတိယအဖွဲ့ခွဲ)၏ တတိယအကြိမ် ပထမအစည်းအဝေး၌ အကျိုးတော် ဆောင်ဆရာတော်ကြီးမှ မိန့်ကြားခဲ့ရာ မိန့်ကြားသည့်အတိုင်း ဖွဲ့စည်း ပေးရန် ဆုံးဖြတ်၍ ဖော်ပြလတ္တံ့ပါ ဖွဲ့စည်းတာဝန်ပေးအပ်လွှာဖြင့် ဘိက္ခုနီ ရှိသင့်/ မရှိသင့် စာတမ်း ပြုစုပေးပါရန် ဖွဲ့စည်းတာဝန် ပေးအပ်၍ လျှောက်ထားခဲ့ပါသည်။

(၉)

နိဒါန်း

# ပြည်ထောင်စုမြန်မာနိုင်ငံတော်
# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏
# ဖွဲ့စည်းတာဝန်ပေးအပ်၍လျှောက်ထားလွှာ

မဟာနာယကကျောင်းတော်ကြီး၊ ကမ္ဘာအေးကုန်းမြေ၊ ရန်ကုန်မြို့။
တယ်လီဖုန်း-ဥက္ကဋ္ဌဆရာတော် -၆၅၁၀၁၇ ဝိနိစ္ဆယအဖွဲ့ငယ်-၆၆၁၀၁၅
ဒုတိယဥက္ကဋ္ဌဆရာတော်-၆၆၁၀၀၆၊ ၆၆၁၇၄၆
သာသနာရေးအဖွဲ့ငယ်-၆၆၀၇၉၉
အကျိုးတော်ဆောင်ဆရာတော်-၆၅၁၀၁၈
ပညာရေးအဖွဲ့ငယ်-၆၆၁၇၆၆၊၆၆၄၄၆၅
တွဲဘက်အကျိုးတော်ဆောင်ဆရာတော်-၆၆၁၈၀၄၊၆၆၄၁၅၇

စာအမှတ်-၃၀၀/၁၅/(သာ-ဝိ)သာ-မဟန
ရက်စွဲ ၊ ၁၃၆၅-ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၅-ရက်
(၂၀၀၃-ခုနှစ်၊ဇူလိုင်လ ၁၈-ရက်)

အကြောင်းအရာ။ ။သီရိလင်္ကာနိုင်ငံ၌ ဘိက္ခုနီ ပြုခဲ့သည်ဆိုသော မသစ္စဝါဒီထံမှပေးပို့သော လျှောက်ထားစာနှင့်စပ်လျဉ်း၍ ဘိက္ခုနီ ရှိသင့်/မရှိသင့် စာတမ်းပြုစုပေးရန်ကိစ္စ။

၁။ သီရိလင်္ကာနိုင်ငံ၌ ဘိက္ခုနီ ပြုခဲ့သည်ဆိုသော မသစ္စဝါဒီအထံမှ ပေးပို့လျှောက်ထားသည့်ကိစ္စကို ပဌမအကြိမ် နိုင်ငံတော် သံဃမဟာ

နာယကအဖွဲ့ ၄၇-ပါးစုံညီ အဋ္ဌမအစည်းအဝေးသို့ တင်ပြခဲ့ရာ ယင်းအစည်းအဝေးက ဖော်ပြပါအတိုင်း ဆုံးဖြတ်ခဲ့ပါသည်ဘုရား။

## ဆုံးဖြတ်ချက်

"ဘိက္ခုနီ ရှိသင့်/မရှိသင့် စာတမ်းပြုစုရေးအတွက် အကျိုးတော်ဆောင် ချုပ် မကွေး ဆရာတော်ကြီး ဘဒ္ဒန္တကုမာရ (အဘိဓဇမဟာရဋ္ဌဂုရု, အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက) ဦးဆောင်သော အဖွဲ့အား တာဝန် ပေးရေး အပ်နှံလျှောက်ထားရန်"

၂။ ထိုသို့ ဘိက္ခုနီ ရှိသင့်/မရှိသင့် စာတမ်းပြုစုရာ၌ ဖော်ပြလတ္တံ့ပါ ဆရာတော်များပါဝင်သော စာတမ်းပြုစုရေးအဖွဲ့ကို ဖွဲ့စည်းပေးရန် (၉. ၆. ၂၀၀၃) နေ့ ကျင်းပသော တာဝန်ကျ (တတိယအဖွဲ့ခွဲ)၏ တတိယ အကြိမ် ပထမအစည်းအဝေး၌ အကျိုးတော်ဆောင်ဆရာတော်ကြီးမှ မိန့်ကြားခဲ့ရာ မိန့်ကြားသည့် အတိုင်း ဖွဲ့စည်းပေးရန် ဆုံးဖြတ်ခဲ့ပါသည် ဘုရား။

## ဘိက္ခုနီ ရှိသင့်/မရှိသင့် စာတမ်းပြုစုရေးအဖွဲ့

(က) ဘဒ္ဒန္တကုမာရ၊
(အကျိုးတော်ဆောင်ဆရာတော်)၊
(အဘိဓဇမဟာရဋ္ဌဂုရု, အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက)၊
မဟာဝိသုတာရာမတိုက်သစ်၊ မကွေးမြို့၊ မကွေးတိုင်း။

(ခ) ဘဒ္ဒန္တဝိစာရ၊ (အဂ္ဂမဟာပဏ္ဍိတ)၊
မဟာဝိသုတာရာမတိုက်၊ ပခုက္ကူမြို့၊ မကွေးတိုင်း။

နိဒါန်း

(ဂ) ဘဒ္ဒန္တသုမင်္ဂလာလင်္ကာရ၊
(Ph.D., အဂ္ဂမဟာပဏ္ဍိတ, တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက)၊
တိပိဋကမဟာဂန္ထာရုံကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊
ရန်ကုန်တိုင်း။

၃။ သို့ဖြစ်ပါ၍ ပဥ္စမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇-ပါးစုံညီ အဋ္ဌမအစည်းအဝေး ဆုံးဖြတ်ချက်နှင့်အညီ ဘိက္ခုနီ ရှိသင့်/ မရှိသင့် စာတမ်းပြုစုပေးပါရန် ဖွဲ့စည်းတာဝန်ပေးအပ်၍ လျှောက်ထား အပ်ပါသည်ဘုရား။

**(ဘဒ္ဒန္တသြဘာသဘိဝံသ)**
**အဂ္ဂမဟာပဏ္ဍိတ**
**တွဲဘက်အကျိုးဆောင်ဆရာတော်**

<u>ဖြန့်ဝေခြင်း</u>

အဖွဲ့ဝင်ဆရာတော်များအားလုံး

မိတ္တူကို-

-သာသနာရေးဝန်ကြီးဌာန (ဝန်ကြီးရုံး)
-ညွှန်ကြားရေးမှူးချုပ် သာသနာရေးဦးစီးဌာန
-ညွှန်ကြားရေးမှူးချုပ် သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန
-ရုံးလက်ခံ
-မျှောစာတွဲ

ယင်းဖွဲ့စည်း တာဝန်ပေးအပ် လျှောက်ထားချက်အရ အဖွဲ့ဝင် ဆရာတော်များသည် ထေရဝါဒပိဋကတ်တော်နှင့်အညီ "ယခုကာလ ဝယ် ထေရဝါဒဗုဒ္ဓသာသနာတော်၌ ဘိက္ခုနီ ရှိသင့်/မရှိသင့် စာတမ်း" ကို ပြုစု၍ ၁၃၆၅-ခုနှစ်၊ တော်သလင်းလပြည့်ကျော် (၇) ရက် (၁၇-၉-၂၀၀၃)နေ့၌ ကျင်းပသော ပဉ္စမအကြိမ် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့၏ တတိယအကြိမ် ဧကာဒသမအစည်းအဝေးသို့ တင်သွင်းခဲ့ရာ ယင်းအစည်းအဝေးက ပဉ္စမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇-ပါးစုံညီ နဝမအစည်းအဝေးသို့ တင်ပြရန်ဟု ဆုံးဖြတ်၍ ၁၃၆၅-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၇) (၈) ရက်၊ တနင်္ဂနွေနေ့၌ ကျင်းပသော ပဉ္စအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇-ပါးစုံညီ နဝမ အစည်းအဝေးသို့ တင်ပြခဲ့ရာ ယင်းအစည်းအဝေးက စိစစ်ဆွေးနွေး ကြပြီးလျှင်" ယခု ကာလဝယ် ထေရဝါဒဗုဒ္ဓသာသနာ၌ ဘိက္ခုနီ ရှိသင့်/ မရှိသင့် စာတမ်း"ကို အတည်ပြု ထုတ်ပြန်လိုက်သည်။

# ယခုကာလဝယ် ထေရဝါဒဗုဒ္ဓသာသနာတော်၌
# ဘိက္ခုနီ ရှိသင့် မရှိသင့်
# စာတမ်း

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

## ပရိသတ် ၄-ပါး

ဂင်္ဂါဝါဠု သဲစုမက ပွင့်တော်မူကြကုန်ပြီးသော သဗ္ဗညုဘုရားရှင်တိုင်းမှာပင် -

၁။ ဘိက္ခုပရိသတ်

၂။ ဘိက္ခုနီပရိသတ်

၃။ ဥပါသကပရိသတ်

၄။ ဥပါသိကာပရိသတ်-

ဟူ၍ ပရိသတ် ၄-ပါး ရှိကြစမြဲ ဖြစ်ပေသည်။

ထိုပရိသတ် ၄-ပါးတို့သည် ဂေါတမဘုရားရှင်မှ တပါးသော ဘုရားရှင်တို့အတွက် အချိန်ကာလအနည်းငယ် ကွာခြား၍ ဖြစ်ပေါ်လာကြပေလိမ့်မည်။

ဂေါတမရှင်တော်မြတ်ဘုရားအတွက်မှာမူ မဟာသက္ကရာဇ် (၁၀၃) ခုနှစ်၊ ကဆုန်လပြည့်နေ့ ဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် ဝါဆိုလပြည့်နေ့၌ ဓမ္မစက္ကပ္ပဝတ္တနသုတ်ကို ဟောတော်မူရာ ဒေသနာတော်အဆုံး၌ အရှင်ကောဏ္ဍညထေရ် သောတာပတ္တိဖိုလ်၌ တည်၍

ပေဟိဘိက္ခုရဟန်းအဖြစ်သို့ ရောက်တော်မူသည်မှစ၍ ဘိက္ခုပရိသတ် စတင်ပေါ်ပေါက်ခဲ့လေသည်။ (ဝိ။ မဟာဝဂ္ဂ-၁၇။)

ဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် ၄၉-ရက်မြောက်၌ ဥက္ကလ ဇနပုဒ်သား တပုဿ,ဘလ္လိက ကုန်သည်ညီနောင်တို့ ဒွေဝါစိက သရဏဂုံ ဆောက်တည်၍ ဥပါသကအဖြစ် ခံယူကြရာ အခါမှစ၍ ဥပါသကပရိသတ် စတင်ပေါ်ပေါက်ခဲ့လေသည်။ (ဝိ။မဟာဝဂ္ဂ-၄-၅။)

မိဂဒါဝုန်၌ ဝါဆိုတော်မူစဉ် ပထမဝါတွင်းကာလဝယ် အရှင်ယသ၏ မယ်တော်နှင့် ဇနီးဟောင်းတို့ တေဝါစိက သရဏဂုံဆောက်တည်၍ ဥပါသိကာအဖြစ် ခံယူကြရာအခါမှစ၍ ဥပါသိကာပရိသတ် စတင် ပေါ်ပေါက်ခဲ့သည်။ (ဝိ။ မဟာဝဂ္ဂ-၂၅။)

ဘိက္ခုနီ ပရိသတ်ကား ဘုရားရှင် ငါးဝါမြောက် ဝေသာလီပြည်ဝယ် ဝါဆိုတော်မူရာအခါ၌ ပေါ်ပေါက်ခဲ့သည်။

## ဘိက္ခုနီပရိသတ်ပေါ်ပေါက်လာပုံ

ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်း တော်၌ ဘုရားရှင်သီတင်းသုံး တော်မူစဉ်အခါ မိထွေးတော်မဟာပဇာပတိ ဂေါတမီသည် ဘုရားရှင်ထံ မှောက်သို့ သွားရောက်ဦးချပြီးလျှင် "မြတ်စွာ ဘုရား---တပည့်တော်မ တောင်းပန်ပါ၏၊ မာတုဂါမသည် မြတ်စွာဘုရား ဟောကြားတော်မူ အပ်သော ဓမ္မဝိနယသာသနာတော်၌ ဝင်ရောက်၍ ရဟန်းမ ပြုခွင့်ကို ရပါစေဘုရား"ဟု လျှောက်ထားလေရာ မြတ်စွာဘုရား ရှင်က "ဂေါတမီ မသင့်၊ သင့်အား မာတုဂါမ၏ ငါဘုရားဟောကြားတော် မူအပ်သော ဓမ္မ ဝိနယသာသနာတော်၌ ဝင်ရောက်၍ ရဟန်းမပြုခွင့်ကို မနှစ်သက် ပါလင့်"ဟု ပယ်မြစ်တော်မူလေသည်။ မိထွေးတော်ဂေါတမီက သုံးကြိမ်

တိုင်အောင် လျှောက်ထားတောင်းပန်ရာ မြတ်စွာဘုရားရှင်က သုံးကြိမ်တိုင်အောင်ပင် ပယ်မြစ်တော်မူသောကြောင့် မိထွေးတော်ဂေါတမီသည် "မြတ်စွာဘုရားဟောကြားတော်မူအပ်သော ဓမ္မဝိနယသာသနာတော်၌ မာတုဂါမ၏ ရဟန်းမ ပြုခြင်းကို မြတ်စွာဘုရား ခွင့်ပြုတော်မမူပါတကား"ဟု တွေး၍ စိတ်မချမ်းမသာဖြစ်ကာ ငိုယိုလျက် ဘုရားရှင်ကို ရှိခိုးဦးချကာ ဖဲသွားခဲ့ရလေသည်။

## ဒုတိယအကြိမ် ရဟန်းမ အဖြစ်ခွင့်တောင်းခြင်း

ဘုရားရှင်သည် ကပိလဝတ်နေပြည်တော်၌ သီတင်းသုံးတော်မူသင့်သမျှကာလပတ်လုံး သီတင်းသုံးတော်မူပြီးလျှင် ဝေသာလီပြည်သို့ ကြွတော်မူ၍ ဝေသာလီပြည်အနီး မဟာဝုန်တောအတွင်း ကူဋာဂါရသာလာမည်သော ကျောင်းတော်၌ သီတင်းသုံးတော်မူလေသည်။

ထိုစဉ်အခါ မိထွေးတော်ဂေါတမီသည် ဆံပင်များကို ရိတ်ပယ်၍ ဖန်ရည်ဆိုးအဝတ်များကို ဝတ်ရုံပြီးလျှင် သာကီဝင် မင်းသမီး ငါးရာတို့ကိုလည်း မိမိအတူ ပြုလုပ်စေလျက် ကပိလဝတ်ပြည်မှ ဝေသာလီပြည်သို့ ခြေလျင်သာလျှင် သွားရောက်လေသည်။

ထိုသို့ မိထွေးတော်ဂေါတမီသည် သာကီဝင်မင်းသမီးငါးရာတို့နှင့် အတူတကွ ရဟန်းမ ပြုရန် ပြင်းထန်သောစိတ်ဇွဲဖြင့် ဆင်းရဲပင်ပန်းမှုကို ဂရုမထားဘဲ အားခဲ၍လာခဲ့ရာ ဝေသာလီပြည် မဟာဝုန်တော အတွင်း ကူဋာဂါရသာလာကျောင်းတော် တံခါးမုခ်ဝသို့ ဆိုက်ရောက် ခဲ့ကြလေပြီ။

ကပိလဝတ်ပြည်နှင့် ဝေသာလီပြည်ကား (၅၁)ယူဇနာ ဝေးကွာ၏၊ ဤမျှလောက် ဝေးကွာသောခရီးကို ဝေါယာဉ်မစီးဘဲ ဇွဲနပဲကြီးစွာ ခြေလျင် လာခဲ့ကြသော မိထွေးတော်ဂေါတမီနှင့် သာကီဝင်မင်းသမီးတို့၏ နူးနယ်

သော ခြေဖဝါးတို့မှာ ဖူးရောင်ပေါက်ကွဲ၍ သွေးသံရဲရဲဖြစ်ကြကာ ကိုယ်ကာယမှာလည်း ချွေးနှင့်ဖုံမြူတို့ အလိမ်းလိမ်း ကပ်ငြိပေကျံ၍ ရှုမကောင်း မြင်မကောင်း ဖြစ်ခဲ့ရလေသည်။

ဤမျှ ဆင်းရဲပင်ပန်းခံကာ လာခဲ့ရပါသော်လည်း ယခင်တစ်ကြိမ် တောင်းပန်စဉ်က သာသနာတော်ဝယ် မာတုဂါမတို့ ရဟန်းမ ပြုရေးကို ဘုရားရှင် ပယ်တော်မူဘူးသည်ကိုတွေး၍ စိတ်မအေးဖြစ်ကာ ကျောင်းတော်တွင်းသို့ မဝင်ဝံ့ကြသေးဘဲ မျက်ရည်ရွဲစို ငိုယိုကြလျက် တံခါးမုခ်၏ အပြင်ဘက်၌ပင် စုရုံးနေကြရှာလေသည်။

ထိုသို့ မိထွေးတော်ဂေါတမီနှင့် သာကီဝင်မင်းသမီး ငါးရာတို့ တံခါးမုခ် အပြင်ဘက်၌ စုရုံးနေကြသည်ကို အရှင်အာနန္ဒာထေရ်တွေ့မြင်၍ အကြောင်းကို မေးမြန်းလေသော် "အိုအရှင်ဘုရား အာနန္ဒာ--- မာတုဂါမ များ သာသနာတော်သို့ ဝင်ရောက်၍ ရဟန်းမ ပြုခွင့်ရရန် ဘုရားရှင်အံ့ထံ တောင်းပန်လျှောက်ထားခဲ့သော်လည်း ဘုရားရှင် ခွင့်ပြုတော်မမူသည့် အတွက် ယခုတဖန် ထပ်မံ၍ တောင်းပန်လျှောက် ထားရပါက ခွင့်ပြုတော် မူတန်ကောင်း၏ဟု ရည်ရွယ်မျှော်မှန်း၍ အပင်ပန်းခံကာ လာခဲ့ကြပါ သည်။ သို့ပါသော်လည်း မာတုဂါမများ သာသနာတော်ဝယ် ရဟန်းမ ပြုရေးကို ရှင်တော်မြတ်ဘုရားက ထပ်မံ၍ ပယ်မြစ်တော်မူလေဦးမလားဟု စဉ်းစား ကြံတွေး စိတ်မအေးသဖြင့် ငိုကြွေး နေကြရ ပါသည်ဘုရား"ဟု လျှောက်ထားလေရာ အရှင်အာနန္ဒာ မထေရ်က "မိထွေးတော်ဂေါတမီ- --မာတုဂါမများ ဘုရားရှင့် သာသနာတော်၌ ရဟန်းမ ပြုခွင့်ရရေးကို ဘုရားရှင့်ထံ လျှောက်ထား တောင်းပန်ပေးမည်၊ ခေတ္တမျှ ဤနေရာမှာပင် စောင့်ဆိုင်း နေပါဦး"ဟု ပြောဆိုပြီးလျှင် ဘုရားရှင့်ထံတော်မှောက်သို့ သွားရောက်ဦးချကာ "ရှင်တော်မြတ်ဘုရား--- မိထွေးတော် မဟာပဇာပတိ ဂေါတမီသည် မာတုဂါမများ ဘုရားရှင့်သာသနာတော်၌ ရဟန်းမ ပြုခွင့်

မရသည့် အတွက် ဖူးရောင်ပေါက်ကွဲသောခြေ, ညစ်ပေသောကိုယ်ဖြင့် ဆင်းရဲ ပင်ပန်း စိတ်မချမ်းမသာဖြစ်ကာ မျက်ရည်ရွှဲစို ငိုယိုလျက် တံခါးမုခ်၏ အပြင်ဘက်မှာ ရောက်ရှိနေပါသည်ဘုရား၊ ရှင်တော်မြတ်ဘုရား---ဘုရားတပည့်တော် တောင်းပန်ပါသည်၊ မြတ်စွာဘုရား သာသနာတော်၌ မာတုဂါမများ ရဟန်းမ ပြုခွင့်ရပါစေဘုရား" ဟု လျှောက်ထား တောင်းပန်လေရာ "အာနန္ဒာ---မာတုဂါမများ ငါဘုရား သာသနာတော်၌ ရဟန်းမ ပြုခြင်းကို သင်မနှစ်သက်လင့်"ဟု ပယ်မြစ်တော်မူလေသည်။

အရှင်အာနန္ဒက သုံးကြိမ်တိုင်အောင် လျှောက်ထားတောင်းပန်ရာ ဘုရားရှင်ကလည်း သုံးကြိမ်တိုင်အောင်ပင် ပယ်မြစ်တော်မူလေသည်။ ထိုသို့ သုံးကြိမ်တိုင်အောင် ပယ်မြစ်တော်မူသောအခါ၌ အရှင်အာနန္ဒာသည် "ငါသည် ပရိယာယ်တစ်မျိုးဖြင့် မြတ်စွာဘုရား သာသနာတော်၌ မာတုဂါမများ ရဟန်းမ ပြုရန်ခွင့်တောင်းရလျှင် ကောင်းမည်"ဟု စဉ်းစားမိသဖြင့် "ရှင်တော်မြတ်ဘုရား မာတုဂါမသည် ဘုရားရှင့် သာသနာတော်၌ ရဟန်းမ ပြု၍ သောတာပတ္တိဖိုလ်, သကဒါဂါမိဖိုလ်, အနာဂါမိဖိုလ်, အရဟတ္တဖိုလ်ကို မျက်မှောက်ပြုထိုက်ပါသလားဘုရား" ဟု လျှောက်ထားလေရာ ဘုရားရှင်က "အာနန္ဒာ---မာတုဂါမသည် ငါဘုရားသာသနာတော်၌ ရဟန်းမ ပြု၍ သောတာပတ္တိဖိုလ်, သကဒါဂါမိဖိုလ်, အနာဂါမိဖိုလ်, အရဟတ္တဖိုလ်ကို မျက်မှောက်ပြု ထိုက်၏"ဟု ဖြေတော်မူလေသည်။

ထိုအခါ အရှင်အာနန္ဒာသည် "မာတုဂါမသည် မြတ်စွာဘုရား သာသနာတော်၌ ရဟန်းမ ပြု၍ သောတာပတ္တိဖိုလ်, သကဒါဂါမိဖိုလ်, အနာဂါမိဖိုလ်, အရဟတ္တဖိုလ်ကို မျက်မှောက်ပြုထိုက်ပါလျှင် မိထွေးတော် မဟာပဇာပတိဂေါတမီသည် မြတ်စွာဘုရားအား များစွာ ကျေးဇူးပြုခဲ့သူ ဖြစ်ပါသည်၊ မြတ်စွာဘုရားမယ်တော်၏ ညီမတော်အရင်းလည်း ဖြစ်ပါ

သည်၊ မြတ်စွာဘုရားကို ကြီးပွားစေသူ, နို့ချိုတိုက်ကျွေး မွေးမြူခဲ့သူလည်း ဖြစ်ပါသည်၊ မြတ်စွာဘုရား၏ မယ်တော်ရင်း နတ်ရွာစံသည့်အခါ နို့ချိုတိုက်ကျွေးခဲ့ရပါသည်။ ရှင်တော်မြတ်ဘုရား ဘုရားတပည့်တော် တောင်းပန်ပါသည်၊ မိထွေးတော်ကြီးကို ငဲ့ညှာသော အားဖြင့် မာတုဂါမများ ဘုရားရှင့်သာသနာတော်၌ ရဟန်းမ ပြုရန် ခွင့်ပေးတော်မူပါဘုရား”ဟု လျှောက်ထားလေသည်။

ထိုအခါ ဘုရားရှင်က “အာနန္ဒာ---မဟာပဇာပတိဂေါတမီသည် ဂရုဓမ် (အလေးပြုထိုက်သော တရား) ရှစ်ပါးကို အကယ်၍ ဝန်ခံနိုင်လျှင် ထိုဂရုဓမ်ကို ဝန်ခံခြင်းသည်ပင် မဟာပဇာပတိဂေါတမီအတွက် မြင့်မြတ်သော ပဉ္စင်းခံခြင်းဖြစ်စေ (ရဟန်းမ ဖြစ်စေ)”ဟု ခွင့်ပြုတော် မူပြီးလျှင် ဂရုဓမ်ရှစ်ပါးကို ဟောကြားတော်မူလေသည်။

## ဂရုဓမ် (၈)ပါး

၁။ ဝါတစ်ရာရပြီးသော ဘိက္ခုနီသည် ထိုနေ့ ပဉ္စင်းဖြစ်သော ရဟန်းအား ရှိခိုးခြင်း, ခရီးဦးကြိုဆိုခြင်း, လက်အုပ်ချီခြင်း, အရိုအသေပြုခြင်းအမှုကို ပြုရမည်။ ဤတရားကိုလည်း ရိုသေလေးစား မြတ်နိုးပူဇော်၍ အသက်ထက်ဆုံး မလွန်ကျူးအပ်။

၂။ ဘိက္ခုနီသည် ရဟန်းယောကျ်ားမရှိသော ကျောင်း၌ ဝါဆိုမနေအပ်၊ ဤတရားကိုလည်း ရိုသေလေးစား မြတ်နိုးပူဇော်၍ အသက်ထက်ဆုံး မလွန်ကျူးအပ်။

၃။ ဘိက္ခုနီသည် လခွဲတိုင်း ဘိက္ခုသံဃာမှ ဥပုသ်ကို မေးမြန်းခြင်း, အဆုံးအမခံရန် ချဉ်းကပ်ခြင်း ဤတရားနှစ်ပါးကို တောင့်တရမည်၊

ဤတရားကိုလည်း ရိုသေလေးစား မြတ်နိုးပူဇော်၍ အသက်ထက်ဆုံး မလွန်ကျူးအပ်။

၄။ ဘိက္ခုနီသည် ဝါကျွတ်ပြီးလတ်သော် ဘိက္ခု, ဘိက္ခုနီ နှစ်ဖက်သော သံဃာ၌ မြင်ခြင်း, ကြားခြင်း, ယုံမှားခြင်းဟူသော သုံးဌာနတို့ဖြင့် ပဝါရဏာပြုရမည်၊ ဤတရားကိုလည်း ရိုသေလေးစား မြတ်နိုးပူဇော်၍ အသက်ထက်ဆုံး မလွန်ကျူးအပ်။

၅။ ဘိက္ခုနီသည် သံဃာဒိသေသ်အာပတ်ကို လွန်ကျူးသင့်ရောက်ခဲ့သော် နှစ်ဖက်သောသံဃာ၌ ပက္ခမာနတ်ကျင့်သုံးရမည်၊ ဤတရားကိုလည်း ရိုသေလေးစား မြတ်နိုးပူဇော်၍ အသက်ထက်ဆုံး မလွန်ကျူးအပ်။

၆။ နှစ်နှစ်ပတ်လုံး ခြောက်ပါးသောတရားတို့၌ ကျင့်သုံးပြီးသော သိက္ခာရှိသော သိက္ခမာန်အား နှစ်ဖက်သောသံဃာ၌ ပဉ္စင်းခံခြင်းကို ရှာမှီးရမည်၊ ဤတရားကိုလည်း ရိုသေလေးစား မြတ်နိုးပူဇော်၍ အသက်ထက်ဆုံး မလွန်ကျူးအပ်။

၇။ ဘိက္ခုနီသည် ရဟန်းယောကျ်ားကို တစ်စုံတစ်ခုသော အကြောင်းပရိယာယ်ဖြင့် မဆဲရေး, မရေရွတ်ရ၊ ဤတရားကိုလည်း ရိုသေ လေးစား မြတ်နိုးပူဇော်၍ အသက်ထက်ဆုံး မလွန်ကျူးအပ်။

၈။ ဤယနေ့ ဤအခါမှစ၍ ရဟန်းတို့အပေါ်၌ ရဟန်းမတို့၏ ပြောဆိုခွင့်ကို ပိတ်ပင်တားမြစ်အပ်၏၊ ရဟန်းမတို့အပေါ်၌ ရဟန်းတို့၏ ပြောဆိုခွင့်ကို မပိတ်ပင်အပ်၊ ဤတရားကိုလည်း ရိုသေလေးစား မြတ်နိုး ပူဇော်၍ အသက်ထက်ဆုံး မလွန်ကျူးအပ်။

အာနန္ဒာ--- မဟာပဇာပတိဂေါတမီသည် ဤဂရုဓမ်ရှစ်ပါးကို အကယ်၍ ဝန်ခံနိုင်ငြားအံ့၊ ထိုဝန်ခံခြင်းသည်ပင် မဟာပဇာပတိဂေါတမီ အတွက် ပဥ္စင်းခံခြင်း ဖြစ်စေ (ရဟန်းမ ဖြစ်စေ) ဟု မိန့်တော်မူလေသည်။ ထိုအခါအရှင်အာနန္ဒာသည် မြတ်စွာဘုရားအထံတော်မှ ဂရုဓမ် ရှစ်ပါးကို သင်ယူပြီးလျှင် မိထွေးတော်ဂေါတမီအထံသို့ သွားရောက်၍ "ဂရုဓမ်ရှစ်ပါးကို အကယ်၍ သင်ပန်ခံငြားအံ့၊ ထိုဝန်ခံ ခြင်းသည်ပင် သင့်အတွက် ပဥ္စင်းခံခြင်း ဖြစ်စေ (ရဟန်းမ ဖြစ်စေ)ဟု ပြန်ကြား၍ ဂရုဓမ် ရှစ်ပါးကို ဟောကြားလေသည်။

## မိထွေးတော်ဂေါတမီ
## မြင့်မြတ်သောရဟန်းမ အဖြစ်သို့ရောက်ခြင်း

ထိုအခါ မိထွေးတော်ဂေါတမီသည် လွန်စွာဝမ်းမြောက်လျက် "အရှင်ဘုရား အာနန္ဒာ---ဥပမာအားဖြင့် တန်ဆာဆင်ခြင်းသဘော ရှိသော ရေချိုး ခေါင်းလျှော်ပြီးသောမိန်းမပျို, ယောကျ်ားပျိုသည် ကြာပန်း, မိုးစွေပန်း (မြတ်လေးစပယ်ပန်း) စစ်ကြီးပန်းများကို ရခဲ့လျှင် လက်နှစ်ဖက် ဖြင့်ခံယူကာ ဦးခေါင်း၌ ပန်ဆင်သကဲ့သို့ ဤအတူပင် တပည့်တော်မသည် လည်း ဤဂရုဓမ်ရှစ်ပါးကို ခံယူပါ၏၊ အသက်ထက်ဆုံး မလွန်ကျူးပါ ဘုရား" ဟု လျှောက်ထားလေသည်။

ထိုသို့ မိထွေးတော်ဂေါတမီက ဝန်ခံလိုက်သောအခါ အရှင်အာနန္ဒာ သည် ဘုရားရှင်ထံမှောက်သို့ သွားရောက်ဦးချ၍ "ရှင်တော်မြတ်ဘုရား မဟာပဇာပတိဂေါတမီသည် ဂရုဓမ်ရှစ်ပါးကို ဝန်ခံလိုက်ပါပြီ၊ မြတ်စွာ ဘုရား၏ မိထွေးတော်သည် မြင့်မြတ်သော ရဟန်းမ အဖြစ်သို့ ရောက်ပါပြီ ဘုရား"ဟု လျှောက်ထားလေသည်။

## မာတုဂါမများ ရဟန်းမ ပြုခြင်းကြောင့် သာသနာတော် တည်ခြင်း မတည်ခြင်း

ထိုအခါ ဘုရားရှင်က "မာတုဂါမများ ဘုရားရှင့် သာသနာတော်၌ ရဟန်းမ ပြုခွင့်ကို အကယ်၍ မရခဲ့လျှင် မြတ်သောအကျင့်တည်းဟူ သော သာသနာတော်သည် ကြာမြင့်စွာ တည်ခဲ့လေရာ၏၊ သူတော်ကောင်း တရားတည်းဟူသော သာသနာတော်သည် နှစ်တစ်ထောင် တည်ခဲ့ လေရာ၏၊ အာနန္ဒာ---မာတုဂါမများ ဘုရားရှင့်သာသနာတော်၌ ရဟန်းမ ပြုခွင့်ရရာ ဤအခါ၌ မြတ်သောအကျင့် တည်းဟူသော သာသနာတော် သည် ကြာမြင့်စွာ တည်တော့မည်မဟုတ်၊ သူတော်ကောင်းတရား တည်းဟူသော သာသနာတော်သည် နှစ်ငါးရာသာ တည်နိုင်တော့လတ္တံ့။

အာနန္ဒာ---ဥပမာပြရလျှင် မိန်းမသာများ၍ ယောကျ်ားနည်းသော အမျိုး(အိမ်)တို့ကို အိုးမီးရောင်ဖြင့် ခိုးတတ်သော အညှံ့စား ခိုးသူတို့ သည်ပင် လွယ်ကူစွာ ဖျက်ဆီးနိုင်သကဲ့သို့ ဤအတူပင် မာတုဂါမများ ရဟန်းမ ပြုခွင့်ရရာ သာသနာတော်သည် ကြာမြင့်စွာ တည်နိုင်လိမ့်မည် မဟုတ်ချေ။

အာနန္ဒာ---ဥပမာနောက်တစ်မျိုးကား ကောင်းမွန်ပြည့်စုံသော လယ်၌ ဖလံဖြူရောဂါမျိုး ကျရောက်ခဲ့ငြားအံ့၊ ထိုလယ်ခင်းသည် ကြာမြင့် စွာ မတည်နိုင်သကဲ့သို့ ဤအတူပင် မာတုဂါမများ ရဟန်းမ ပြုခွင့်ရရာ သာသနာတော်သည် ကြာမြင့်စွာ တည်နိုင်တော့မည် မဟုတ်ချေ။

အာနန္ဒာ---ဥပမာနောက်တစ်မျိုးကား- ကောင်းမွန်ပြည့်စုံသော ကြံခင်း၌ အနီရောဂါမျိုး ကျရောက်ခဲ့ငြားအံ့၊ ထိုကြံခင်းသည် ကြာမြင့်စွာ မတည်နိုင်သကဲ့သို့ ဤအတူပင် မာတုဂါမများ ရဟန်းမ ပြုခွင့်ရရာ သာသနာတော်သည် ကြာမြင့်စွာ တည်နိုင်တော့မည် မဟုတ်ချေ။

ဘိက္ခုနီဝိနည်းစွယ်စာတမ်း

အာနန္ဒာ---ဥပမာပြရလျှင် ယောက်ျားသည် ကြီးစွာသော တစ်ဖက် ဆည်ကန်၏ ကန်ပေါင် ကန်ရိုးကို ရေမကျော်နိုင်အောင် စောစောကြိုတင်၍ ဖွဲ့ထားရာသကဲ့သို့ ဤအတူပင် ငါဘုရားသည် စောစော ကြိုတင်၍ ရဟန်းမများအတွက် ဂရုဓမ်ရှစ်ပါးတို့ကို ပညတ်ထားအပ်ကုန်ပြီ၊ အသက်ထက်ဆုံး မလွန်ကျူးအပ်ကုန်ဟု မိန့်တော်မူလေသည်။

(စူဠဝဂ္ဂပါဠိ ၄၄၂-မှ-၄၄၇)

ဘုရားရှင့်စကားတော်၏ ဆိုလိုရင်းအဓိပ္ပါယ်ကား- ရေကန်ကြီး တစ်ကန်၌ ကန်ပေါင် ကန်ရိုးဖွဲ့မထားလျှင် ရေများလျှံထွက်သွားသော ကြောင့် ရေအနည်းငယ်သာတည်ရာ၏၊ ကန်ပေါင် ကန်ရိုးဖွဲ့ထားလျှင် ကား ထိုလျှံထွက်သွားမည့်ရေများ မထွက်တော့ဘဲ တည်ထိုက်သော ရေအားလုံး တည်ဖွယ်ရှိသကဲ့သို့ ဤအတူပင် မာတုဂါမများ ရဟန်းမ ပြုလာသည့်အတွက် နဂိုက တည်ဖွယ်ရှိသော နှစ်တစ်ထောင်မှ ထက်ဝက် လျော့၍ ငါးရာသာ တည်တော့ရာ၏။ သို့သော် ဂရုဓမ်ကို ကြိုတင်ပညတ် ထားလိုက်သည့်အတွက် ငါးရာမလျော့တော့ဘဲ ပဌမ မိန့်တော်မူသည့် အတိုင်း နှစ်တစ်ထောင်ပင် တည်လိမ့်မည်ဟူလို။

(စူဠဝဂ္ဂ အဋ္ဌကထာ-၁၂၇)

## ဂေါတမီဥပသမ္ပဒ ရဟန်းမ အဖြစ် ခွင့်ပြုခြင်း

မိထွေးတော်မဟာပဇာပတိဂေါတမီသည် ဂရုဓမ်ကို ဝန်ခံခြင်းဖြင့် ရဟန်းမ ဖြစ်ပြီးနောက် သာကီဝင်မင်းသမီးငါးရာတို့ ရဟန်းမ အဖြစ် ရရှိရေးသီးခြားမိန့်တော် မမူသေးသောကြောင့် ဘုရားရှင်ထံ မှောက်

သွားရောက်ဦးချပြီးလျှင် "ရှင်တော်မြတ်ဘုရား--- ဘုရားတပည့်တော်မသည် ဤသာကီဝင်မင်းသမီးငါးရာတို့အပေါ်၌ မည်သို့မည်ပုံ ပြုကျင့်ရပါမည်နည်းဘုရား"ဟု လျှောက်ထားလေရာ---

ဘုရားရှင်သည် မိထွေးတော် မဟာပဇာပတိဂေါတမီ၏ လျှောက်ထားချက်ကို အကြောင်းပြု၍ ရဟန်းအပေါင်းကို စည်းဝေးစေပြီးလျှင်-

**"အနုဇာနာမိ ဘိက္ခဝေ ဘိက္ခုဟိ ဘိက္ခုနိယော ဥပသမ္ပာ-ဒေတုံ။"**

ဘိက္ခဝေ-ရဟန်းတို့၊ ဘိက္ခုဟိ-ရဟန်းယောကျ်ားတို့သည်၊ ဘိက္ခုနိယော-ရဟန်းမတို့ကို၊ ဥပသမ္ပာဒေတုံ-မြင့်မြတ်သော ရဟန်းမ အဖြစ်သို့ ရောက်စေခြင်းငှာ၊ (ဝါ) ရဟန်းခံပေးခြင်းငှာ၊ အနုဇာနာမိ-ငါဘုရား ခွင့်ပြုတော်မူ၏"ဟူသော ဥပဒေပညတ်တော်ဖြင့် မာတုဂါမတို့၏ ရဟန်းမ အဖြစ်ကို ခွင့်ပြုတော်မူလေသည်။

## သာကီဝင်မင်းသမီးငါးရာတို့ ဧတောဥပသမ္ပန္နရဟန်းမများ ဖြစ်ကြခြင်း

ထိုခွင့်ပြုချက် ဥပဒေပညတ်တော်ဖြင့် ရဟန်းတော်တို့သည် သာကီဝင်မင်းသမီးငါးရာတို့ကို မဟာပဇာပတိဂေါတမီကို ဥပဇ္ဈာယ်ပြု၍ ပဥ္စင်းခံပေးကြလေသည်၊ အားလုံးသော သာကီဝင်မင်းသမီးငါးရာတို့သည် တစ်ဖက်သော ဘိက္ခုသံဃာ၌သာ ရဟန်းမ အဖြစ်သို့ရောက်သော "ဧကတောဥပသမ္ပန္န" မည်သော ရဟန်းမများ ဖြစ်ကြလေသည်။

ထိုသာကီဝင်ရဟန်းမ ငါးရာတို့သည် မိထွေးတော်မဟာပဇာပတိဂေါတမီကို "အရှင်မသည် ရဟန်းမ မဖြစ်သေး၊ တပည့်တော်မတို့ သာ ရဟန်းမဖြစ်ကြသည်၊ အကြောင်းမှာ ရဟန်းယောကျ်ားတို့က ရဟန်းမ

တို့ကို ပဥ္စင်းခံပေးကြရမည်ဟု မြတ်စွာဘုရား ပညတ်တော် မူပါသည်”ဟု ပြောလာကြကုန်၏။ ထိုအကြောင်းကို မိထွေးတော် ဂေါတမီက အရှင်အာနန္ဒာကို လျှောက်၍ အရှင်အာနန္ဒာက မြတ်စွာဘုရားထံ လျှောက်ထားရာ ဘုရားရှင်က “အာနန္ဒာ--မဟာပဇာပတိဂေါတမီသည် ဂရုဓမ်ရှစ်ပါးကို ဝန်ခံသောနေ့ကပင်လျှင် မြင့်မြတ်သော ရဟန်းမ အဖြစ်သို့ ရောက်ခဲ့ပြီ”ဟု မိန့်တော်မူလေသည်။

မိထွေးတော်ဂေါတမီသည် ဂရုဓမ္မပဋိဂ္ဂဟဏူပသမ္ပဒါမည်သော ရဟန်းမ ဖြစ်လေသည်။

ထိုအခါမှစ၍ ဘိက္ခုနီပရိသတ် စတင်ပေါ်ပေါက်ခဲ့လေသည်။

(စူဠဝဂ္ဂပါဠိ-၄၄၇-၄၄၈)

## ရဟန်းမတို့အား ရဟန်းယောကျ်ားများနှင့်တန်းတူ အခွင့်အရေးပေးရန် မိထွေးတော်ဂေါတမီ ဆုတောင်းခြင်း

မဟာပဇာပတိဂေါတမီနှင့်တကွ သာကီဝင်မင်းသမီးငါးရာတို့ ရဟန်းမ အဖြစ်ကို ရရှိကြပြီးရာအခါ၌ မဟာပဇာပတိဂေါတမီသည် ရဟန်းယောကျ်ား, ရဟန်းမတို့ သီတင်းကြီးစဉ်အတိုင်း ရှိခိုးခြင်း, ခရီးဦးကြိုဆိုခြင်း, လက်အုပ်ချီခြင်း, အရိုအသေပြုခြင်းကို ခွင့်ပြုပါရန် ဆုကို ဘုရားရှင်အထံ တောင်းလိုပါသည်ဟု အရှင်အာနန္ဒာအထံ လျှောက်ထားရာ အရှင်အာနန္ဒာက မြတ်စွာဘုရားအထံ လျှောက်ထားလေသည်။

ထိုအခါ ဘုရားရှင်က “အာနန္ဒာ---မာတုဂါမကို ရှိခိုးခြင်း, ခရီးဦးကြိုဆိုခြင်း, လက်အုပ်ချီခြင်း, အရိုအသေပြုခြင်းကို ငါဘုရား ခွင့်ပြုရန် အကြောင်းမရှိ၊ အာနန္ဒာ---မကောင်းသဖြင့်ဟောအပ်သည့် တရားရှိကြ

သော သာသနာတော်မှတပါး တခြားဖြစ်ကြသည့်တိတ္ထိတို့သော်မှ မာတုဂါမကို ရှိခိုးခြင်း, ခရီးဦးကြိုဆိုခြင်း, လက်အုပ်ချီခြင်း, အရိုအသေ ပြုခြင်းကို မပြုကြကုန်တုံသေး၊ ငါဘုရားသည် အဘယ်အကြောင်းကြောင့် မာတုဂါမကို ရှိခိုးခြင်း, ခရီးဦးကြိုဆိုခြင်း, လက်အုပ်ချီခြင်း, အရိုအသေ ပြုခြင်းကို ခွင့်ပြုတော်မူလိမ့်မည်နည်း"ဟု မိန့်တော်မူပြီးလျှင်---

**" န ဘိက္ခဝေ မာတုဂါမဿ အဘိဝါဒနံ ပစ္စုဋ္ဌာနံ အဉ္ဇလိ-ကမ္မံ သာမီစိကမ္မံ ကာတဗ္ဗံ၊ ယော ကရေယျ၊ အာပတ္တိ ဒုက္ကဋဿ-** ရဟန်းတို့ မာတုဂါမကို ရှိခိုးခြင်း, ခရီးဦးကြိုဆိုခြင်း, လက်အုပ် ချီခြင်း, အရိုအသေပြုခြင်းကို မပြုအပ်၊ ပြုသောရဟန်းအား ဒုက္ကဋ်အာပတ် သင့်စေ"-

ဟု သိက္ခာပုဒ်ပညတ်တော်မူလေသည်။

(ဝိ-၄၊ ၄၄၈)

## မူလပညတ်လော? အနုပညတ်လော?

**"အနုဇာနာမိ ဘိက္ခဝေ ဘိက္ခူဟိ ဘိက္ခုနိယော ဥပသမ္ပါဒေတုံ"-**

ဟူသော ဤပညတ်တော်သည် မူလပညတ်လော? အနုပညတ် လော?ဟု မေးဖွယ်ရှိ၏။

**"အနုဇာနာမိ ဘိက္ခဝေ ဘိက္ခူဟိ ဘိက္ခုနိယော ဥပသမ္ပါဒေတုံ"-**

ဟူသော ဤပညတ်တော်သည်---

**ဒွေ ဝဿာနိ ဆသု ဓမ္မေသု သိက္ခိတသိက္ခာယ သိက္ခ-မာနာယ ဥဘတောသံဃေ ဥပသမ္ပဒါ ပရိယေသိတဗ္ဗာ၊ အယမ္ပိ ဓမ္မော သက္ကတွာ ဂရုကတွာ မာနေတွာ ပူဇေတွာ ယာဝဇီဝံ အနတိက္ကမနီယော”-**

ဟူသော ဆဋ္ဌဂရုဓမ္မပညတ်တော်ကို ထောက်၍ အနုပညတ်ဖြစ်သည်၊ ထို့ကြောင့် စူဠဝဂ္ဂအဋ္ဌကထာ ဘိက္ခုနီခန္ဓက စာမျက်နှာ-၁၂၈-၌ -

**“အနုဇာနာမိ ဘိက္ခဝေ ဘိက္ခူဟိ ဘိက္ခုနိယော ဥပသမ္ပာ-ဒေတုန္တိ ဣမာယ အနုပညတ္တိယာ ဘိက္ခူ ပဉ္စသတာ သာကိယာနိယော မဟာပဇာပတိယာ သဒ္ဓိဝိဟာရိနိယော ကတွာ ဥပသမ္ပါဒေသုံ၊ ဣတိ တာ သဗ္ဗာပိ ဧကတော ဥပသမ္ပန္နာ နာမ အဟေသုံ”** -

ဟု မိန့်တော်မူအပ်၏။

**အနက်။** ။ အနုဇာနာမိ ဘိက္ခဝေ ဘိက္ခူဟိ ဘိက္ခုနိယော ဥပသမ္ပါဒေတုန္တိ -ဟူသော၊ ဣမာယ အနုပညတ္တိယာ- ဤ အနုပညတ်ဖြင့်၊ ဘိက္ခူ-ရဟန်းယောကျ်ားတို့သည်၊ ပဉ္စသတာ သာကိယာနိယော- ငါးရာသော သာကီဝင်မင်းသမီးတို့ကို၊ မဟာပဇာပတိယာ-မဟာပဇာ ပတိ(ဂေါတမီ)၏၊ သဒ္ဓိဝိဟာရိနိယော-ဥပဇ္ဈာယ်ယူအတူနေတပည့်မတို့ကို။ ကတွာ-ပြု၍၊ ဥပသမ္ပါဒေသုံ-မြင့်မြတ်သော ရဟန်းမ အဖြစ်သို့ ရောက်စေကြကုန်ပြီ၊ (ဝါ) ပဉ္စင်းခံ ပေးကြကုန်ပြီ၊ ဣတိ-ဤသို့၊ တာသဗ္ဗာပိ-ထို အလုံးစုံသော ငါးရာသော သာကီဝင်မင်းသမီးတို့သည်လည်း၊ ဧကတော-ဥပသမ္ပန္နာနာမ-ဘိက္ခုသံဃာတစ်ဖက်၌သာ မြင့်မြတ်သောရဟန်းမ အဖြစ်သို့ ရောက်ကုန် သော ရဟန်းမတို့ မည်သည်၊ အဟေသုံ-ဖြစ်ကုန်ပြီ။

ဤအဋ္ဌကထာပါဠ်၏ ဆိုလိုရင်းအဓိပ္ပါယ်ကား--

**"ဒွေ ဝဿာနိ ဆသု ဓမ္မေသု သိက္ခိတသိက္ခာယ (ပ) အနုတိဋ္ဌမနိယော"-**

ဟူသော ဥဘတောဥပသမ္ပန္နပညတ်သည် အနုပ္ပန္န ပညတ်ဖြစ်သည်။

**"အနုဇာနာမိ ဘိက္ခဝေ ဘိက္ခူဟိ ဘိက္ခုနိယော ဥပသမ္ပာ-ဒေတုံ"-**

ဟူသော ဧကတောဥပသမ္ပန္နပညတ်သည် အနုပညတ် ဖြစ်သည်။

**"အနုဇာနာမိ ဘိက္ခဝေ ဘိက္ခူဟိ ဘိက္ခုနိယော ဥပသမ္ပါဒေတုံ"-**

ဟူသော ဤအနုပညတ်ဖြင့် ရဟန်းယောကျ်ားတို့သည် သာကီဝင် မင်းသမီးငါးရာတို့ကို မဟာပဇာပတိ (ဂေါတမီ)၏ သဒ္ဓိဝိဟာရိနီ တပည့်မ များပြု၍ ပဥ္စင်းခံပေးကြသည်၊ ဤသို့ ထိုအားလုံးသော သာကီဝင်မင်းသမီး ငါးရာတို့သည် ဘိက္ခုသံဃာတစ်ဖက်၌သာ ရဟန်းမ ဖြစ်ကြသည့် ဧကတော ဥပသမ္ပန္နဘိက္ခုနီများ ဖြစ်ကြပြီ။

မြတ်စွာဘုရားသည် ဂရုဓမ်ရှစ်ပါးကို ပညတ်တော်မူရာ၌ ဆဋ္ဌဂရုဓမ် ဖြင့် ဥဘတောဥပသမ္ပန္နဘိက္ခုနီ အဖြစ်ကို ကြိုတင်၍ ခွင့်ပြုပညတ်ပြီး ဖြစ်သော်လည်း သာကီဝင်မင်းသမီးငါးရာတို့ ရဟန်းမ ပြုရာအခါ၌ ဘိက္ခုနီ သံဃာမပေါ်ပေါက်သေးသောကြောင့် ဤဘိက္ခုဧကတော ဥပသမ္ပန္န ဘိက္ခုနီအဖြစ်ကို အနုပညတ်အဖြစ်ဖြင့် ခွင့်ပြုပညတ်တော် မူသည်ဟု ဆိုလိုသည်။

ပါစိတျာဒိယောဇနာ (စာမျက်နှာ-၅၃၇) ၌လည်း-

**"ဣမာယ အနုပညတ္တိယာတိ မဟာပဇာပတိယာ အဋ္ဌဂရု-ဓမ္မပဋိဂ္ဂဟဏူပသမ္ပဒံ ဥပနိဓာယ အယံ ပညတ္တိ အနု-ပညတ္တိ နာမ၊ တာယ အနုပညတ္တိယာ ဥပသမ္ပာဒေတုန္တိ အတ္ထော"-**

ဟု အနုပညတ္တိယာပါဌ်ကို ပါဌ်မှန်ဟု အတည်ပြု၍ ဘိက္ခုဧကတော ဥပသမ္ပန္နပညတ်တော်သည် အနုပညတ်တော်ဖြစ်သည်ဟု ဖွင့်ပြတော်မူသည်။

## ဋီကာဝါဒ

သာရတ္ထဒီပနီဋီကာ (တတိယအုပ်စာမျက်နှာ-၄၄၄) ၌ **"အနုညတ္တိယာတိ အနုညာယ"**ဟူ၍လည်းကောင်း,

ဝဇိရဗုဒ္ဓိဋီကာ (စာမျက်နှာ-၅၃၇) ၌---

**"အနုညာတ္တိယာတိ ပါဌော၊ အနုပညတ္တိယာတိ န သုန္ဒရံ"**ဟူ၍ လည်းကောင်း ဖွင့်ပြတော် မူကြသည်။

ထို့ကြောင့် ဝဇိရဗုဒ္ဓိဋီကာဆရာ၏လက်ထက်၌---

**"အနုညာတ္တိယာ, အနုပညတ္တိယာ"**ဟု ပါဌ်နှစ်မျိုးရှိကြောင်း သိရသည်။ ထိုပါဌ်နှစ်မျိုးတို့တွင် အနုညာတ္တိယာသာ ပါဌ်မှန်ဖြစ်၍ အနုပညတ္တိယာကား ပါဌ်မှားဟု ဝဇိရဗုဒ္ဓိ ဋီကာဆရာ ဆိုလိုသည်။

သာရတ္ထဒီပနီဋီကာ၌ကား မူကွဲကို မပြဘဲ အနုညတ္တိယာပါဌ်ကိုသာ ဖွင့်ပြသည်။

ယင်းသို့ပင် ဋီကာဆရာတို့ ဖွင့်ပြကြသော်လည်း ပဥ္စမသင်္ဂါယနာ, ဆဋ္ဌသင်္ဂါယနာတို့၌ မူကွဲရှိပုံကို မပြဘဲ "အနုပညတ္တိယာ" ဟူသော ပါဌ်ကိုသာ အတည်ပြု၍ သင်္ဂါယနာတင်တော်မူခဲ့ကြခြင်းကြောင့် ဋီကာဆရာတို့၏စကားကိုစဉ်းစားသင့်ပါသည်။ (အထူးသတိပြုတော်မူကြရန်)။

ဤပဥ္စမ, ဆဋ္ဌသင်္ဂါယနာမူ အဋ္ဌကထာပါဌ်အရ ဆဋ္ဌဂရုဓမ္မဖြင့် ပညတ်အပ်သော ဥဘတောဥပသမ္ပန္နပညတ်သည် အနုပ္ပန္နပညတ်,

သာကီဝင် မင်းသမီးတို့အတွက် ဘိက္ခုဧကတောဥပသမ္ပန္နပညတ်သည် အနုပညတ် ဖြစ်သည်။

ဤအနုပညတ်ဖြင့် ရဟန်းယောက်ျားတို့က သာကီဝင်မင်းသမီးငါးရာတို့ကို ရဟန်းခံပေးပြီးနောက်၌ သာကီဝင်မင်းသမီးငါးရာတို့မှတပါး ဘိက္ခုဧကတောဥပသမ္ပန္နဘိက္ခုနီဟူ၍ မရှိတော့ပြီ။

ရဟန်းမ ပြုလိုသော မာတုဂါမများကို ဂရုဓမ်ရှစ်ပါးကို ပညတ်တော်မူစဉ်ကပင် ကြိုတင် ပညတ်တော်မူအပ်သည့်---

**"ဒွေ ဝဿာနိ ဆသု ဓမ္မေသု သိက္ခိတသိက္ခာယ သိက္ခမာနာယ ဥဘတောသံဃေ ဥပသမ္ပဒါ ပရိယေသိတဗ္ဗာ"-**

ဟူသော ပညတ်တော်အရ ဥဘတောဥပသမ္ပန္နဘိက္ခုနီကိုသာ ပြုပေးတော်မူကြလေသည်။

ထိုသို့ ဥဘတောဥပသမ္ပန္နဘိက္ခုနီပြုပေးရာ၌ ပဗ္ဗဇ္ဇဒေါသတို့ကို ပြည့်စုံအောင် မေးမြန်းမှုမပြုဘဲ ရဟန်းခံပေးခြင်းစသော အကြောင်းဝတ္ထုများကြောင့်---

**"အနုဇာနာမိ ဘိက္ခဝေ ဥပသမ္ပာဒေန္တိယာ စတုဝီသတိ အန္တရာယိကေ ဓမ္မေ ပုစ္ဆိတုံ"-**

ဟု ပညတ်တော်မူသည်။

**အနက်။** ။ ဘိက္ခဝေ-ရဟန်းတို့၊ ဥပသမ္ပာဒေန္တိယာ-မြင့်မြတ်သော ရဟန်းမ အဖြစ်သို့ ရောက်စေသော ဘိက္ခုနီမသည်၊ (ဝါ) ပဥ္စင်းခံပေးသော ဘိက္ခုနီမသည်၊ စတုဝီသတိ-နှစ်ဆယ့်လေးပါးသော၊ အန္တရာယိကေ-အန္တရာယ်ကို ပြုတတ်ကုန်သော၊ ဓမ္မေ-သဘောတရားတို့ကို၊ ပုစ္ဆိတုံ-မေးခြင်းငှာ၊ အနုဇာနာမိ-ခွင့်ပြုတော်မူ၏။

ထိုသို့ ခွင့်ပြုတော်မူသောအခါ ရဟန်းယောက်ျားတို့က ရဟန်းမတို့၏ အန္တရာယ်တို့ကို မေးစိစစ်ကြ၍ ပဥ္စင်းလောင်းမများ ကြောက်ရွံ့ရှက်နိုးသဖြင့် မဖြေဝံ့ရှိကြသောကြောင့်---

**"အနုဇာနာမိ ဘိက္ခဝေ ဧကတောဥပသမ္ပန္နာယ ဘိက္ခုနိ-သံဃေ ဝိသုဒ္ဓါယ ဘိက္ခုသံဃေ ဥပသမ္ပါဒေတုံ"**-အစရှိသော ဥဘတော ဥပသမ္ပန္နဘိက္ခုနီပြုပုံအစီအရင် "ဥပသမ္ပဒါဝိဓိ" ကို ဟောတော် မူလေသည်။ (နောက်၌ အကျယ်လာလတ္တံ့။)

(ဝိ-၄၊ ၄၆၃)

## ဝါဒန္တရ

သာရတ္ထဒီပနီဋီကာ, ဝဇိရဗုဒ္ဓိဋီကာတို့၌ ပြအပ်သော အနုညာတ္တိယာ ဟူသောပါဠ်ကို ပါဠ်မှန်ဟု ယူဆသော ဆရာတို့ကမူ ဆဋ္ဌဂရုဓမ္မကို ပညတ်ဟု မယူဘဲ **အနုဇာနာမိ ဘိက္ခဝေ ဘိက္ခုဟိ"** စသော ပညတ်တော်ကို ဧကတောဥပသမ္ပန္န ပထမပညတ်, **"အနုဇာနာမိ ဘိက္ခဝေ ဧကတော ဥပသမ္ပန္နာယ"**စသော ပညတ်တော်ကို ဥဘတောဥပသမ္ပန္န ဒုတိယ ပညတ်ဟု ယူဆကြသည်။

ထိုသို့ ယူဆ ရာ၌လည်း ဧကတောဥပသမ္ပန္န ပဌမပညတ်ကို ပညတ်တော်မူပြီးနောက် အချို့ပုဂ္ဂိုလ်တို့က ဥဘတောဥပသမ္ပန္နဒုတိယ ပညတ်ကို ပညတ်တော်မမူမီ ကာလ၌ ဘိက္ခုသံဃာတစ်ဖက်၌သာ ပဥ္စင်း ခံပေးသော ဘိက္ခုဧကတောဥပသမ္ပန္နဘိက္ခုနီများ ရှိခဲ့သည်ဟူ၍ လည်းကောင်း, အချို့ပုဂ္ဂိုလ်တို့ကမူ ဘိက္ခုဧကတောဥပသမ္ပန္န ပညတ်သည် သာကီဝင် မင်းသမီးငါးရာတို့အတွက် သက်သက် ပညတ်တော်မူသော ပညတ်တော် ဖြစ်ခြင်းကြောင့် သာကီဝင်မင်းသမီးငါးရာနှင့် ရဟန်း ယောကျ်ားအဖြစ်မှ လိင်ပြန်သော ဘိက္ခုနီတို့မှတပါး ဘိက္ခုဧကတော ဥပသမ္ပန္နဘိက္ခုနီ မရှိဟူ၍လည်းကောင်း, အယူအဆကွဲ ပြားကြသည်။

ထိုဝါဒနှစ်မျိုးတို့တွင် ဒုတိယဝါဒသည်သာ-

**"ဘိက္ခုနံ သန္တိကေ ဥပသမ္ပန္နာ နာမ ပဥ္စသတာ သာကိယာနိယော"**။

(ဝိ-၄-၂၂၄၂)

**"ဘိက္ခုနံ သန္တိကေ ဥပသမ္ပန္နာနာမ ပရိဝတ္တလိင်္ဂါ ဝါ ပဥ္စသတာ သာကိယာနိယော ဝါ"**

(သာရတ္ထ-တတိယအုပ်-၄၃၊ ဝိမတိ ဒုတိယ-၂၁)

**"တတ္ထ ယာတာ မဟာပဇာပတိဂေါတမိယာ သဒ္ဓိံ နိက္ခန္တာ ပဥ္စသတာ သာကိယာနိယော၊ တာ ဧကတောဥပသမ္ပန္နာ ဘိက္ခုသံဃတောဧဝ လဒ္ဓူပသမ္ပဒတ္တာ"**-

(သာရတ္ထ၊ တတိယအုပ်၊ ၁၁၁၊ ၁၁၂)

ဟူသော အဋ္ဌကထာ, ဋီကာတို့နှင့် ညီညွတ်သောကြောင့် ယုတ္တိတရ ဖြစ်ပေသည်။

အချို့ပုဂ္ဂိုလ်တို့က-

**"တေန ခေါ ပန သမယေန ဥပသမ္ပန္နာယော ဒိဿန္တိ အနိမိတ္တာပိ (ပ) အနုဇာနာမိ ဘိက္ခဝေ ဥပသမ္ပာဒေန္တိယာ စတုဝီသတိ အန္တရာယိကေ ဓမ္မေ ပုစ္ဆိတုံ"**

အစရှိသော စူဠဝဂ္ဂပါဠိ၊ တတိယဘာဏဝါရ စကားရပ်တို့ကို ထောက်ဆ၍-

**"အနုဇာနာမိ ဘိက္ခဝေ ဧကတောဥပသမ္ပန္နာယ ဘိက္ခုနိသံဃေ ဝိသုဒ္ဓါယ ဘိက္ခုသံဃေ ဥပသမ္ပာဒေတုံ"**-

ဟူသော ဒုတိယပညတ်ကို မပညတ်မီ ဘိက္ခုသံဃာသက်သက်ဖြင့် ဘိက္ခုဧကတော ဥပသမ္ပန္နဘိက္ခုနီမ ပြုခဲ့ကြသည်ဟု ဆိုကြသည်။

ထိုသို့ပင် ဆိုကြသော်လည်း **"ဥပသမ္ပာဒေန္တိယာ"**ဟူသော ဣတ္ထိလိင် ကတ္တားပုဒ်ဖြင့်ပင် ဘိက္ခုသံဃာသက်သက်ဖြင့် ဘိက္ခုနီ ပြုပေးသည် မဟုတ်သည်ကို သိနိုင်၏။ ထို **"အနုဇာနာမိ ဘိက္ခဝေ ဥပသမ္ပာ ဒေန္တိယာ"**စသော ပါဠ်ိဝယ် **"ဥပသမ္ပာဒေန္တိယာ"**ကို စံကျောင်းမူ စူဠဝါနိဿယ ၂၂၃-၌ ပဉ္စင်းခံသော ပဉ္စင်းလောင်းဘိက္ခုနီအားဟူ၍ လည်းကောင်း၊ စူဠဝဂ္ဂပါဠိတော်မြန်မာပြန် ၄၆၃-၌ ပဉ္စင်းလောင်းမအား ဟူ၍လည်းကောင်း သမ္ပဒါန်အနက်ပြန်ဆိုကြသော်လည်း ထို**"ဥပသမ္ပာ ဒေန္တိယာ"**ပုဒ်ကို **"အနုဇာနာမိ ဘိက္ခဝေ ဥပသမ္ပာဒေန္တေန တေရသ အန္တရာယိကေ ဓမ္မေ ပုစ္ဆိတုံ"**ဟူသော(ဝိနယမဟာဝဂ္ဂ ပါဠိ-၁၃၀)ဖြင့်ပင် သမ္ပဒါန်မဟုတ် ကတ္တားပုဒ်ဖြစ်သည်ကို သိနိုင်၏၊ စူဠဝါ ဘာသာဋီကာ နှာ-၇၁၃-၌ ထို**"ဥပသမ္ပာဒေန္တိယာ"**ပုဒ်ကို **"မြင့်မြတ်သော ရဟန်း အဖြစ်သို့ ရောက်စေသော ဘိက္ခုနီသည်"**ဟု အနက် ပြန်ထားပါ သည်။

ထိုဥပသမ္ပာဒေန္တိယာဟူသော ဣတ္ထိလိင်ကတ္တားပုဒ်၏အရသည် ပဉ္စင်းလောင်းမဟုတ်၊ မေးစိစစ်မည့် ရဟန်းမသာဖြစ်သည်၊ ထို့ကြောင့် ထိုပါဠိတော်ပါဠ်မျာသည် ဘိက္ခုသံဃာက ဧကတော ဥပသမ္ပန္နဘိက္ခုနီ ပြုပေးပုံကိုပြသော ပါဠိတော်မဟုတ်၊ ဥဘတော ဥပသမ္ပန္နဘိက္ခုနီ ပြုပုံ အစီအရင်ကိုပြသော ပါဠိတော်များသာ ဖြစ်သည် ဟု သံသယကင်းရှင်းစွာ မှတ်ယူသင့်ပေသည်။ (နောက်၌ အကျယ် လာလတ္တံ့။)

## ဥဘတောဥပသမ္ပန္နရဟန်းမအဖြစ်
## ခွင့်ပြုတော်မူပြီးဖြစ်ခြင်း

ဘုရားရှင်ကိုယ်တော်မြတ်သည် ဘိက္ခုနီသံဃာ့အဖွဲ့အစည်းကို တည်ထောင်တော်မူရာဝယ် ဥဘတောဥပသမ္ပန္နဘိက္ခုနီသံဃာဖြင့်သာ တည်ထောင်တော်မူရန် ဆန္ဒရှိတော်မူခဲ့သည်၊ ထို့ကြောင့်ပင် မာတုဂါမကို သာသနာတော်၌ ရဟန်းမ ပြုရန် ခွင့်ပြုတော်မူမည့်အခါ အကြောင်း ဝတ္ထုမပေါ်မီ ကြိုတင်ပညတ်တော်မူအပ်သော ဂရုဓမ်ရှစ်ပါးတို့တွင်--

**ဒွေ ဝဿာနိ ဆသု ဓမ္မေသု သိက္ခိတသိက္ခာယ သိက္ခမာနာယ ဥဘတောသံဃေ ဥပသမ္ပဒါ ပရိယေသိတဗ္ဗာ၊ အယမ္ပိ ဓမ္မော သက္ကတွာ ဂရုကတွာ မာနေတွာ ပူဇေတွာ ယာဝဇီဝံ အနတိက္ကမနီယော-**

ဟူသော ဆဋ္ဌဂရုဓမ်ကို ထည့်သွင်းပညတ်တော် မူခဲ့သည်။ ဤဆဋ္ဌဂရုဓမ် ပညတ်တော်ဖြင့်ပင် ဥဘတောဥပသမ္ပန္နရဟန်းမ အဖြစ်ကို ခွင့်ပြုတော် မူပြီးဖြစ်ပေသည်။

**အနက်။** ။ ဒွေဝဿာနိ-နှစ်နှစ်တို့ပတ်လုံး၊ ဆသုဓမ္မေသု-ခြောက်ပါးသောတရားတို့၌၊ သိက္ခိတသိက္ခာယ - ကျင့်သုံးအပ်ပြီးသော သိက္ခာရှိသော၊ (ဝါ) သိက္ခာကို ကျင့်သုံးပြီးသော။ သိက္ခမာနာယ-သိက္ခမာန်အား၊ ဥဘတောသံဃေ-ဘိက္ခု, ဘိက္ခုနီ နှစ်ဖက်သောသံဃာ၌၊ ဥပသမ္ပဒါ-မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်စေခြင်းကို၊ (ဝါ) ပဥ္စင်းခံခြင်းကို၊ ပရိယေသိတဗ္ဗာ-ရှာမှီးအပ်၏၊ အယမ္ပိဓမ္မော-ဤတရားကိုလည်း၊ သက္ကတွာ-အရိုအသေပြု၍၊ ဂရုကတွာ-အလေးအမြတ်ပြု၍၊ မာနေတွာ-မြတ်နိုး၍၊ ပူဇေတွာ- ပူဇော်၍၊ ယာဝဇီဝံ-အသက်ထက်ဆုံး၊ အနတိက္ကမနီယော- မလွန်ကျူးအပ်။

**အဓိပ္ပါယ်ကား။** ။ ဘိက္ခုနီမသည် နှစ်နှစ်ပတ်လုံး ခြောက်ပါးသော တရားတို့၌ ကျင့်သုံးအပ်ပြီးသော သိက္ခာရှိသော သိက္ခမာန်အား ဘိက္ခု, ဘိက္ခုနီ နှစ်ဖက်သောသံဃာ၌ ပဉ္စင်းခံခြင်းကို ရှာမှီးရမည်၊ ဤတရားကိုလည်း ရိုသေလေးစား မြတ်နိုးကော်ရော် ပူဇော်၍ အသက်ထက်ဆုံး မလွန်ကျူးအပ်ဟူလို။

(ဝိ-၂-၇၅။ ဝိ-၄-၄၄၄။ အံ-၃-၁၀၄။)

ဤဂရုဓမ်ကို ပညတ်တော်မူရာအခါ၌ ဘိက္ခုနီမ လုံးဝမရှိသေး၊ ယင်းသို့ ဘိက္ခုနီမ လုံးဝမရှိသေးပါဘဲလျက် **"ဥဘတောသံဃေ ဥပသမ္ပဒါ ပရိယေသိတဗ္ဗာ-ဘိက္ခု, ဘိက္ခုနီ နှစ်ဖက်သော သံဃာ၌ ပဉ္စင်းခံခြင်းကို ရှာမှီးရမည်"**ဟု ပညတ်တော်မူသော ဘုရားရှင်၏ ဆန္ဒတော်မှာ နောင်အခါ ရဟန်းမ ပြုလိုကြသော မာတုဂါမများကို ဥဘတောဥပသမ္ပန္န ဘိက္ခုနီမသာ ပြုစေလိုသည်၏ အဖြစ်သည် လွန်စွာ ထင်ရှားလေသည်။ ယင်းသို့ ဥဘတောဥပသမ္ပန္န ဘိက္ခုနီသာ ပြုစေလို သော်လည်း သာကီဝင်မင်းသမီးငါးရာတို့ ရဟန်းမ ပြုရာအခါ၌ ဘိက္ခုနီ သံဃာမပေါ်ပေါက်သေးသောကြောင့်သာ ဘိက္ခုဧကတောဥပသမ္ပန္န ဘိက္ခုနီကို ခွင့်ပြုတော်မူခဲ့ခြင်းဖြစ်သည်။

ယင်းသို့ ဆဋ္ဌဂရုဓမ်၌ ဘိက္ခုနီ၏ ဥပသမ္ပဒါကို ဥဘတော သံဃာ၌ ရှာရမည်ဟူသော ဘုရားရှင်၏အမိန့်တော် ထင်ရှားရှိသောကြောင့် လည်းကောင်း,

ဘိက္ခုဧကတောဥပသမ္ပန္နဘိက္ခုနီကို ဖွင့်ပြရာ၌ ပါရာဇိကကဏ္ဍ အဋ္ဌကထာ ဒုတိယအုပ် စာမျက်နှာ-၂၄၂-၌ ---

**ဘိက္ခုနံ သန္တိကေ ဥပသမ္ပန္နာ၊ နာမ ပဉ္စသတာ သာကိယာနိယော-**

ဟူ၍လည်းကောင်း,

သာရတ္ထဒီပနီဋီကာ တတိယ အုပ်-စာမျက်နှာ-၄၃-နှင့် ဝိမတိဋီကာ-ဒုတိယအုပ်-စာမျက်နှာ-၂၁-တို့၌ -

**"ဘိက္ခုနံ သန္တိကေ ဥပသမ္ပန္နာ နာမ ပရိဝတ္တလိင်္ဂါ ဝါ, ပဉ္စသတသာကိနိယာနိယော ဝါ"-**

ဟူ၍လည်းကောင်း,

သာရတ္ထဒီပနီဋီကာ တတိယအုပ် စာမျက်နှာ-၁၁၁-၁၁၂-တို့၌-

**"တတ္ထ ယာ တာ မဟာပဇာပတိဂေါတမိယာ သဒ္ဓိံ နိက္ခန္တာ ပဉ္စသတာ သာကိယာနိယော၊ တာ ဧကတောဥပသမ္ပန္နာ ဘိက္ခုသံယတော ဧဝ လဒ္ဓူပသမ္ပဒတ္တာ-**

ဟူ၍လည်းကောင်း, သာကီဝင်မင်းသမီး ရဟန်းမငါးရာတို့နှင့် ရဟန်းယောကျာ်းအဖြစ်မှ လိင်ပြန်လာသော ရဟန်းမတို့ကိုသာ ဖွင့်ပြတော်မူကြသောကြောင့် လည်းကောင်း, ထိုသာကီဝင်မင်းသမီး ရဟန်းမငါးရာနှင့် လိင်ပြန်လာသော ရဟန်းမများမှ အပ ဘိက္ခုဧကတောဥပသမ္ပန္နဘိက္ခုနီ မရှိနိုင်သည်မှာ လွန်စွာထင်ရှားလှပေသည်။

## ပါဠိတော်ချင်း ယှဉ်တွဲစဉ်းစားသင့်

စူဠဝဂ္ဂပါဠိတော် ဘိက္ခုနိက္ခန္ဓက တတိယဘာဏဝါရ၌ ဘိက္ခုနီပြုပုံအစီအစဉ်များကို ကြည့်၍ ဘိက္ခုနီသာသနာ အစပိုင်း၌ ဘိက္ခုဧကတောဥပသမ္ပန္နဘိက္ခုနီများ ရှိခဲ့သည်။ နောက်ပိုင်းရောက်မှ ဥဘတောဥပသမ္ပန္နဘိက္ခုနီကို ခွင့်ပြုသည်ဟု ထင်မှတ်ဖွယ်ရာ ရှိသော်လည်း

ယင်းတတိယဘာဏဝါရလာ စကားတော်များကို မဟာဝါပါဠိတော် မဟာခန္ဓကလာ အမျိုးသားများ ရဟန်းပြုပုံနှင့် တွဲယှဉ်ကာ စဉ်းစားလျှင် ပိုမို၍ အသိရှင်းပါမည်။

အမျိုးသားများ၏ ရဟန်းပြုပုံကို ပြရာ မဟာဝါပါဠိတော်ဝယ် ရှေးဦးစွာ (စာမျက်နှာ-၇၀၊၇၁-တို့၌) ရာဓရဟန်းပြုစဉ်က ဉတ္တိစတုတ္ထ ကမ္မဝါစာဖြင့် ရဟန်းပြုပုံကိုသာ ပြဆို၍ ဥပသမ္ပဒါဝိဓိကို ပြရာ (စာမျက်နှာ-၁၃၀၊ ၁၃၁၊)ရောက်မှ နူနာ, အဖုနာ, အိုင်းအမာနာ, ခယရုဂ်ချောင်းဆိုနာ, အရူးနာ-ဟူသော အနာကြီးရောဂါရှိသော ရဟန်းများကို တွေ့မြင်ကြရသဖြင့် ဘုရားရှင်အား လျှောက်ထားကြရာ ဘုရားရှင်က-

**"အနုဇာနာမိ ဘိက္ခဝေ ဥပသမ္ပါဒေန္တေန တေရသ အန္တရာယိကေ ဓမ္မေ ပုစ္ဆိတုံ"**

ရဟန်းတို့. မြင့်မြတ်သောရဟန်း အဖြစ်သို့ ရောက်စေသော ဆရာရဟန်းသည် (ပဥ္စင်းခံပေးသော ရဟန်းသည်) တစ်ဆယ့်သုံးပါး ကုန်သော အန္တရာယ်ကိုပြုတတ်ကုန်သော အပြစ်တို့ကို မေးစိစစ် ခြင်းငှာ ခွင့်ပြုတော်မူ၏"ဟု အစချီကာ ပုစ္ဆာကိစ္စများ, ဩဝါဒပေးပုံစသည် များနှင့်တကွ စုံလင်စွာထပ်မံ၍ ရဟန်းပြုပုံအစီအစဉ်ကို ဟောကြား တော်မူသကဲ့သို့ ဂရုဓမ်ရှစ်ပါးလာ ဆဌဂရုဓမ်ဖြင့်ပင် ဥဘတော ဥပသမ္ပန္နဘိက္ခုနီ အဖြစ်ကို ခွင့်ပြုတော်မူခဲ့၍ စူဠဝါပါဠိတော် ဘိက္ခုနိက္ခန္ဓက တတိယဘာဏဝါရ (စာမျက်နှာ-၄၄၄၊ ၄၄၆-တို့၌) နိမိတ်လုံးဝမရှိသော ဘိက္ခုနီများ, နိမိတ်အရာမျှသာရှိသော ဘိက္ခုနီများ, ရာသီသွေး လုံးဝမရှိသော ဘိက္ခုနီများ, အမြဲရာသီသွေး ရှိနေသော ဘိက္ခုနီများ စသော အပြစ်ရှိသော ဘိက္ခုနီများကို တွေ့မြင်ကြရသဖြင့် ဘုရားရှင်အား လျှောက်ထားကြရာ ဘုရားရှင်က-

**"အနုဇာနာမိ ဘိက္ခဝေ ဥပသမ္ပန္နာယ စတုဝီသတိ အန္တရာယိကေ ဓမ္မေ ပုစ္ဆိတုံ"**

ရဟန်းတို့ မြင့်မြတ်သော ရဟန်းမ အဖြစ်သို့ ရောက်စေသော ဘိက္ခုနီသည် (ရဟန်းခံပေးသော ဘိက္ခုနီသည်)နှစ်ဆယ့်လေးပါးသော အန္တရာယ်ကို ပြုတတ်ကုန်သော အပြစ်တို့ကို မေးစိစစ်ခြင်းငှာ ခွင့်ပြု တော်မူ၏"ဟု အစချီကာ ရဟန်းလောင်းအမျိုးသမီးကို ဆရာဖြစ်သော ဘိက္ခုနီက မေးစိစစ်ပုံကို ဟောပြတော်မူပါသည်။

ဘိက္ခုနီများက ရဟန်းပြုပေးပြီး၍ ဧကတောဥပသမ္ပန္န (ဘိက္ခုနီ ဘက်၌ ရဟန်းအဖြစ်သို့ ရောက်ပြီးသော) ဘိက္ခုနီကို ရဟန်းတော်များက ဥဘတောဥပသမ္ပန္နအဖြစ်ရောက်အောင် ရဟန်းပြုပေး ခါနီးဝယ် ဘိက္ခုနီတို့၏ အန္တရာယ်ကို ပြုတတ်သော အပြစ်တို့ကို မေးစိစစ်ကြရာ ရဟန်းလောင်းအမျိုးသမီးများ မျက်နှာမသာမယာ ရှိကြသဖြင့် ဘုရားရှင်အား လျှောက်ထားကြရာ ဘုရားရှင်က-

**"အနုဇာနာမိ ဘိက္ခဝေ ဧကတောဥပသမ္ပန္နာယ ဘိက္ခုနီသံဃေ ဝိသုဒ္ဓါယ ဘိက္ခုသံဃေ ဥပသမ္ပာဒေတုံ-**

ရဟန်းတို့ ဘိက္ခုနီ ဖက်၌ ရဟန်းအဖြစ်သို့ ရောက်ပြီးသော ဘိက္ခုနီသံဃာ၌ စစ်ဆေးပြီး၍ စင်ကြယ်ပြီးသော ရဟန်းလောင်းကို ဘိက္ခုသံဃာ၌ ရဟန်းပြုပေးရန် ခွင့်ပြုတော်မူ၏"ဟု မိန့်တော်မူပါသည်။

ဤအမိန့်တော်ကို အစပြု၍ အမျိုးသမီးများ ဥဘတောဥပသမ္ပန္န ရဟန်းပြုပုံ အစီအစဉ်ကို အပြည့်အစုံ ပြထားပါသည်။

အမျိုးသား ရဟန်းများ၏ ရဟန်းပြုပုံ ဥပသမ္ပဒါကို ပြဆိုရာဝယ် ပဌမအရှင်ရာဓ ရဟန်းပြုရာ၌ ဉတ္တိစတုတ္ထ ကမ္မဝါစာမျှ ကိုသာ ပြဆို၍

နောင်အခါ အနာကြီးရောဂါရှိသူ ရဟန်းများကို တွေ့မြင်ကြရမှု အကြောင်းပြု၍ အန္တရာယ် ပြုတတ်သော အပြစ်များကို မေးစိစစ်ရန် အစချီကာ ရဟန်းပြုပုံအစီအစဉ်ကို အကျယ် အပြည့်အစုံ ပြဆိုသကဲ့သို့ မဟာပဇာပတိဂေါတမီ ရဟန်းပြုစဉ်က ပညတ်တော် မူခဲ့သော ဂရုဓမ် ရှစ်ပါးတွင် ပါဝင်သော ဆဋ္ဌဂရုဓမ်ဖြင့် ဥဘတော ဥပသမ္ပန္န ရဟန်း အဖြစ်ကို ခွင့်ပြုတော်မူ၍ နောင်အခါ နိမိတ်လုံးဝ မရှိသော ဘိက္ခုနီများ စသောအပြစ်ရှိသော ဘိက္ခုနီများကို တွေ့မြင်ရမှု အကြောင်းပြု၍ အန္တရာယ်ကို ပြုတတ်သောအပြစ်များကို မေးစိစစ်ရန် အစချီကာ ဥဘတောဥပသမ္ပန္န ရဟန်းပြုပုံအစီအစဉ်ကို အကျယ် အပြည့်အစုံ ပြဆိုခြင်းဖြစ်ပေသည်။

ဤသို့ မဟာဝါပါဠိတော်လာ အမျိုးသား ရဟန်းများ၏ ရဟန်းပြုပုံနှင့် တွဲယှဉ်ကာ လေ့လာပါလျှင် အဋ္ဌကထာ, ဋီကာကြီးများ ဖွင့်ပြထားသည့်အတိုင်း သာကီဝင်မင်းသမီး ဘိက္ခုနီ ငါးရာနှင့် ရဟန်းယောကျ်ား အဖြစ်မှ လိင်ပြန်သွားသော ဘိက္ခုနီ များမှအပ အခြားသော ဧကတော-ဥပသမ္ပန္န ဘိက္ခုနီမ မရှိကြောင်းကို သံသယ ကင်းရှင်းစွာ လက်ခံနိုင်ကြပါမည်။

## ဥဘတော ဥပသမ္ပန္နဘိက္ခုနီ ပြုလုပ်ပုံ

ဥဘတောဥပသမ္ပန္နဘိက္ခုနီ ပြုလုပ်ပုံအစီအစဉ်မှာ သိမ်အပြင်၌ ဘိက္ခုနီသံဃာအား စည်းဝေးစေ၍ ရဟန်းမ အလောင်းအလျာကို ဥပဇ္ဈာယ် ပြုထိုက်သော ရဟန်းမအထံ ဥပဇ္ဈာယ်ယူစေခြင်း, သပိတ် သင်္ကန်း ပြောပြခြင်း, ဘိက္ခုနီသံဃာ့ဘောင်မှ အပြင်သို့ထုတ်၍ အန္တရာယိကဓမ္မ တို့ကို သွန်သင်ခြင်း, ဘိက္ခုနီသံဃာ့ဘောင်သို့ ပြန်သွင်း၍ ဘိက္ခုနီ အဖြစ်ကို တောင်းပန်စေခြင်း, အန္တရာယိကဓမ္မတို့ကို မေးစိစစ်

ခြင်းများ ကို ပြုလုပ်ပြီးလျှင် ဘိက္ခုနီသံဃာက ဥတ္တိစတုတ္ထကမ္မဝါစာဖြင့် ရဟန်း ခံပေးရသည်၊ ဤသို့ ဘိက္ခုနီသံဃာက ဥတ္တိစတုတ္ထကမ္မဝါစာဖြင့် ရဟန်း ခံပေးပုံကို (စူဠဝဂ္ဂပါဠိ ၄၆၃-မှ ၄၆၆ အထိ) အပြည့်အစုံ ဟောကြားတော်မူပါသည်။

ထိုဘိက္ခုနီသံဃာ့အထံဝယ် ပဥ္စင်းခံပြီးရာနေ့၌ပင် တစ်ဖက်သော ဘိက္ခုနီသံဃာ၌ ပဥ္စင်းခံပြီးသော ထိုဧကတောဥပသမ္ပန္နဘိက္ခုနီ ကို ခေါ်၍ ဘိက္ခုသံဃာအထံသို့ သွားရောက်ရှိခိုးစေပြီးလျှင် " အရှင်တို့ဘုရား- ဤမည်သော တပည့်တော်မသည် ဤအမည်ရှိသော အရှင်မ၏ ပဥ္စင်းမ အဖြစ်ကို ရှင့်သူပါတည်း၊ ဘိက္ခုနီသံဃာ၌ အန္တရာယိကဓမ္မ တို့မှ စင်ကြယ်သည်ဖြစ်၍ တစ်ဖက်သောဘိက္ခုနီသံဃာ၌ မြင့်မြတ်သော ရဟန်းမအဖြစ်သို့ ရောက်ခဲ့ပါပြီ၊ အရှင်တို့ဘုရား---သံဃာတော် ကို မြင့်မြတ်သောရဟန်းမ အဖြစ်ကို တောင်းပန်ပါ၏၊ အရှင်တို့ဘုရား- သံဃာတော်သည် တပည့်တော်မကို သနားစောင့်ရှောက် ချီးမြှောက် သောအားဖြင့် ရဟန်းမအဖြစ်သို့ ထုတ်ဆောင်တော်မူပါဘုရား"ဟု သုံးကြိမ်တောင်းပန်စေရမည်၊ ထိုတောင်းပန်သည့်အတိုင်း ဘိက္ခုသံဃာ တော်က ဥတ္တိစတုတ္ထကမ္မဝါစာဖြင့် ထပ်မံ ရဟန်းခံပေးရမည်၊ ရဟန်းခံ ပေးပြီးသည်၏ အခြားမဲ့၌ ရဟန်းမဖြစ်ရာ ခုနှစ်, ဥတု, ပက္ခ, နေ့ရက်, အချိန် စသည်ပြောကြား၍ နိဿယသုံးပါးနှင့် အကရဏီယ ရှစ်ပါးတို့ကို ပြောကြားရန် ဘိက္ခုနီသံဃာ့အထံ လွှဲအပ်ရသည်။ ထိုသို့ ဘိက္ခုသံဃာ၌ ထပ်မံ၍ ရဟန်းခံပေးပုံ အကျယ်ကို စူဠဝဂ္ဂပါဠိ၌ (၄၆၆-မှ၄၆၇-အထိ) အကျယ်ဟောတော်မူသည်။

ဤကားဥဘတော ဥပသမ္ပန္နဘိက္ခုနီ ပြုပုံအစီအစဉ် အကျဉ်းချုပ် တည်း။

(စူဠဝဂ္ဂပါဠိတော်-၄၅၀-၄၆၇)

သာကီဝင်မင်းသမီးငါးရာတို့ ရဟန်းမ ပြုပြီးရာအခါမှစ၍ မာတုဂါမ များ ရဟန်းပြုလုပ်လိုကြလျှင် ဤဥဘတောဥပသမ္ပန္နအစီအရင်အတိုင်း ရှေးဦးစွာ ဘိက္ခုနီသံဃာ၌ ဉတ္တိစတုတ္ထကမ္မဝါစာဖြင့် ရဟန်းခံပြီးမှသာ ဘိက္ခုသံဃာ၌ ဉတ္တိစတုတ္ထကမ္မဝါစာဖြင့် ထပ်မံ၍ ရဟန်းခံရိုးအစဉ်အလာ လမ်းရိုးလမ်းဟောင်းကြီး ထင်ရှားစွာ တည်ရှိခဲ့လေသည်။

## ဘိက္ခုနီအပြား

ဤသို့ မာတုဂါမများ ဘုရားရှင့်သာသနာတော်သို့ ဝင်ရောက်၍ ရဟန်းမ ပြုလုပ်ရန် ဘုရားရှင်ခွင့်ပြုတော်မူသော အခါမှစ၍ သာသနာ တော်၌ ဖြစ်ထွန်းပေါ်ပေါက်လာသော အားလုံးသော ဘိက္ခုနီတို့သည်-

၁။ သတ္ထုလဒ္ဓူပသမ္ပဒါ = မြတ်စွာဘုရားအထံတော်မှ ပဥ္စင်းအဖြစ်ကို ရရှိသော ဘိက္ခုနီ။

၂။ သံဃတောလဒ္ဓူပသမ္ပဒါ= သံဃာတော်အထံမှ ပဥ္စင်းအဖြစ်ကို ရရှိသော ဘိက္ခုနီဟူ၍ နှစ်မျိုးနှစ်စား နှစ်ပါးအပြားရှိကုန်၏။

ထိုနှစ်မျိုးနှစ်စား နှစ်ပါးသော ဘိက္ခုနီ တို့တွင်---

၁။ ဂရုဓမ်ရှစ်ပါးကို ဝန်ခံခြင်းကြောင့် ပဥ္စင်းအဖြစ်ကို ရရှိသော မိထွေး တော်မဟာပဇာပတိဂေါတမီထေရီသည် မြတ်စွာဘုရားအထံတော် မှသာ ပဥ္စင်းအဖြစ်ကို ရရှိသောကြောင့် သတ္ထုလဒ္ဓူပသမ္ပဒါမည်၏။

၂။ မိထွေးတော်မဟာပဇာပတိဂေါတမီမှ ကြွင်းသော အားလုံးသော ဘိက္ခုနီတို့သည် သံဃာတော်အထံမှ ပဥ္စင်းအဖြစ်ကို ရရှိကြသော ကြောင့် သံဃတော လဒ္ဓူပသမ္ပဒါမည်ကုန်၏။

ထိုသံဃတော လဒ္ဓူပသမ္ပဒါဘိက္ခုနီ တို့သည်လည်း---

၁။ ဧကတော ဥပသမ္ပန္နာဘိက္ခုနီ။

၂။ ဥဘတောဥပသမ္ပန္နာဘိက္ခုနီ ဟူ၍ နှစ်မျိုးနှစ်စား နှစ်ပါး အပြား ရှိကုန်၏။

ထိုနှစ်မျိုးနှစ်စား နှစ်ပါးသော ဘိက္ခုနီ တို့တွင်---

၁။ မဟာပဇာပတိဂေါတမီထေရီနှင့် အတူတကွ ထွက်လာကြသော သာကီဝင်မင်းသမီးငါးရာတို့သည် ဘိက္ခုသံဃာတစ်ဖက်မှသာ ပဉ္စင်းအဖြစ်ကို ရရှိသောကြောင့် ဧကတောဥပသမ္ပန္နာဘိက္ခုနီ တို့မည်၏။

၂။ သာကီဝင်ဘိက္ခုနီငါးရာမှ တစ်ပါးသော ဘိက္ခုနီတို့သည် ဘိက္ခုသံဃာ, ဘိက္ခုနီသံဃာနှစ်ဖက်လုံးမှ ပဉ္စင်းအဖြစ်ကို ရရှိကြသောကြောင့် ဥဘတောဥပသမ္ပန္နာဘိက္ခုနီ တို့မည်၏။

ထို့ကြောင့် သာရတ္ထဒီပနီဋီကာ။ တတိယအုပ်၊ စာမျက်နှာ-၁၁၁-၁၁၂-တို့၌ ----

**"သင်္ဃာ ဘိက္ခုနိယော သင်္ဃလဒ္ဓူပသမ္ပဒါ, သံဃတော လဒ္ဓူပသမ္ပဒါတိ ဒုဝိဓာ။ ဂရုဓမ္မပဋိဂ္ဂဟဏေန ဟိ လဒ္ဓူပသမ္ပဒါ မဟာပဇာပတိဂေါတမီ သင်္ဃသန္တိကာဝ လဒ္ဓူပသမ္ပဒတ္တာ သင်္ဃလဒ္ဓူပသမ္ပဒါ နာမ၊ သေသာ သင်္ဃာပိ သံဃတော လဒ္ဓူပသမ္ပဒါ၊ တာပိ ဧကတော ဥပသမ္ပန္နာ, ဥဘတောဥပသမ္ပန္နာတိ ဒုဝိဓာ၊ တတ္ထ ယာ တာ မဟာပဇာပတိဂေါတမိယာ သဒ္ဓိံ နိက္ခန္တာ ပဉ္စသတာ သာကိယာနိယော၊ တာ ဧကတောဥပသမ္ပန္နာ ဘိက္ခုသံဃတော ဧဝ လဒ္ဓူပသမ္ပဒတ္တာ၊ ဣတရာ ဥဘတော ဥပသမ္ပန္နာ ဥဘတော သံဃေ ဥပသမ္ပန္နတ္တာ"-**

ဟု မိန့်တော်မူအပ်၏။

**အနက်**။ ။ သဗ္ဗာ-အလုံးစုံကုန်သော၊ ဘိက္ခုနိယော-ဘိက္ခုနီတို့သည်၊ သတ္ထုလဒ္ဓူပသမ္ပဒါစ-မြတ်စွာဘုရားအထံတော်မှ ရအပ်သောပဥ္စင်း အဖြစ်ရှိသော ဘိက္ခုနီလည်းကောင်း၊ (ဝါ) မြတ်စွာဘုရားအထံတော်မှ ပဥ္စင်းအဖြစ်ကို ရရှိသောဘိက္ခုနီ လည်းကောင်း၊ သံဃတော လဒ္ဓူပသမ္ပဒါစ-သံဃာတော်အထံမှ ရအပ်သော ပဥ္စင်းအဖြစ်ရှိသော ဘိက္ခုနီလည်းကောင်း၊ (ဝါ) သံဃာတော်အထံမှ ပဥ္စင်းအဖြစ်ကို ရရှိသော ဘိက္ခုနီလည်းကောင်း၊ ဣတိ-ဤသို့၊ ဒုဝိဓာ-နှစ်မျိုးနှစ်စား နှစ်ပါး အပြား ရှိကုန်၏။

ဟိ-ချဲ့ဦးအံ့၊ ဂရုဓမ္မပဋိဂ္ဂဟဏေန- ဂရုဓမ်ကို ဝန်ခံခြင်းကြောင့်၊ လဒ္ဓူပသမ္ပဒါ-ရအပ်သော ပဥ္စင်းအဖြစ်ရှိသော၊ (ဝါ) ပဥ္စင်းအဖြစ်ကို ရရှိသော၊ မဟာပဇာပတိဂေါတမီ- မဟာပဇာပတိဂေါတမီသည်၊ သတ္ထုသန္တိကာဝ-မြတ်စွာ ဘုရားအထံတော်မှသာလျှင်၊ လဒ္ဓူပ သမ္ပဒတ္တာ-ရအပ်သော ပဥ္စင်း အဖြစ်ရှိသည်၏အဖြစ်ကြောင့်၊ (ဝါ) ပဥ္စင်းအဖြစ်ကို ရရှိသောကြောင့်၊ သတ္ထုလဒ္ဓူပသမ္ပဒါနာမ-သတ္ထုလဒ္ဓူပ သမ္ပဒါမည်၏၊ သေသာ-မဟာပဇာပတိဂေါတမီမှ ကြွင်းကုန်သော၊ သဗ္ဗာပိ-အလုံးစုံလည်း ဖြစ်ကုန်သော ဘိက္ခုနီ တို့သည်၊ သံဃတော လဒ္ဓူပသမ္ပဒါ-သံဃာတော်အထံမှ ရအပ်သော ပဥ္စင်းအဖြစ်ရှိသောကြောင့် သံဃတော လဒ္ဓူပသမ္ပဒါတို့မည်၏။

တာပိ- ထိုသံဃာတော် အထံမှရအပ်သော ပဥ္စင်းအဖြစ်ရှိသော ဘိက္ခုနီတို့သည်လည်း၊ ဧကတောဥပသမ္ပန္နာ-ဘိက္ခုသံဃာတစ်ဖက် ၌သာ ပဥ္စင်းအဖြစ်သို့ ရောက်သော ဘိက္ခုနီတို့ လည်းကောင်း၊ ဥဘတောဥပသမ္ပန္နာ-ဘိက္ခုသံဃာ, ဘိက္ခုနီသံဃာနှစ်ဖက်လုံး၌ ပဥ္စင်းအဖြစ်သို့ ရောက်သော ဘိက္ခုနီတို့လည်းကောင်း၊ ဣတိ-ဤသို့၊ ဒုဝိဓာ-နှစ်မျိုး

နှစ်စား နှစ်ပါးအပြားရှိကုန်၏၊ တတ္ထ-ထိုနှစ်မျိုးနှစ်စား နှစ်ပါးတို့တွင်၊ မဟာပဇာပတိဂေါတမိယာ-နှင့်၊ သဒ္ဓိ-အတူတကွ၊ နိက္ခန္တာ-ထွက်လာကုန်သော၊ ယာ တာ ပဉ္စသတာ သာကိယာနိယော-အကြင် ငါးရာကုန်သော သာကီဝင် ရဟန်းမတို့သည်၊ သန္တိ-ရှိကုန်၏၊ တာ- ထိုမိထွေးတော်ဂေါတမီနှင့်အတူတကွ ထွက်လာကုန်သော ငါးရာကုန်သော သာကီဝင် ရဟန်းမတို့သည်၊ ဘိက္ခု သံဃတောဧဝ-ဘိက္ခု သံဃာတစ်ဖက်မှသာလျှင်၊ လဒ္ဓူပသမ္ပဒတ္တာ-ရအပ်သော ပဉ္စင်းအဖြစ်ရှိကုန်သည်၏အဖြစ်ကြောင့်၊ (ဝါ) ပဉ္စင်းအဖြစ်ကို ရကုန်သည်၏အဖြစ်ကြောင့်၊ ဧကတောဉပသမ္ပန္နာ-ဧကတော ဉပသမ္ပန္နာတို့မည်ကုန်၏၊ ဣတရာ- မိထွေးတော် မဟာပဇာပတိ ဂေါတမီနှင့် အတူတကွ ထွက်လာကြသော သာကီဝင်ရဟန်းမ ငါးရာမှ တပါးကုန်သော ဘိက္ခုနီတို့သည်၊ ဉဘတောသံဃေ-ဘိက္ခု, ဘိက္ခုနီ နှစ်ဖက်သောသံဃာ၌၊ ဉပသမ္ပန္နတ္တာ-ပဉ္စင်းဖြစ်ကုန်သည်၏ အဖြစ်ကြောင့်၊ ဉဘတောဉပသမ္ပန္နာ-ဉဘတောဉပသမ္ပန္နာတို့မည်၏။

## ဉပသမ္ပဒါ ၈-မျိုးကို ပြဆိုခြင်း

မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ခြင်းဟူသော ဉပသမ္ပဒါသည် ဧဟိဘိက္ခူပသမ္ပဒါ, သရဏဂမနူပသမ္ပဒါ, ဩဝါဒပဋိဂ္ဂဟဏူပသမ္ပဒါ, ပဉှဗျာကရဏူပသမ္ပဒါ, ဂရုဓမ္မပဋိဂ္ဂဟဏူပသမ္ပဒါ, ဒူတေနူပသမ္ပဒါ, အဋ္ဌဝါစိကူပသမ္ပဒါ, ဉတ္တိစတုတ္ထကမ္မူပသမ္ပဒါ-ဟူ၍ ရှစ်မျိုးရှိ၏၊ ထို့ကြောင့် ပါရာဇိကကဏ္ဍအဋ္ဌကထာ (ပဌမအုပ် စာမျက်နှာ ၂၀၆) ၌--

**"အယဉ္စ ဉပသမ္ပဒါ နာမ အဋ္ဌဝိဓာ ဧဟိဘိက္ခူပသမ္ပဒါ, သရဏဂမနူပသမ္ပဒါ, ဩဝါဒပဋိဂ္ဂဟဏူပသမ္ပဒါ, ပဉှဗျာကရဏူပသမ္ပဒါ, ဂရုဓမ္မပဋိဂ္ဂဟဏူပသမ္ပဒါ, ဒူတေနူပသမ္ပဒါ, အဋ္ဌဝါစိကူပသမ္ပဒါ, ဉတ္တိစတုတ္ထကမ္မူပသမ္ပဒါတိ"**-ဟူ၍ မိန့်တော်မူအပ်၏။

**အနက်**။ ။ ဟိ-ချဲ့ဦးအံ့၊ အယံဥပသမ္ပဒါနာမ-ဤမြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ခြင်းမည်သည်၊ ဧဟိဘိက္ခုပသမ္ပဒါစ-ဧဟိဘိက္ခု ဟူသော မြတ်စွာဘုရားစကားတော်ကြောင့် မြင့်မြတ်သော ရဟန်းအဖြစ် သို့ ရောက်ခြင်းလည်းကောင်း၊ သရဏာဂမနူပသမ္ပဒါစ-သရဏဂုံဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ခြင်းလည်းကောင်း၊ ဩဝါဒ ပဋိဂ္ဂဟဏူပသမ္ပဒါစ-ဩဝါဒကို ခံယူခြင်းကြောင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ခြင်းလည်းကောင်း၊ ပဉှာဗျာကရဏူပသမ္ပဒါ စ- ပြဿနာကိုဖြေဆိုခြင်းကြောင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက် ခြင်းလည်းကောင်း၊ ဂရုဓမ္မပဋိဂ္ဂဟဏူပသမ္ပဒါစ-ဂရုဓမ်ကို ဝန်ခံခြင်း ကြောင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ခြင်းလည်းကောင်း၊ ဒူတေနူပသမ္ပဒါစ-တမန်ဖြင့် ခွင့်ပြုအပ်သော မြင့်မြတ်သော ရဟန်း အဖြစ်သို့ ရောက်ခြင်းလည်းကောင်း၊ အဋ္ဌဝါစိကူပသမ္ပဒါစ-ကမ္မဝါစာ ရှစ်ကြိမ်ဖတ်ခြင်းရှိသော မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ခြင်း လည်းကောင်း၊ (ဝါ) ဥတ္တိစတုတ္ထကမ္မဝါစာ နှစ်ကြိမ်ဖတ်ခြင်း ရှိသော မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ခြင်းလည်းကောင်း၊ ဉ တ္တိစတုတ္ထ ကမ္မူပသမ္ပဒါစ-ဉတ်လျှင် လေးကြိမ်မြောက်ရှိသော ကမ္မဝါစာဖြင့် မြင့်မြတ် သော ရဟန်းအဖြစ်သို့ ရောက်ခြင်း လည်းကောင်း၊ ဣတိ-ဤသို့၊ အဋ္ဌဝိဓာ-ရှစ်ပါးအပြားရှိ၏။

ထိုဥပသမ္ပဒါရှစ်မျိုးတို့တွင် ---

၁။ ဧဟိဘိက္ခု ဟူသော မြတ်စွာဘုရားစကားတော်မျှဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ခြင်းသည် **ဧဟိဘိက္ခုပသမ္ပဒါ**မည်၏။

(ဝိ-ဋ ၁၊ ၂၀၅)

၂။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ-အစရှိသော နည်းဖြင့် သုံးကြိမ် နှုတ်မြွက် ရွတ်ဆိုအပ်သော သရဏဂုံသုံးပါးတို့ဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ခြင်းသည် **သရဏာဂမနူပသမ္ပဒါ** မည်၏။

(ဝိ-၄ ၊၁၊ ၂၀၆)

၃။ **တသ္မာတိဟ တေ ကဿပ ဧဝံ သိက္ခိတဗ္ဗံ တိဗ္ဗံ မေ ဟိရော-တ္တပ္ပံ ပစ္စုပဋ္ဌိတံ ဘဝိဿတိ ထေရေသု နဝေသု မဇ္ဈိမေ-သု စာတိ**-အစရှိသော ဩဝါဒကို ခံယူခြင်းကြောင့် အရှင်မဟာကဿပ အား ခွင့်ပြုအပ်သော မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ခြင်းသည် **ဩဝါဒပဋိဂ္ဂဟဏူပသမ္ပဒါ** မည်၏။

၄။ သောပါကသာမဏေအား ပြဿနာဖြေဆိုခြင်းကြောင့် ခွင့်ပြုအပ်သော မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ခြင်းသည် ပဉ္ဟာဗျာကရဏူပ သမ္ပဒါမည်၏။

အနည်းငယ်ချဲ့၍ပြဦးအံ့-

မြတ်စွာဘုရားသည် ပုဗ္ဗာရုံကျောင်းတော်၌ ဘုရားရှင်နောက်တော်မှ အတုလိုက်၍ စင်္ကြံလျှောက်သော သောပါကသာမဏေကို---"သောပါက ဥဒ္ဓုမာတကသညာနှင့် ရူပသညာ=ဤနှစ်မျိုးတို့သည် အထူးထူးသော အနက်အဓိပ္ပါယ်ရှိကုန်, အထူးထူးသော သဒ္ဒါရှိကုန် သလော၊ သို့မဟုတ် တစ်မျိုးတည်းသော အနက်အဓိပ္ပါယ်ရှိကုန်သည် ဖြစ်၍ သဒ္ဒါသာ ထူးကုန်သလော"ဟု ဆယ်ပါးသော အသုဘသညာ၌ မှီသော ပြဿနာတို့ကို မေးတော်မူသည်။

သောပါကသာမဏေသည် ထိုပြဿနာတို့ကို ဖြေဆိုလေရာ မြတ်စွာဘုရားသည် သောပါကသာမဏေအား ကောင်းချီးပေးတော်မူ၍ "သောပါက သင်အသက် ဘယ်နှစ်နှစ်ရှိပြီလဲ"ဟု မေးတော်မူ၏၊ "မြတ်စွာဘုရား တပည့်တော် အသက်ခုနစ်နှစ် ရှိပါပြီဘုရား"ဟု လျှောက်ထားလေသည်၊ "သောပါက သင်သည် ငါဘုရား၏ သဗ္ဗညုတ ဉာဏ်တော်နှင့် ဟက္ခ နှီးနှောတိုက်ဆိုင်၍ ပြဿနာတို့ကို ဖြေဆိုပေ၏" ဟု အားရကျေနပ်တော်မူသည်ဖြစ်၍ မြင့်မြတ်သော ရဟန်းအဖြစ်ကို ခွင့်ပြုတော်မူလေသည်။ ဤမြင့်မြတ်သော ရဟန်းအဖြစ်သည် **ပဥှဗျာကရဏူပ-သမ္ပဒါ** မည်၏။

(ဝိ-၄၊ ၁၊ ၂၀၇)

၅။ မိထွေးတော်ဂေါတမီအား ဂရုဓမ်ရှစ်ပါးကို ဝန်ခံခြင်းကြောင့် ခွင့်ပြုတော်မူအပ်သော မြင့်မြတ်သော ရဟန်းအဖြစ်သည် **ဂရုဓမ္မပဋိဂ္ဂဟဏူပသမ္ပဒါ** မည်၏။

(ဝိ-၄-၁ ၊ ၂၀၇)

၆။ အဍ္ဎကာသီပြည့်တန်ဆာမအား တမန်ဖြင့်ခွင့်ပြုတော်မူအပ်သော မြင့်မြတ်သော ရဟန်းအဖြစ်သည် **ဒူတေနူပသမ္ပဒါ** မည်၏။

အနည်းငယ်ချဲ့ပြဦးမည်-

ကာသိတိုင်း ဗာရာဏသီပြည်ဝယ် (ကာသိတိုင်း၏ တစ်နေ့အတွက် ရသော အခွန်ဘဏ္ဍာ၏ ထက်ဝက်ဖြစ်သော အသပြာငါးရာပေး၍ ပျော်ပါးရသောကြောင့်) အဍ္ဎကာသီအမည်ရှိသော ပြည့်တန်ဆာမသည် ဘိက္ခုနီတို့၌ ရှင်သာမဏေမ ပြုပြီးလျှင် မြတ်စွာဘုရားအထံတော်၌

ရဟန်းမ ပြုလိုသဖြင့် သာဝတ္ထိပြည်သို့ သွားရန် စီမံသည်ကို သေသောက်ကြူးသူ, မိန်းမကြူးသူ, လူဆိုးတို့ကြားသိကြ၍ လမ်းခရီး၌ ဖမ်းယူ၍ ပျော်ပါးကြမည်ဟု တိုင်ပင်ထကြွကြခြင်းကြောင့် သာဝတ္ထိသို့ မသွားဝံ့သဖြင့် မြတ်စွာဘုရားအထံ လျှောက်ထားစေရာ မြတ်စွာဘုရားက တမန်ဖြင့် ရဟန်းမ ပြုရန် ခွင့်ပြုတော်မူလေသည်။

ဤအဓမ္မကာသီအား တမန်ဖြင့် ခွင့်ပြုအပ်သော ရဟန်းအဖြစ်သည် **ဒူတေနူပသမ္ပဒါ** မည်၏။

(ဝိ-၄-၁၊ ၂၀၇၊ ဝိ-၄၊ ၄၇၁)

**မှတ်ချက်**---"ရှင်သာမဏေမ" ပြုပြီးလျှင်ဟုဆိုသော်လည်း ဉာတ်ကမ္မဝါစာ၌ **"ဣတ္ထန္နာမာ ဣတ္ထန္နာမာယ ဥပသမ္ပဒါပေက္ခာ ဧကတော ဥပသမ္ပန္နာ ဘိက္ခုနီသံဃေ ဝိသုဒ္ဓါ"**ဟု ဆိုသောကြောင့် တစ်ဖက်သော ဘိက္ခုနီသံဃာ၌ ဧကတောဥပသမ္ပန္နာဖြစ်ပြီးပြီဟု သိရသည်။

၇။ ဘိက္ခုနီမ၏ ဘိက္ခုနီသံဃာမှ ဉတ္တိစတုတ္ထကမ္မဝါစာတစ်ကြိမ်, ဘိက္ခုသံဃာမှ ဉတ္တိစတုတ္ထကမ္မဝါစာတစ်ကြိမ် ဤသို့ ကမ္မဝါစာ ရှစ်ကြိမ် ရွတ်ဖတ်ခြင်းဖြင့် မြင့်မြတ်သောရဟန်းမိန်းမအဖြစ်သို့ ရောက်ခြင်းသည် အဋ္ဌဝါစိကူပသမ္ပဒါမည်၏။

(ဝိ-၄-၁၊ ၂၀၇)

၈။ ယခုကာလ ရဟန်းတော်တို့၏ ဉတ္တိစတုတ္ထကမ္မဝါစာဖြင့် မြင့်မြတ်သောရဟန်းအဖြစ်သို့ရောက်ခြင်းသည် **ဉတ္တိစတုတ္ထကမ္မူပသမ္ပဒါ** မည်၏။

(ဝိ-၄-၁၊ ၂၀၇)

ဤဥပသမ္ပဒါရှစ်မျိုးကို သမန္တပါသာဒိကာဝိနယအဋ္ဌကထာ၊ စူဠဝဂ်ဝဏ္ဏနာ (စာမျက်နှာ ၃၁၆) ၌လည်း ပြဆိုသည်။

ထိုအဋ္ဌကထာ၌---

**“တာသံ ဥတ္တိစတုတ္ထကမ္မူပသမ္ပဒါ, ဒူတေနူပသမ္ပဒါ အဋ္ဌဝါစိကူပသမ္ပဒါတိ ဣမာ တိဿော ထာဝရာ၊ သေသာ ဗုဒ္ဓေ ဓရမာနေယေဝ အဟေသုံ”-**

ဟူသော ပါဌ်သာ ထူး၏။

**အနက်**။ ။ တာသံ-ထိုဥပသမ္ပဒါတို့တွင်၊ ဥတ္တိစတုတ္ထကမ္မူပသမ္ပဒါ-လည်းကောင်း၊ ဒူတေနူပသမ္ပဒါ -လည်းကောင်း၊ အဋ္ဌဝါစိကူပသမ္ပဒါ- လည်းကောင်း၊ ဣတိ-ဤသို့၊ ဣမာ တိဿော-ဤသုံးပါးတို့သည်သာလျှင်၊ ထာဝရာ-ခိုင်မြဲကုန်၏၊ သေသာ-ကြွင်းသောဥပသမ္ပဒါတို့သည်၊ ဗုဒ္ဓေ-မြတ်စွာဘုရားသည်၊ ဓရမာနေယေဝ-သက်တော်ထင်ရှားတည်တော်မူစဉ်သာလျှင်၊ အဟေသုံ-ဖြစ်ကုန်ပြီ။

(မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူလျှင်ကား ထိုကြွင်းသော ဥပသမ္ပဒါများ မရှိနိုင်တော့ကုန်။)

## ဘိက္ခုနီဆိုင်ရာ ဥပသမ္ပဒါလေးမျိုး

ပြဆိုခဲ့ပြီးသော ဥပသမ္ပဒါ ရှစ်မျိုးတို့တွင်---

၁။ ဂရုဓမ္မပဋိဂ္ဂဟဏူပသမ္ပဒါ၊

၂။ ဒူတေနူပသမ္ပဒါ၊

၃။ အဋ္ဌဝါစိကူပသမ္ပဒါ၊

၄။ ဉတ္တိစတုတ္ထကမ္မူပသမ္ပဒါ-ဤလေးမျိုးတို့သာလျှင် ဘိက္ခုနီ တို့နှင့် သက်ဆိုင်ကုန်၏၊ ကျန် လေးမျိုးတို့ကား ဘိက္ခုနီတို့နှင့် မသက်ဆိုင်ကုန်။

ဘိက္ခုနီတို့နှင့် သက်ဆိုင်ကုန်သော ဥပသမ္ပဒါ လေးမျိုးတို့တွင်--

၁။ ဂရုဓမ္မပဋိဂ္ဂဟဏူပသမ္ပဒါသည် မိထွေးတော်ဂေါတမီတစ်ဦးတည်းအတွက်သာ ခွင့်ပြုအပ်သော ဥပသမ္ပဒါဖြစ်သည်။

၂။ ဒူတေနူပသမ္ပဒါသည်လည်း အဍ္ဍကာသီတစ်ဦးတည်းအတွက်သာ ခွင့်ပြုအပ်သော ဥပသမ္ပဒါဖြစ်သည်ဟု ဆိုကြ၏။

သို့သော်လည်း-သမ္မောဟဝိနောဒနီအဋ္ဌကထာ (စာမျက်နှာ ၃၁၆) ၌-

**"တာသံ ဉတ္တိစတုတ္ထကမ္မူပသမ္ပဒါ, ဒူတေနူပသမ္ပဒါ, အဋ္ဌဝါစိကူပသမ္ပဒါတိ ဣမာ တိဿော ဝာဝရာ၊ သေသာ ဗုဒ္ဓေ ဓရမာနေယေဝ အဟေသုံ"-**

ဟု မိန့်ဆိုအပ်သောကြောင့် အကြောင်းအတ္ထုပ္ပတ် မပေါ်ပေါက်ခဲ့၍ အခြား ဒူတေနူပသမ္ပဒါ ရဟန်းမများ မရှိခဲ့ကြသော်လည်း အကြောင်းအတ္ထုပ္ပတ် ပေါ်ပေါက်ပါက အခြား ဒူတေနူပသမ္ပဒါ ရဟန်းမများ ဖြစ်နိုင်ဖွယ်ရှိလေသည်။

၃။ အဋ္ဌဝါစိကူပသမ္ပဒါဟူသည် ဂရုဓမ္မပဋိဂ္ဂဟဏူပသမ္ပန္နဖြစ်သော မိထွေးတော်ဂေါတမီ, ဘိက္ခုဧကတောဥပသမ္ပန္နဖြစ်သော မိထွေးတော်ဂေါတမီနှင့်အတူတကွ ထွက်လာကြသော သာကီဝင်မင်းသမီး ရဟန်းမ ငါးရာတို့မှ ကြွင်းသော ဘိက္ခုနီအားလုံးတို့အတွက် ခွင့်ပြုအပ်သော ဥပသမ္ပဒါဖြစ်သည်။

၄။ ဥတ္တိစတုတ္ထကမ္မူပသမ္ပဒါသည်ကား ရဟန်းယောကျ်ားတို့၏ ဥတ္တိစတုတ္ထကမ္မူပသမ္ပဒါ, ရဟန်းမတို့၏ ဥတ္တိစတုတ္ထကမ္မူပသမ္ပဒါ ဟူ၍ နှစ်ပါးအပြားရှိ၏။

ထိုတွင် ရဟန်းမတို့၏ ဥတ္တိစတုတ္ထကမ္မူပသမ္ပဒါကိုသာ ဤနေရာ၌ ရည်ရွယ်သည်၊ ထိုရဟန်းမတို့၏ ဥတ္တိစတုတ္ထကမ္မူပသမ္ပဒါဟူသည် မိထွေးတော်ဂေါတမီနှင့်တကွ ထွက်လာကြသည့် သာကီဝင်မင်းသမီး ရဟန်းမငါးရာတို့အတွက် ခွင့်ပြုအပ်သော ဥပသမ္ပဒါဖြစ်သည်။

## ဘိက္ခုနီသာသနာ

မဟာကရုဏာရှင်ဖြစ်တော်မူသော သဗ္ဗညုမြတ်စွာဘုရားသည် မိထွေးတော်မဟာပဇာပတိဂေါတမီ၏ လျှောက်ထားတောင်းပန်ချက်အရ တထာဂတပဝေဒိတ ဓမ္မဝိနယ သာသနာတော်၌ မာတုဂါမများ ရဟန်းမပြုလုပ်ရန် အခွင့်အရေးကို ပေးသနားတော်မူခဲ့လေသည်။

ထိုအခါမှစ၍ မင်းမျိုး, ပုဏ္ဏားမျိုးအစရှိသော အမျိုးလေးပါးတို့မှ များစွာကုန်သော နေကွမ္ဗုဏ္ဍာသယဓာတ်ခံ ထက်သန်ကြသည့် အမျိုးသမီးများသည် သာသနာတော်သို့ ဝင်ရောက်၍ ရဟန်းမ ပြုကြ လေရာ မဟာပဇာပတိဂေါတမီထေရီ, ခေမာထေရီ, ဥပ္ပလဝဏ္ဏာထေရီ, ပဋာစာရာထေရီ, ယသောဓရာထေရီစသော ဧတဒဂ်ရ ပဋိသမ္ဘိဒါပတ္တ ဆဠဘိည တေဝိဇ္ဇ ရဟန္တာထေရီကြီးများနှင့်တကွ ထေရီအပေါင်း ထောင်သောင်းမက ပေါ်ထွန်းလျက် ဘိက္ခုနီသာသနာသည် လွန်စွာ ထွန်းလင်း တောက်ပခဲ့လေသည်။

## ဘိက္ခုနီသာသနာ အားနည်းချိန်

မြတ်စွာဘုရားပရိနိဗ္ဗာန်စံတော်မူပြီးသည့်နောက် ပဌမသင်္ဂါယနာ, ဒုတိယသင်္ဂါယနာ တင်ရာကာလတို့၌ ဘိက္ခုနီတို့၏ အကြောင်းအရာများကို ဖော်ပြထားခြင်း မရှိသည့်အတွက် ဘိက္ခုနီသာသနာအခြေအနေကို သေချာစွာ မသိနိုင်သော်လည်း အသောကမင်းကြီးလက်ထက် သာသနာ-၂၃၅-နှစ်၊ တတိယသင်္ဂါယနာတင်ပြီးသည့်နောက် ကိုးတိုင်းကိုးဌာနသို့ သာသနာပြုစေလွှတ်ရာတွင် တိုင်းသုံးတိုင်းတို့၌သာ ဘိက္ခုနီတို့၏ အကြောင်းအရာကို ဖော်ပြ၍ ကြွင်းသော ခြောက်ဌာနတို့၌ ဘိက္ခုနီတို့၏ အကြောင်းအရာကို ဖော်ပြထားခြင်းမရှိသောကြောင့် ထိုအချိန်ဝယ် ဘိက္ခုနီသာသနာသည် အားနည်းနေပြီဖြစ်ကြောင်းကို ခန့်မှန်းနိုင်လေသည်။

## အပရန္တတိုင်း ဘိက္ခုနီသာသနာ

အသောကမင်းတရားကြီးလက်ထက် သာသနာတော်-၂၃၅-ခုနှစ်၌ တတိယသင်္ဂါယနာတင်ပွဲကြီး ပြီးမြောက်ပြီးနောက် အရှင်မောဂ္ဂလိပုတ္တတိဿထေရ် သာသနာပြုစေလွှတ်ရာ ကိုးတိုင်းကိုးဌာနတို့တွင် ဘိက္ခုနီများ ပေါ်ပေါက်ခဲ့သော တိုင်းများမှာ--

၁။ အပရန္တတိုင်း။

၂။ သုဝဏ္ဏဘူမိတိုင်း။

၃။ သီရိလင်္ကာခေါ် သီဟိုဠ်ကျွန်းတို့ဖြစ်သည်။

ထိုတွင် အပရန္တတိုင်းသို့ ယောနကဓမ္မရက္ခိတထေရ်ဦးဆောင်သော သာသနာပြုအဖွဲ့ ကြွရောက်၍ သာသနာပြုတော်မူသည်၊ ယောနက

ဓမ္မရက္ခိတထေရ်သည် အဂ္ဂိက္ခန္ဓောပမသုတ္တန်ကို ဟောကြားတော်မူရာ ခုနစ်သောင်းသော သတ္တဝါတို့ တရားအမြိုက်ကို သောက်သုံးကြရ၍ မင်းမျိုးမှပင် အမျိုးသားတစ်ထောင် ရဟန်းပြုကြကြောင်း၊ ရဟန်းမပြုကြသောအမျိုးသမီးပေါင်းခြောက်ထောင်ကျော်ရှိကြောင်းကို ပါရာဇိက ကဏ္ဍအဋ္ဌကထာ (ပဌမအုပ် စာမျက်နှာ-၅၀) ၌ ဤသို့ ပြဆိုတော် မူခဲ့ လေ သည်။

**"ယောနကဓမ္မရက္ခိတတ္ထေရောပိ အပရန္တကံ ဂန္ဒာ အဂ္ဂိက္ခန္ဓောပမသုတ္တန္တကထာယ အပရန္တကေ ပသာဒေတွာ သတ္တတိပါဏသဟဿာနိ ဓမ္မာမတံ ပါယေသိ၊ ခတ္တိယကုလတောဧဝ ပုရိသသဟဿာနိ ပဗ္ဗဇိံသု၊ သမဓိကာနိ စ ဆ ဣတ္ထိသဟဿာနိ"။**

**အနက်**။ ။ ယောနကဓမ္မရက္ခိတတ္ထေရောပိ-ယောနကဓမ္မရက္ခိတ ထေရ်သည်လည်း၊ အပရန္တကံ-အပရန္တတိုင်းသို့၊ ဂန္ဒာ- ကြွတော်မူ၍၊ အဂ္ဂိက္ခန္ဓောပမသုတ္တန္တကထာယ-အဂ္ဂိက္ခန္ဓောပမသုတ္တန် တရား စကားဖြင့်၊ အပရန္တကေ-အပရန္တတိုင်းသားတို့ကို၊ ပသာဒေတွာ- ကြည်ညိုစေ၍၊ သတ္တတိပါဏသဟဿာနိ-ခုနစ်သောင်းသောသတ္တဝါ တို့ကို၊ ဓမ္မာမတံ-တရားအမြိုက်ကို၊ ပါယေသိ-သောက်စေတော်မူပြီ၊ (ဝါ) တိုက်ကျွေးတော် မူပြီ၊ ခတ္တိယကုလတောဧဝ-မင်းမျိုးမှပင်လျှင်၊ ပုရိသသဟဿာနိ-ယောကျ်ားတစ်ထောင်တို့သည်၊ ပဗ္ဗဇိံသု-ရှင် ရဟန်းပြုကြကုန်ပြီ၊ သမဓိကာနိ-အပိုအလွန်နှင့်တကွဖြစ်ကုန်သော၊ ဆဣတ္ထိသဟဿာနိ-ခြောက်ထောင်သောမိန်းမတို့သည်လည်း၊ (ဝါ) သမဓိကာနိ ဆဣတ္ထိသဟဿာနိစ-ခြောက်ထောင်ကျော်သောမိန်းမတို့သည်လည်း၊ ပဗ္ဗဇိံသု-ရှင်ရဟန်းမ ပြုကြကုန်ပြီ။

"မင်းမျိုးမှပင်လျှင် ယောက်ျားတစ်ထောင် ရှင်ရဟန်းပြုကြသည်" ဟုဆိုသဖြင့် အခြားအမျိုး တို့မှလည်း များစွာသော အမျိုးသားတို့ ရဟန်းပြုကြသည်ကိုသိပါ။ အမျိုးသမီးခြောက်ထောင်ကျော် ရဟန်းမ ပြုကြရာ၌ မည်သည့်ထေရီမများ ကြွရောက်၍ ရဟန်းမ ပြုပေးသည်ကိုလည်းကောင်း, ဘိက္ခုနီသက်တမ်းမည်မျှ ရှည်ကြာ၍ မည်သို့ မည်ပုံဆက်နွယ်ဆင်းသက်ခဲ့သည်ကိုလည်းကောင်း မပြဆိုခဲ့ပေ၊ ထို့ကြောင့် အပရန္တတိုင်း၌ဘိက္ခုနီ အဆက်အနွယ်သည် ကာလကြာမြင့်စွာမတည်ဘဲ နှစ်ကာလအနည်းငယ်မျှသာ တည်တံ့ဖြစ်ထွန်း၍ ကွယ်ပျောက်ခဲ့သည်ဟု ယူဆရလေသည်။

## သုဝဏ္ဏဘူမိတိုင်း ဘိက္ခုနီသာသနာ

သာသနာပြုကိုးတိုင်းကိုးဌာနတို့တွင် သုဝဏ္ဏဘူမိတိုင်း၌လည်း ဘိက္ခုနီသာသနာပေါ်ပေါက်ခဲ့သည်၊ ထိုသုဝဏ္ဏဘူမိတိုင်းသို့ သာသနာပြုကြွရောက်သောအဖွဲ့မှာ အရှင်သောဏထေရ်နှင့် အရှင်ဥတ္တရ ထေရ်တို့ဦးဆောင်သောအဖွဲ့ဖြစ်သည်၊ ထိုမထေရ်တို့သည် သုဝဏ္ဏ ဘူမိသို့ ကြွရောက်၍ မင်းအိမ်၌ ဖွားတိုင်း ဖွားတိုင်းသော သူငယ်တို့ကို စားလေ့ရှိသော ရက္ခိုသ်တို့၏ ဘေးရန်ကို နှိမ်နင်း၍ စည်းဝေးရောက် လာသောများစွာသောလူအပေါင်းကို ဗြဟ္မဇာလသုတ်တော်ကို ဟောကြားတော်မူ၍ သရဏဂုံသီလတို့၌ တည်စေတော်မူကြလေသည်။

ထိုတရားပွဲ၌ ခြောက်သောင်းသော သတ္တဝါတို့ တရားသိမြင်ကျွတ်တမ်းဝင်ကြလေသည်၊ အမျိုးသားငယ်သုံးထောင့်ငါးရာ အမျိုးသမီးတစ်ထောင့်ငါးရာ တို့ ရှင်ရဟန်းပြုကြလေသည်၊ ဤအကြောင်းအရာကိုပါရာဇိကကဏ္ဍ အဋ္ဌကထာ (ပထမအုပ် စာမျက်နှာ-၅၁၊ ၅၂) တို့၌ ဤသို့ပြဆိုတော်မူလေသည်။

**"သောဏတ္ထေရောပိ သဒ္ဓိံ ဥတ္တရတ္ထေရေန သုဝဏ္ဏဘူမိံ အဂမာသိ (ပ) တသ္မိံ စ သမယေ သန္နိပတိတံ မဟာဇနကာယံ ဗြဟ္မဇာလသုတ္တန္တကထာယ ပသာဒေတွာ သရဏေသု စ သီလေသု စ ပတိဋ္ဌာပေသိ၊ သဋ္ဌိသဟဿာနံ ပနေတ္ထ ဓမ္မာဘိသမယော အဟောသိ၊ ကုလဒါရကာနံ အဍ္ဍုဍ္ဎာနိ သဟဿာနိ ပဗ္ဗဇိံသု၊ ကုလဓီတာနံ ဒိယဍ္ဎသဟဿံ"။**

**အနက်**။ ။ သောဏတ္ထေရောပိ-သောဏထေရ်သည်လည်း၊ ဥတ္တရတ္ထေရေန-ဥတ္တရထေရ်နှင့်၊ သဒ္ဓိံ-အတူတကွ၊ သုဝဏ္ဏဘူမိံ-သုဝဏ္ဏဘူမိသို့၊ အဂမာသိ-ကြွတော်မူလေပြီ၊ (ပ) စ-ဆက်ဦးအံ့၊ တသ္မိံ သမယေ-ထိုအခါ၌၊ သန္နိပတိတံ-စည်းဝေးရောက်လာသော၊ မဟာဇနကာယံ-များစွာသောလူအပေါင်းကို၊ ဗြဟ္မဇာလသုတ္တန္တကထာယ-ဗြဟ္မဇာလသုတ္တန်တရားစကားဖြင့်၊ ပသာဒေတွာ - ကြည်ညိုစေ၍၊ သရဏေသု စ-သရဏဂုံတို့၌လည်းကောင်း၊ သီလေသု စ-သီလတို့၌လည်းကောင်း၊ ပတိဋ္ဌာပေသိ - တည်စေပြီ၊ ပန-ဆက်ဦးအံ့၊ သဋ္ဌိသဟဿာနံ-ခြောက်သောင်းသောသတ္တဝါတို့၏၊ ဓမ္မာဘိသမယော-တရားကို ထိုးထွင်း၍သိခြင်းသည်၊ အဟောသိ-ဖြစ်ပြီ၊ ကုလဒါရကာနံ-အမျိုးသားငယ်တို့၏၊ အဍ္ဍုဍ္ဎာနိ သဟဿာနိ-သုံးထောင့်ငါးရာတို့သည်၊ ပဗ္ဗဇိံသု- ရှင်ရဟန်းပြုကြကုန်ပြီ၊ ကုလဓီတာနံ- အမျိုးသမီးတို့၏၊ ဒိယဍ္ဎသဟဿံ-တစ်ထောင့်ငါးရာသည်၊ ပဗ္ဗဇိ-ရှင်ရဟန်းမပြုလေပြီ။

• သုဝဏ္ဏဘူမိသို့ အရှင်သောဏထေရ်၊ အရှင်ဥတ္တရထေရ်တို့ သာသနာပြုကြွရောက်ရာ သာသနာတော်နှစ်-၂၃၅-ခုနှစ်၌ သုဝဏ္ဏဘူမိဝယ် ဘိက္ခုနီတစ်ထောင့်ငါးရာ ပေါ်ပေါက်ခဲ့ကြောင်းမျှသာ ပြဆိုခဲ့လေသည်၊ သုဝဏ္ဏဘူမိဘိက္ခုနီသာသနာနှင့်စပ်လျဉ်းသည့် အကြောင်းအရာ အချက်

အလက်တို့ကို ပြည့်စုံစွာ မှတ်တမ်းတင်ထားမှု မရှိသောကြောင့် သုဝဏ္ဏဘူမိ၌လည်း ဘိက္ခုနီ အဆက်အနွယ်သည် ကာလအရှည်မတည်ဘဲ နှစ်ကာလအနည်းငယ်ဖြင့် ကွယ်ပျောက်ခဲ့သည်ဟု ယူဆရလေသည်။

## လင်္ကာဒီပဘိက္ခုနီသာသနာ

သာသနာပြု ကိုးတိုင်းကိုးဌာနတို့တွင် ဘိက္ခုနီသာသနာ အထွန်း ကားဆုံးဌာနမှာ သီရိလင်္ကာခေါ် သီဟိုဠ်ကျွန်းပင် ဖြစ်သည်၊ ထိုသီဟိုဠ်ကျွန်းသို့ သာသနာပြုကြွရောက်သောအဖွဲ့ကား အရှင်မဟိန္ဒထေရ် ဦးဆောင်သော အဖွဲ့ဖြစ်သည်။

အရှင်မဟိန္ဒထေရ်သည် ဣဋ္ဋိယထေရ်၊ ဥတ္တိယထေရ်၊ ဘဒ္ဒသာလထေရ်၊ သမ္ဗလထေရ်၊ သံဃမိတ္တာ၏ သားတော် သုမနသာမဏေ၊ (အရှင်မဟိန္ဒ မယ်တော်ညီမ သမီး၏သား)တူတော် အနာဂါမ်ဘဏ္ဍုက ဥပါသကာတို့နှင့် အတူတကွ သာသနာနှစ်-၂၃၆-ခုနှစ် နယုန်လပြည့်နေ့၌ သီဟိုဠ်ကျွန်း အနုရာဓမြို့၏ အရှေ့ဘက် မိဿကတောင် (နှောင်းအခေါ် စေတိယတောင်၊ ယခုအခေါ် မဟိန္ဒလေ့တောင်) သို့ ကြွတော်မူ၍ မှူးမတ်ဗိုလ်ပါ လေးသောင်းခြံရံကာ တောကစား ထွက်လာသော သီဟိုဠ်ဘုရင် ဒေဝါနံပိယတိဿမင်းအား စူဠဟတ္ထိပဒေါပမသုတ်ကို ဟောကြားတော်မူလေသည်၊ အခြံအရံ မှူးမတ်ဗိုလ်ပါ လေးသောင်းနှင့်တကွ ဒေဝါနံပိယတိဿမင်းတို့ သရဏဂုံတည်ကြလေသည်။

(ဝိ-ဋ-၁-၅၂-မှ ၅၉)

ဒုတိယနေ့ (နယုန်လပြည့်ကျော် ၁-ရက်နေ့)၌ အနုရာဓမြို့သို့ ကြွရောက်၍ နန်းတော်တွင်း၌ ပေတဝတ္ထု၊ ဝိမာနဝတ္ထု၊သစ္စသံယုတ်တို့ကို ဟောတော်မူရာ အမျိုးသမီးငါးရာတို့ သောတာပန် တည်ကြလေသည်။

ပါရာဇိကကဏ္ဍအဋ္ဌကထာ ။ (ပဌမအုပ်။ ၅၉-၆၀) ၌--

**"ထေရော ဘတ္တကိစ္စာဝသာနေ ရညော သပရိဇနဿ ဓမ္မရတနဝဿံ ဝဿေန္တော ပေတဝတ္ထုံ ဝိမာနဝတ္ထုံ သစ္စသံယုတ္တဉ္စ ကထေသိ။ တံ ထေရဿ ဓမ္မဒေသနံ သုတွာ တာနိ ပဉ္စပိ ဣတ္ထိသတာနိ သောတာပတ္တိဖလံ သစ္ဆာကံသု"**-

ဟု ဤမျှသာ လာသည်။

မဟာဝင်ဝတ္ထု (၂၁၄) ၌ကား အရှင်မဟိန္ဒထေရ် နန်းတော်တွင်း၌ တရားဟောသောအခါ အနုဠာဒေဝီသည်လည်း မိန်းမပေါင်း ငါးရာနှင့် တကွလာ၍ တရားနာရာ သောတာပတ္တိဖိုလ်၌ တည်ကြောင်းကို ပြဆိုသည်၊ ဤနည်းအားဖြင့် ခုနစ်ရက်ပတ်လုံး တရားဒေသနာတို့ကို ဟောတော်မူရာ ရှစ်ထောင့်ငါးရာသောသတ္တဝါတို့ တရားထူးရကြ လေသည်။

(ပါရာဇိက ကဏ္ဍအဋ္ဌကထာ။ ပဌမအုပ်။ ၆၁။)

အရှင်မဟိန္ဒထေရ်တို့ရောက်ပြီးနောက် တတိယနေ့ (နယုန်လပြည့်ကျော် ၂-ရက်နေ့)၌ မဟာမေဃဝန်ဥယျာဉ်ကို လှူဒါန်းရာ မြေလျှော်လှုပ်ကြောင်းကို ပါရာဇိကကဏ္ဍအဋ္ဌကထာ ။ (ပဌမအုပ်၊ ၆၀-၆၁) ၌ ပြဆိုသည်။

မဟာဝင်ဝတ္ထု (၂၁၇) ၌ကား ထိုဥယျာဉ်တော် ရေစက်ချပွဲ၌ မထေရ်၏ အနုမောဒနာတရားကို နာရ၍ အနုဠာဒေဝီနှင့် အမျိုးသမီးငါးရာတို့ သကဒါဂါမိဖိုလ်၌ တည်ကြောင်းကို ဆိုသည်။

ဝါဆိုရန် အချိန်နီးကပ်သောအခါ အရှင်အမတ်ညီနောင် ငါးကျိပ်ငါးယောက်တို့ အရှင်မဟာနန္ဒထေရ်၏ အထံ၌ ရဟန်းပြုကြရာ သင်္ခမုန်းကိစ္စအဆုံး၌ပင် အရဟတ္တဖိုလ်သို့ ရောက်ကြ၍ စေတိယတောင်၌ ရဟန္တာ ၆၂-ပါးတို့ ပဌမဆုံး ဝါကပ်ကြလေသည်။

(ပါရာဇိကကဏ္ဍအဋ္ဌကထာ ပဌမအုပ်၊ ၆၁။)

ဝါကျွတ်သောအခါ ဒေဝါနံပိယတိဿမင်းသည် အရှင်မဟိန္ဒထေရ်၏ အစီအမံဖြင့် လက်ယာညှပ်ရိုးတော်ဓာတ်နှင့် ဓာတ်တော်, မွေတော် တို့ကို ဌာပနာ၍ ထူပါရုံစေတီတော်ကို တည်ထားကိုးကွယ်လေသည်။ ထိုညှပ်ရိုးတော်ဓာတ် ဌာပနာပွဲဝယ် ညှပ်ရိုးတော်ဓာတ်၏ တန်ခိုးပြာဋိဟာ၌ ကြည်ညို၍ ရဟန်းပြုကြသူ သုံးသောင်းမျှ ရှိလေသည်။

(ပါရာဇိကကဏ္ဍအဋ္ဌကထာ၊ ပဌမအုပ် ၊ ၆၂-၆၇။)

စေတီတော်တည်ထားပူဇော်ပြီးရာအခါ၌ ဒေဝါနံပိယတိဿမင်း၏ ညီတော် မဟာနာဂအိမ်ရှေ့ဥပရာဇာ၏ မိဖုရား အနုဠာဒေဝီသည် ရဟန်းမ ပြုလိုသဖြင့် မင်းအား သံတော်ဦးတင်လေရာ မင်းသည် အရှင်မဟိန္ဒထေရ်ကို-"အရှင်ဘုရား---အနုဠာဒေဝီသည် ရဟန်းမ ပြုလိုပါသည်၊ ထို အနုဠာဒေဝီကို ရဟန်းမ ပြုပေးတော်မူပါကုန် ဘုရား"ဟု လျှောက်ထားလေသည်၊ ထိုအခါ အရှင်မဟိန္ဒထေရ်က "မင်းမြတ်--ငါတို့သည် မာတုဂါမကို ရဟန်းမ ပြုပေးခြင်းငှာ မအပ်၊ ပါဋလိပုတ်ပြည်မှ ငါ၏ နှမတော် သံဃမိတ္တာထေရီကို ပင့်ခေါ်စေလော့၊ မြတ်စွာဘုရား၏ ဗောဓိပင်ကိုလည်း ပင့်ဆောင်လာရန် သဝဏ်စာလွှာပို့လော့"ဟု မိန့်တော်မူလေသည်။

ဒေဝါနံပိယတိဿမင်းသည် ဗောဓိပင်နှင့်တကွ သံဃမိတ္တာထေရီ ကို ပင့်ဆောင်ရန် မိမိ၏ တူတော် အရိဋ္ဌအမတ်ကို စေလွှတ်လေသည်။

အနုဠာဒေဝီသည်လည်း မင်းသမီးငါးရာ, နန်းတွင်းသူ ငါးရာတို့နှင့် အတူတကွ ဆယ်ပါးသီလတို့ကို ဆောက်တည်၍ ဖန်ရည်ဆိုးအဝတ်တို့ကို ဝတ်ရုံလျက် မြို့တော်၏တစ်နေရာ၌ ကျောင်းဆောက်လုပ်စေ၍ နေလေသည်။

အရိဋ္ဌအမတ်သည်လည်း ပါဋလိပုတ်ပြည်သို့သွား၍ အသောကမင်းတရားကို သံတော်ဦးတင်၍ ဗောဓိပင်နှင့်တကွ သံဃမိတ္တာထေရီကို ပင့်ဆောင်ခဲ့ကြောင်းကို ပါရာဇိကကဏ္ဍအဋ္ဌကထာ၊ (ပဌမ၊ စာမျက်နှာ ၆၇-၇၄) ၌ အကျယ်ပြဆိုလေသည်။ အနုဠာဒေဝီရဟန်းမ ပြုပုံကို အထူးဖော်ပြခြင်း မရှိချေ၊ မဟာဝင်ဝတ္ထု ၂၆၈-၌ကား "အနုဠာဒေဝီမိဖုရားသည်လည်း အခြံအရံဖြစ်သော အမျိုးသမီးတစ်ထောင်နှင့်တကွ သံဃမိတ္တာထေရီ၏အထံ၌ ရဟန်းမပြု၍ မကြာမီပင် အရဟတ္တဖိုလ်သို့ ရောက်ကြကုန်သည်"ဟု ပြဆိုထားသည်။

သီဟိုဠ်ကျွန်း၌ ဘိက္ခုနီသာသနာ စည်ပင်ပြန့်ပွားပုံကို ဒီပဝံသပါဠိ အဋ္ဌာရသမ ပရိစ္ဆေဒ၌ "သံဃမိတ္တာထေရီ, ဥတ္တရာထေရီစသော ထေရီမတို့သည် ဇမ္ဗူဒိပ်မှ လင်္ကာဒီပသို့ ကြွတော်မူကြကုန်၏။

မြတ်စွာဘုရား၏သာသနာတော်တည်တံ့ခြင်းကို အလိုရှိကြကုန်သည် ဖြစ်၍ အနုရာဓမြို့၌ ဝိနည်းငါးကျမ်း, အဘိဓမ္မာခုနစ်ကျမ်းတို့ကို ပို့ချတော်မူကြကုန်၏။

ဝိနည်း၌ ရဲရင့်သော ပညာရှိကုန်သော သဲဒ္ဓမ္မာထေရီ, နန္ဒိကာထေရီ, သောမာထေရီ, ဂိရိဒီပါထေရီ,ဒါသိကာထေရီ, ဓမ္မပါလာထေရီ-တို့လည်းကောင်း, ကြီးမားသောပညာ ဝိနည်း၌ရဲရင့်သော ပညာရှိကုန် သော ခုတဝါဒါထေရီ, မဟိလာထေရီ, သောဘဏာထေရီ, ဓမ္မတာပသာ ထေရီ,

နရမိတ္တာထေရီ, သာတာထေရီ, ကာဠီထေရီ-တို့လည်းကောင်း ဤထေရီတို့သည် လင်္ကာဒီပ၌ ရဟန်းမ ဖြစ်ကုန်၏။ (ပ) စူဠနာဂါ ထေရီ, ဒတ္တာထေရီ, သောဏာထေရီ, အဘိညာတာထေရီ,သဏှာ ထေရီ, ဂမိကအမတ်၏ သမီးတော်ဖြစ်သော မဟာတိဿမာထေရီ, စူဠသုမနာထေရီ, မဟာသုမနာထေရီ, မဟာကာဠီထေရီတို့သည် ကြီးမားသောပညာရှိကုန်၏၊ ရောဟဏအရပ်၌ သူတော်ကောင်းဟု သမုတ်အပ်ကုန်၏၊ အဘိ-ညာတာ-ထေရီ, သမုဒ္ဒါထေရီနှစ်ပါးတို့သည် ဝိနည်းမိုရ် ဖြစ်တော်မူကြကုန်၏၊ ထိုအားလုံးသော ထေရီမတို့သည် မီးပုံကြီးတို့ကဲ့သို့ တောက်ပကြကုန်ပြီးလျှင် ပရိနိဗ္ဗာန်စံတော် မူကြ ကုန်၏"ဟု ပြဆိုထားသည်။

(ဂါထာနံပါတ် ၁၁-မှ ၄၂-အထိ အဓိပ္ပါယ်ကို ချုံးထားသည်)။

ဤသို့လျှင် ဒီပဝံသ၌ သီဟိုဠ်ကျွန်းဘိက္ခုနီသာသနာ၌ ကျော်စောထင်ရှားသော ဘိက္ခုနီတို့၏ အမည်များကို ဖေါ်ပြထားသည်၊ ထိုဘိက္ခုနီအဆက်အနွယ်သည် မည်သည့်ကာလ၌ ကွယ်ပျောက်သွားသည်ဟု ကားမဖေါ်ပြခဲ့ချေ။

## ဘိက္ခုနီအဆက်အနွယ်ပြတ်ချိန်

ဒသောကခေတ်နောက်ပိုင်း၌ မဇ္ဈိမဒေသတွင် မဟာသံဃိက, သဗ္ဗတ္ထိဝါဒစသော ဂိုဏ်းများ၏ လွှမ်းမိုးမှုကြောင့် ထေရဝါဒ ပင်မဗုဒ္ဓသာသနာတော်သည် မဇ္ဈိမဒေသ၌ မရပ်တည်နိုင်တော့ဘဲ မဇ္ဈိမဒေသမှ အပသို့ ရောက်သွားလေသည်။ ထိုအချိန်လောက်ကပင် မဇ္ဈိမဒေသအိန္ဒိယ နိုင်ငံ၌ ဘိက္ခုနီအဆက်အနွယ်ပြတ်ခဲ့သည်ဟု ယူဆရသည်။

သီဟိုဠ်ကျွန်း၌ သာသနာနှစ် ၄၀၀-ကျော်တွင် ဝဋ္ဋဂါမဏိမင်း နန်းတက်၍ ငါးလရှိသောအခါ၌ ဗြာဟ္မဏတိဿသူပုန်ဘေးကြီးဖြစ်ပေါ် လာလေသည်၊ ထိုဗြာဟ္မဏတိဿသူပုန်ဘေးကြီး ဖြစ်ပေါ်ချိန်မှာပင် ဒမိဠ (ကျေးမင်း) ခုနစ်ဦးတို့ကလည်း ဗိုလ်ပါအလုံးအရင်းဖြင့် စစ်ပြုလာကြ လေသည်။ ထိုအချိန်က သီဟိုဠ်ကျွန်း၌ သတ္တန္တရကပ်, ဒုဗ္ဘိက္ခန္တရကပ် ဆိုးကြီးများ ဆိုက်ရောက်သဖြင့် အချို့ရဟန်းတော်များ အိန္ဒိယသို့ ကူးသွားကြလေသည်။ သီဟိုဠ်ကျွန်း၌ နေရစ်သော ရဟန်းတော်များ လည်း တော, တောင်စသည်တွင် ခိုအောင်း၍ သစ်ရွက်, သစ်ဥစသည် တို့ကို မှီဝဲကြကာ ပိဋကတ်တော်များ မကွယ်မပျောက်အောင် အသက်ကို ပမာနမထားဘဲ ခဲခဲယဉ်းယဉ်း ပင်ပင်ပန်းပန်း ဆောင်ရွက် နေကြရသည်။

ရဟန်းတော်များပင် ဤမျှလောက် ဒုက္ခကြီးစွာ ရောက်နေကြပါက ရဟန်းတော်များကို မှီခိုအားထားနေကြရသော ဘိက္ခုနီများမှာ မည်သို့ ရှိကြမည်ကို မှန်းဆနိုင်ပေသည်။

ထိုဗြာဟ္မဏတိဿသူပုန်ဘေးကြီးဖြစ်ပွားနေရာ ကာလပျက်အခါကြီး ၌ သီဟိုဠ်ကျွန်းဝယ် ဘိက္ခုနီ အနည်းငယ်မျှသာ ကျန်ရှိတော့သည်ကို ဖေါ်ပြလတ့်သော အဋ္ဌကထာလာ ဝတ္ထုဖြင့် သိနိုင်၏။

ထိုသတ္တန္တရကပ်, ဒုဗ္ဘိက္ခန္တရကပ်ဆိုးကြီးကြောင့် သီဟိုဠ်ကျွန်း ဘာတရရွာမှ ရွာသူရွာသားများသည် ညအခါ၌ မိမိတို့ရွာကို မှီ၍နေသော နာဂါထေရီ မကြီးကို အသိမပေးဘဲ ရွာလုံးကျွတ် ထွက်ပြေးကြလေရာ နာဂါထေရီ မကြီးနှင့် ဘိက္ခုနီတစ်ကျိပ်နှစ်ပါးတို့ နံနက်လင်းမှ မိမိတို့ချည်း ကျန်ရစ် နေသည်ကို သိကြရပုံအကြောင်းအရာကို (မူလပဏ္ဏာသ- အဋ္ဌကထာ ဒုတိယအုပ် ၂၉၆၊ အင်္ဂုတ္တရအဋ္ဌကထာ တတိယအုပ် ၉၃၊ သုတ်မဟာဝါ အဋ္ဌကထာ ၁၂၅-တို့၌) ပြဆို ထားလေသည်။

အဋ္ဌကထာတို့ဝယ် အခြားနေရာများတွင် ဘိက္ခုနီတို့၏ အကြောင်းအရာကို ဖော်ပြရာ၌ အခြံအရံငါးရာ-တစ်ထောင်စသည်ဖြင့် ဖော်ပြလေ့ရှိသော်လည်း ဤနေရာ၌ တစ်ကျိပ်နှစ်ပါးဟု အတိအကျ ဖော်ပြထားသည်ကို ထောက်ဆ၍ ဘိက္ခုနီသာသနာ အဘယ်မျှအားနည်းနေသည်ကို မှန်းဆနိုင်ပေသည်။ ဤဘိက္ခုနီ တစ်ကျိပ်နှစ်ပါးမှ တပါး အခြားအရပ်ဒေသတို့၌ ဘိက္ခုနီဟူ၍ ရှိပါသေး၏လော? ဤတစ်ကျိပ်နှစ်ပါးနောက် ဘိက္ခုနီအဆက်အနွယ်ဟူ၍ ကျန်မှ ကျန်ပါသေး၏လော? ဟု တွေးတောစဉ်းစားဖွယ် ဖြစ်ပေသည်။

ဗြာဟ္မဏတိဿသူပုန်ဘေးကြီး အေးငြိမ်းပြီး၍ ဒမိဠ(ကျေးမင်း)တို့ကို နှိမ်နှင်းအောင်မြင်ပြီးနောက် ဝဋ္ဋဂါမဏိအဘယမင်း ပြန်လည်နန်းတက်၍ နန်းစံခြောက်နှစ် သာသနာတော်နှစ်-၄၅၀-တွင် ပိဋကတ်တော်များကို (ပေါတ္ထကာရုဠှ)ပေထက်အက္ခရာတင်သည်။ (ဝါ) စတုတ္ထသင်္ဂါယနာတင်သည်။

ပေထက်အက္ခရာတင်ချိန် (ဝါ) စတုတ္ထသင်္ဂါယနာတင်ချိန်၌ နာဂါထေရီမ ကြီးမှူးသော ဘိက္ခုနီများ ရှိနိုင်ကြသေးသောကြောင့် သာသနာတော်နှစ်-၄၅၀-တွင် သီဟိုဠ်ကျွန်း၌ ဘိက္ခုနီများ ရှိဦးမည်ဟု ယူဆနိုင်သော်လည်း သာသနာတော်နှစ်-၅၀၀-၏ ဤမှာဘက်၌မူကား ဘိက္ခုနီအဆက်အနွယ် လုံးဝမရှိတော့သည်မှာ ထင်ရှားသိသာလေသည်။

## ဘိက္ခုနီသာသနာ ကွယ်ပျောက်ရခြင်းအကြောင်း

ဘိက္ခုနီသာသနာကွယ်ပျောက်ရခြင်း၏ အကြောင်းကို တိကျစွာ ဖော်ပြရန်မလွယ်ကူသော်လည်း ----

၁။ ဘိက္ခုသံဃာ၏ ဘိက္ခုနီများ ရှိမှုကို မလိုလားခြင်း။
၂။ ရဟန်းယောက်ျားအဖြစ်ထက် ရဟန်းမအဖြစ် ပြုလုပ်ရန် ပိုမို ခဲယဉ်းခြင်း။
၃။ သိက္ခာပုဒ်များ၏ ကြပ်တည်းခြင်း။
၄။ ရဟန်းမတို့ သိက္ခာ၏ လွယ်ကူစွာ ပျက်စီးနိုင်ခြင်း။
၅။ ဒါယကာ ဒါယိကာမများ၏ အားပေးချီးမြှောက် ထောက်ပံ့မှု နည်းပါးခြင်း။
၆။ သံဃာ့ဂိုဏ်း အသီးသီးကွဲပြား၍ ထေရဝါဒပင်မသာသနာ အား နည်းခြင်း။
၇။ သတ္တန္တရ, ဒုဗ္ဘိက္ခန္တရစသော ကပ်ဆိုးကြီးများနှင့် တွေ့ကြုံရာဝယ် ဘိက္ခုသံဃာက စောင့်ရှောက်မှုမပြုနိုင်ခြင်းစသော အကြောင်းများ ကြောင့် ဘိက္ခုနီသာသနာကွယ်ပျောက်ခဲ့ရပေလိမ့်မည်။

၁။ ဘိက္ခုသံဃာတွင် အချို့သော မထေရ်ကြီးများသည် ဘိက္ခုနီများ တည်ရှိသည်ကို လိုလားတော်မမူကြချေ။

ယင်းအကြောင်းကို ထင်ရှားအောင် ဖော်ပြရမူ ပဥ္စမသင်္ဂါယနာတင်ပွဲ အပြီးတွင် ---

**ခုဒ်ကိုမရှင်း, နုပ်ကိုနင်း, ရှိခြင်းရိပ်မထင်**

**မာ ရဟန်းပြု, တောင်းပန်မှု, ထေရ်စု ပြစ်တော်တင်-**

ဟူသော ဆောင်ပုဒ်ဖြင့် အကျဉ်းပြအပ်သော---

၁။ ခုဒ္ဒါနုခုဒ္ဒကသိက္ခာပုဒ်တို့ကို ရှင်းလင်းအောင် လျှောက်ထားမှု မပြုခြင်း၊
၂။ မြတ်စွာဘုရား၏ ရေသနုပ်ကို ခြေဖြင့် နင်း၍ ချုပ်ခြင်း၊

၃။ မြတ်စွာဘုရား၏ အလောင်းတော်ကို မာတုဂါမများကို ရှေးဦးစွာ ရှိခိုးစေခြင်း၊

၄။ ထင်ရှားသောအရိပ်နိမိတ်တို့ကို မြတ်စွာဘုရားရှင်က မိန့်တော်မူပါလျက် မြတ်စွာဘုရားကို အာယုကပ်ပတ်လုံး တည်တော်မူရန် မတောင်းပန်ခြင်း၊

၅။ မာတုဂါမများ ရဟန်းမ ပြုခွင့်ရရန် တောင်းပန်ပေးခြင်းဟူသော အချက်ငါးချက်ဖြင့် မထေရ်ကြီးများက အရှင်အာနန္ဒာကို အပြစ်တင်တော်မူကြသည်။

ထိုအပြစ်တင်ချက်ငါးချက်တွင် မာတုဂါမများ ရဟန်းမ ပြုခွင့်ရရန် တောင်းပန်မှုတစ်ခုပါဝင်နေခြင်းကို ထောက်ဆ၍ ဘိက္ခုသံဃာတွင် အချို့ မထေရ်ကြီးများ၏ ဘိက္ခုနီများ တည်ရှိမှုကို မလိုလားကြောင်း သိနိုင်ပေသည်။

**"ဣဒမ္ပိ တေ အာဝုသော အာနန္ဒ ဒုက္ကဋံ၊ ယံ တွံ မာတုဂါမဿ တထာဂတပ္ပဝေဒိတေ ဓမ္မဝိနယေ ပဗ္ဗဇ္ဇံ ဥဿုက္ကံ အကာသိ၊ ဒေသေဟိ တံ ဒုက္ကဋံ။"**

(စူဠဝဂ္ဂပါဠိ- ၄၈၆)။

**အနက်။** ။ အာဝုသောအာနန္ဒ-ငါ့ရှင်အာနန္ဒာ၊ တွံ- သင်သည်၊ မာတုဂါမဿ- မာတုဂါမ၏၊ တထာဂတပ္ပဝေဒိတေ-မြတ်စွာဘုရားဟောကြားသိစေတော်မူအပ်သော၊ ဓမ္မဝိနယေ-တရားသဖြင့် ဆုံးမရာ သာသနာတော်၌၊ ပဗ္ဗဇ္ဇံ-ရှင်ရဟန်းအဖြစ်ကို၊ ဥဿုက္ကံ-အား ထုတ်သူ၏ အဖြစ်ကို၊ ယံအကာသိ-အကြင်ပြုပြီး၊ (ယံဥဿုက္ကံ အကာသိ-အကြင် ကြောင့်ကြစိုက်ပြီ)၊ ဣဒမ္ပိ-ဤမာတုဂါမ၏ သာသနာတော်၌ ရှင်ရဟန်း

အဖြစ်ကို ကြောင့်ကြစိုက်ခြင်းသည်လည်း၊ တေ- သင်၏၊ ဒုက္ကဋ်-ဒုက္ကဋ်မှုတည်း၊ (ဝါ) မကောင်းသဖြင့် ပြုအပ်သောအမှု တည်း၊ တံ-ထိုဒုက္ကဋ်မှုကို၊ (ဝါ) မကောင်းသဖြင့်ပြုအပ်သောအမှုကို၊ ဒေသေဟိ-ပြောကြားလော့၊ (ဝါ) ဝန်ခံပါလော့။

ဤဘိက္ခုသံဃာ၏ ဘိက္ခုနီတို့ တည်ရှိခြင်းကို မလိုလားခြင်းသည် ဘိက္ခုနီသာသနာ လျင်မြန်စွာ ကွယ်ပျောက်ခြင်း၏ အကြောင်းတစ်ရပ် ဖြစ်နိုင်သည်။

၂။ အမျိုးသားများသည် ရဟန်းပြုလိုလျှင် (အသက်နှစ်ဆယ်နှစ် ပြည့်ပါက) ပြုလိုသောအချိန်မှာပင် ရှင်သာမဏေပြု၍ ပဥ္စင်းခံ လိုက်ပါက ရဟန်းအဖြစ်ကို ရနိုင်လေသည်၊ အမျိုးသမီးများမှာ ထိုကဲ့သို့ လွယ်ကူစွာ မရနိုင်ချေ၊ ရဟန်းမ ပြုလိုသော အမျိုးသမီးသည်---

(က) ရှေးဦးစွာ သာမဏေရီပြုလုပ်ရသည်။

( ခ) သာမဏေရီပြုလုပ်ပြီးနောက် ဘိက္ခုနီသံဃာ့အထံ၌ သိက္ခာသမ္မုတိကို တောင်းရသည်။

( ဂ) ဘိက္ခုနီသံဃာက ဉတ္တိဒုတိယကမ္မဝါစာဖြင့် သိက္ခာသမ္မုတိ ပေးရသည်။

(ဃ) သိက္ခာသမ္မုတိရပြီးသောအခါ ပါဏာတိပါတ, အဒိန္နာဒါန, အဗြဟ္မစရိယ, မုသာဝါဒ, သုရာမေရယမဇ္ဇပမာဒဋ္ဌာန, ဝိကာလဘောဇန-ဤသိက္ခာပုဒ်ခြောက်ပါးတို့ကို နှစ်နှစ်ပတ်လုံး မပျက်မကွက်ဆောက်တည်ကျင့်သုံးရသည်။ ဤသိက္ခမာန်အကျင့်သည် လွန်စွာကျင့်နိုင်ဖို့ ခဲယဉ်းသည်၊ နှစ်နှစ်ပတ်လုံး သိက္ခာပုဒ်ခြောက်ပါးကို မပျက်မကွက်အောင် ကျင့်သုံးရန်မှာ သာမန်သဒ္ဓါ, ဆန္ဒ; ဝီရိယ-ဖြင့် မဖြစ်နိုင်ချေ၊ နှစ်နှစ်အတွင်း ပျက်ကွက်မှု

ရှိလျှင် **"ဒိန္နာ ဝါ သိက္ခာ ကုပိတာ"** အရ သိက္ခာမကျင့်သုံးရသေးသူပင် ဖြစ်တော့သည်။

( င) နှစ်နှစ်ပတ်လုံး မပျက်မကွက်အောင် ဆောက်တည်ကျင့်သုံး၍ အောင်မြင်ပါမှ ပဥ္စင်းခံနိုင်ဖို့ရန် ဘိက္ခုနီသံဃာ့အထံ၌ ဝုဋ္ဌာနသမ္မုတိကို တောင်းရသည်။

( စ) ဘိက္ခုနီသံဃာက ဉတ္တိဒုတိယကမ္မဝါစာဖြင့် ဝုဋ္ဌာနသမ္မုတိ ပေးရသည်။

(ဆ) ဝုဋ္ဌာနသမ္မုတိရပြီးသောအခါမှ ထုံးစံအတိုင်း ဘိက္ခုနီသံဃာ၌ ဉတ္တိစတုတ္ထကမ္မဝါစာဖြင့် ပဥ္စင်းခံရသည်။

( ဇ) ဘိက္ခုနီသံဃာ၌ ပဥ္စင်းခံပြီးမှ ဘိက္ခုသံဃာ၌ ဉတ္တိစတုတ္ထကမ္မဝါစာဖြင့် ပဥ္စင်းခံရသည်၊ ထိုအခါမှသာ ရဟန်းမ ဖြစ်သည်။

(ပါစိတ္တိယပါဠိ -၄၁၉-၄၂၂၊ စူဠဝဂ္ဂပါဠိ-၄၆၃-၄၆၇။)

ဤသို့ ရဟန်းယောကျ်ားအဖြစ်ထက် ရဟန်းမအဖြစ်က ပိုမိုခဲယဉ်းခြင်းသည်လည်း ဘိက္ခုနီသာသနာ လျင်မြန်စွာ ကွယ်ပျောက်ရခြင်း၏ အကြောင်းတစ်ရပ် ဖြစ်နိုင်သည်။

ရဟန်းယောကျ်ားများသည် မိမိတို့အထံ ရဟန်းပြုလိုသော ရဟန်းလောင်းများကို အရေအတွက်အပိုင်းအခြားမရှိ အကြိမ်ကန့်သတ်ချက်မရှိ အလိုရှိတိုင်း ရှာထောင်မက ရဟန်းခံပေးနိုင်သည်။

ရဟန်းမများမှာ မိမိအထံ ရဟန်းခံလိုသော အမျိုးသမီးကို တစ်နှစ်ခြားတစ်ယောက်ကိုသာ ရဟန်းခံပေးနိုင်ခွင့်ရှိသည်၊ ထို့ကြောင့် ရဟန်းမအရေအတွက်သည် ရဟန်းယောကျ်ားများကဲ့သို့ များစွာမတိုးပွားနိုင်၊ ဤသည်လည်း ဘိက္ခုနီသာသနာ လျင်မြန်စွာ ကွယ်ပျောက်ရခြင်း၏ အကြောင်းတစ်ရပ် ဖြစ်နိုင်သည်။

(ပါစိတ္တိယပါဠိ-၄၄၉-၄၅၀)။

၃။ ဘိက္ခုနီတို့၏ သိက္ခာပုဒ်တို့သည် ဘိက္ခုတို့၏ သိက္ခာပုဒ် တို့ထက် သာလွန်များပြားကုန်၏၊ ဘိက္ခုတို့၏ သိက္ခာပုဒ်သည် ၂၂၇-ပုဒ်သာ ရှိ၏၊ ဘိက္ခုနီ တို့၏ သိက္ခာပုဒ်ကား ၃၁၁-ပုဒ် ရှိ၏၊ ထိုတွင် အချို့ သိက္ခာပုဒ် များမှာ စောင့်ထိန်းနိုင်ရန် လွန်စွာခဲယဉ်း၏။

**ဥပမာ**-ဘိက္ခုနီက ရာဂစိတ်ရှိ၍ ရာဂစိတ်ရှိသော ယောကျ်ားက ညှပ်ရိုးအောက်-ဒူးဆစ်အထက် တစ်နေရာရာကို တို့ထိသည်ကို သာယာ ရုံမျှဖြင့် ပါရာဇိက ကျနိုင်၏၊ ဤသို့စသော သိက္ခာပုဒ်ကြီးများကား စောင့်ထိန်းရန် ခဲယဉ်းလှဘိ၏၊ ဤသိက္ခာပုဒ်များ၏ ကြပ်တည်းခြင်း သည်လည်း ဘိက္ခုနီသာသနာ လျင်မြန်စွာ ကွယ်ပျောက်ခြင်း၏ အကြောင်း တစ်ရပ် ဖြစ်နိုင်သည်။

၄။ ထို့ပြင် ရဟန်းယောကျ်ားသည် လူထွက်လိုလျှင် လူဝတ်လဲရုံမျှဖြင့် လူမဖြစ်၊ ရဟန်းသိက္ခာမကျ၊ အင်္ဂါ ခြောက်ပါးညီအောင် သိက္ခာချမှ သိက္ခာကျ၏၊ သိက္ခာကျမှ လူဝတ်လဲ၍ လူဖြစ်သည်၊ ပြန်၍ ရဟန်းခံလို လျှင်လည်း ရဟန်းခံနိုင်ခွင့်ရှိသည်။

ရဟန်းမကား လူထွက်လိုလျှင် သိက္ခာချစရာမလို၊ လူဝတ်လဲရုံ မျှဖြင့် လူဖြစ်ရုံသာမက နောက်ထပ်လည်း ရဟန်းခံနိုင်ခွင့် မရှိတော့ချေ၊ ပါရာဇိကကျတော့၏။

(စူဠဝဂ္ဂပါဠိ-၄၇၄၊ ၎င်း-၌-၁၃၁၊ ပါရာဇိကကဏ္ဍအဋ္ဌကထာ၊ ဒု-၁၀၃)

ရဟန်းမသိက္ခာကား ဤမျှလောက်လွယ်ကူစွာ ပျက်စီးနိုင်၏၊ ဤသည် လည်း ဘိက္ခုနီသာသနာ လျင်မြန်စွာကွယ်ပျောက်ရခြင်း၏ အကြောင်း တစ်ရပ် ဖြစ်နိုင်သည်။

၅။ ရဟန်းမများသည် ရဟန်းယောကျ်ားများကဲ့သို့ ဒါယကာ, ဒါယိကာမတို့၏ အားပေးချီးမြှောက်ထောက်ပံ့မှုမရရှာကြပေ၊ လာဘ်လာဘနည်းပါးကြ၏၊ ဘုရားရှင်နှင့်တကွ သံဃာတော်ငါးရာ, သံဃာတော်တစ်ထောင်ဆွမ်းကပ်သည်၊ သက်နိုးစသော ဒါနဝတ္ထု လှူဒါန်းသည်ဟူသော အကြောင်းဝတ္ထုများကို ကျမ်းဂန်များ၌ များစွာ တွေ့ရသော်လည်း ရဟန်းမငါးရာ တစ်ထောင်ပင့်၍ ဆွမ်းကပ်သည်၊ သက်နိုးစသည် လှူဒါန်းသည်ဟူ၍ကား ကျမ်းဂန်တို့၌ တွေ့ရခဲ၏။

မြတ်စွာဘုရား၏ လက်ဝဲတော်ရံ တန်ခိုးအရာ ဧတဒဂ်ဘွဲ့ထူးရ အဂ္ဂသာဝိကာဖြစ်သော ဥပ္ပလဝဏ္ဏာထေရီမသည် သာဝတ္ထိပြည် အန္ဓဝန်၌ နေ့သန့်စင်ရာအခါ ပံသုကူအသားကင်ထုပ်ကိုရ၍ ချက်ပြုတ်စီရင်ပြီးလျှင် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူသော မြတ်စွာဘုရားအား လှူဒါန်းဆက်ကပ်ရန် ရည်ရွယ်၍ တန်ခိုးဖြင့် သွားရောက်လေရာ ဘုရားရှင် ဆွမ်းခံကြွတော်မူခိုက်ဖြစ်သဖြင့် "မြတ်စွာဘုရားအား ဆက်ကပ်လိုက်ပါဘုရား"ဟု လျှောက်ထား၍ အရှင်ဥဒါယီထံ ဆက်ကပ်သည်၊ အရှင်ဥဒါယီက ဥပ္ပလဝဏ်ထေရီ၏ သင်းပိုင်ကို အလှူခံရာ-

**"မယံ ခေါ ဘန္တေ မာတုဂါမာ နာမ ကိစ္ဆလာဘာ၊ ဣဒဉ္စ မေ အန္တိမံ ပဉ္စမံ စီဝရံ၊ နာဟံ ဒဿာမ-**

အရှင်ဘုရား၊ တပည့်တော်မတို့ မာတုဂါမများမည်သည် ဆင်းရဲငြိုငြင်သော လာဘ်ရှိကြပါသည်၊ ဤသင်းပိုင်ဟာ တပည့်တော်မ၏ ငါးထည်မြောက် နောက်ဆုံးပိတ်သက်နိုး ဖြစ်ပါသည်၊ တပည့်တော်မ မလှူပါရစေနှင့်" ဟု လျှောက်ထားသည်။

(ပါရာဇိကကဏ္ဍ ပါဠိ- ၃၀၉။)

ဤဝတ္ထုကို ထောက်ဆ၍ ဘိက္ခုနီများကို ဒါယကာ, ဒါယိကာမ များ၏ အားပေးချီးမြှောက်ထောက်ပံ့မှု နည်းပါးကြောင်း, ဘိက္ခုနီများ လာဘ် လာဘနည်းပါးကြောင်း သိသာ၏။

ဤသည်လည်း ဘိက္ခုနီသာသနာ လျင်မြန်စွာ ကွယ်ပျောက်ခြင်း၏ အကြောင်းတစ်ရပ် ဖြစ်နိုင်သည်။

၆။ ဒုတိယသင်္ဂါယနာတင်ပွဲအပြီးတွင် ဝဇ္ဇီတိုင်းသားရဟန်းများသည် ရဟန္တာမဟာထေရ်ကြီးများ၏ အဆုံးအဖြတ်ကို မနာခံကြဘဲ မဟာ သံဃိကဟူသောအမည်ဖြင့် ဂိုဏ်းသီးခြားခွဲ၍ ထောင်ကြသည်၊ နောင် အခါ ဝါဒကွဲ ဂိုဏ်းပေါင်း ၁၈-ဂိုဏ်းအထိ ကွဲပြားသွားသည်၊ ထို ၁၈- ဂိုဏ်းတို့တွင် ထေရဝါဒပင်မဂိုဏ်းတစ်ဂိုဏ်းသာ ဘုရားဟောဒေသနာ တော်အတိုင်းကျင့်သုံး၍ အခြားဂိုဏ်းကွဲများသည် ဘုရားဟော ဒေသနာ များကို မိမိတို့သဘောကျ ပြင်ဆင်ခြင်း, ဖြုတ်ပယ်ခြင်း, ဖြည့်စွက်ခြင်း ပြုလုပ်ခဲ့ကြသည်၊ နောင်အခါ ထိုဂိုဏ်းကွဲများသည် တပေါင်းတည်း ဖြစ်ကာ မဟာယာနဟူသော အမည်ဖြင့် ထင်ရှားပြန့်နှံ့ သွားသည်၊ ထိုမဟာယာနဂိုဏ်း၏ လွှမ်းမိုးမှုကြောင့် ထေရဝါဒ ပင်မဗုဒ္ဓသာသနာ သည် (မဇ္ဈိမဒေသ) အိန္ဒိယ၌ မတည်နိုင်တော့ဘဲ (မဇ္ဈိမဒေသ)အိန္ဒိယမှ အပသို့ ရောက်သွားခဲ့ရသည်၊ ဤသည်လည်း (မဇ္ဈိမဒေသ) အိန္ဒိယ၌ ဘိက္ခုနီသာသနာ လျင်မြန်စွာ ကွယ်ပျောက်ရခြင်း၏ အကြောင်းတစ်ရပ် ဖြစ်နိုင်သည်။

၇။ (မဇ္ဈိမဒေသ)အိန္ဒိယ၌ ဘိက္ခုနီသာသနာ ကွယ်ပျောက်ပြီးနောက် သီဟိုဠ်ကျွန်း၌ ဘိက္ခုနီသာသနာ ဆက်လက်တည်ရှိခဲ့သော်လည်း သီဟိုဠ် ကျွန်းဝယ် ဗြာဟ္မဏတိဿသူပုန်ဘေးကြီးစသော သတ္ထန္တရ, ဒုဗ္ဘိက္ခန္တရ ဘေးဆိုးကြီးများ အကြိမ်ကြိမ် ဖြစ်ပေါ်ခဲ့ရာ ရဟန်းတော်များသည်

မိမိတို့ကိုယ်တိုင်ပင် ဆင်းရဲငြိုငြင်စွာ အသက်မွေးနေကြသဖြင့် ရဟန်းမ များကို စောင့်ရှောက်မှု မပြုနိုင်ကြချေ၊ မာတုဂါမများသည် ဘေးရန် ထူပြော ဖျက်ဆီးသူ ပေါများလှသည်၊ဖျက်ဆီးရန်လည်း လွယ်ကူလှသည်၊ ဤသည်လည်း ဘိက္ခုနီသာသနာ လျင်မြန်စွာ ကွယ်ပျောက်ရခြင်း၏ အကြောင်းတစ်ရပ် ဖြစ်နိုင်သည်။

ဤသို့စသော အကြောင်းများကြောင့် ဘိက္ခုနီသာသနာသည် သာသနာတော်နှစ် ၅၀၀-အတွင်းမှာပင် ကွယ်ပျောက်ခဲ့သည်ဟု မှတ်ယူ ရာ၏။

## ယခုကာလဝယ် ထေရဝါဒဗုဒ္ဓသာသနာတော်၌ ဘိက္ခုနီ မရှိနိုင်

### ထေရဝါဒ

"ထေရဝါဒ"ဆိုသည်မှာ ပဌမသင်္ဂါယနာမှ ဆဋ္ဌသင်္ဂါယနာအထိ သင်္ဂါ ယနာ ၆-တန်တင်ထားသော ပါဠိတော်, အဋ္ဌကထာ, ဋီကာအစရှိသော ပိဋကကိုဆိုသည်ဟူသော သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း အခန်း- ၁ အပိုဒ်-၂၊ အပိုဒ်ခွဲ(စ)နှင့်အညီ "ထေရဝါဒ ဗုဒ္ဓသာသနာတော်"ဆို သည်မှာလည်း ဘုရားဟောဒေသနာတော်များကို ပြင်ဆင်ခြင်း,ဖြုတ် ပယ်ခြင်း, ဖြည့်စွက်ခြင်း မပြုဘဲ သင်္ဂါယနာ ၆-တန် တင် ပိဋကတ်တော် အတိုင်းသာ လိုက်နာကျင့်သုံးသော အရှင်မဟာကဿပထေရ်စသော ရဟန္တာအရှင်မြတ်ကြီးများ၏ ကျင့်ရိုးစဉ်လာ ဘုရားရှင်အဆုံးအမတော် များသာ ဖြစ်သည်။

ထေရဝါဒ ဗုဒ္ဓဘာသာဝင် ရဟန်းတော်များသည် အရှင်မဟာကဿပ ထေရ်စသော ရဟန္တာအရှင်မြတ်ကြီးများ လက်ထက်မှစ၍ ယခု

မျက်မှောက် ခေတ်အထိ ဘုရားရှင်အဆုံးအမတော်များကို ပြင်ဆင်, ဖြုတ်ပယ်, ဖြည့်စွက်ခြင်း, မိမိလိုရာဆွဲ၍ အဓိပ္ပါယ်ဖွင့်ဆိုခြင်း မပြုဘဲ ရှေးကျင့်ရိုးအစဉ်အလာအတိုင်းသာ ကျင့်သုံးတော်မူကြသည်။

ထို့ကြောင့် ယခုကာလ၌ ထေရဝါဒဗုဒ္ဓသာသနာတော်ဝယ် ဘိက္ခုနီ ရှိသင့်/ မရှိသင့်ကို စိစစ်ရာ၌ ထိုသင်္ဂါယနာ ၆-တန်တင် ထေရဝါဒ ပိဋကတ်တော်များနှင့် အညီသာ စိစစ်မည်ဖြစ်သည်။

## ဘိက္ခုနီသံဃာ၌ ရဟန်းမခံရသေးသော မာတုဂါမကို ဘိက္ခုသံဃာက ရဟန်းခံပေးခြင်းငှာမအပ်

မြတ်စွာဘုရားသည် ငါးဝါမြောက် ဝေသာလီပြည် မဟာဝုန်တော အတွင်း ကူဋာဂါရသာလာကျောင်းတော်ဝယ် ဝါဆိုတော်မူစဉ်အခါ မိထွေး တော်မဟာပဇာပတိဂေါတမီ၏ လျှောက်ထားချက်ကို အကြောင်းပြု၍- ဂရုဓမ်ရှစ်ပါးတွင် ဆဋ္ဌဂရုဓမ်ဖြင့် ဥဘတောသံဃာ၌ ရဟန်းအဖြစ်ကို ရှာရမည်ဟု ဥဘတောဥပသမ္ပန္နရဟန်းမ အဖြစ်ကို ခွင့်ပြုပညတ်တော် မူပြီးဖြစ်သော်လည်း သာကီဝင်မင်းသမီးငါးရာတို့ ရဟန်းမ ပြုရာ အခါ၌ ဘိက္ခုနီသံဃာ မပေါ်ပေါက်သေးသောကြောင့်သာ---

**"အနုဇာနာမိ ဘိက္ခဝေ ဘိက္ခူဟိ ဘိက္ခုနိယော ဥပသမ္ပာဒေတုံ"-**

ဟု ရဟန်းယောကျ်ားတို့က ရဟန်းမတို့ကို ရဟန်းမ ပြုပေးရန် အနုပညတ် အဖြစ်ဖြင့် ဧကတောဥပသမ္ပန္နဘိက္ခုနီအဖြစ်ကို ခွင့်ပြုတော်မူခဲ့လေသည်။ ထိုသာကီဝင်မင်းသမီးငါးရာတို့ ရဟန်းမ ပြုပြီးရာအခါမှနောက်၌ ရဟန်းမ ပြုလိုသော မာတုဂါမများကို ဥဘတောဥပသမ္ပန္န ပညတ်တော်အတိုင်း ရှေးဦးစွာ ဘိက္ခုနီသံဃာ၌ ရဟန်းခံပြီးမှသာ ဘိက္ခုသံဃာ၌ ရဟန်းခံရိုး

အစဉ်အလာရှိခဲ့သည်။ သာကီဝင်မင်းသမီး ငါးရာတို့မှတပါး ဘုရားရှင် လက်ထက်တော်မှစ၍ သာသနာတော်နှစ် ၂၅၀၀-ကျော်သည့်တိုင်အောင် ဘိက္ခုသံဃာတစ်ဖက်၌သာ ရဟန်းခံရိုး အစဉ်အလာ ထေရဝါဒဗုဒ္ဓ သာသနာတော်၌ 'လုံး၀' မရှိခဲ့ချေ။

ဘိက္ခုနီသံဃာ၌ ရဟန်းမခံရသေးသော မာတုဂါမကို ဘိက္ခုသံဃာ က ရဟန်းခံပေးခြင်းငှာ မအပ်၊ ယင်းသို့ မအပ်သည်၏အဖြစ်ကို---

**"တသ္မိံ ခေါ ပန သမယေ အနုဠာဒေဝီ ပဗ္ဗဇိတုကာမာ ဟုတွာ ရညော အာရောစေသိ၊ ရာဇာ တဿာ ၀စနံ သုတွာ ထေရံ ဧတဒဝေါစ 'အနုဠာ ဘန္တေ ဒေဝီ ပဗ္ဗဇိတုကာမာ၊ ပဗ္ဗာဇေထ န'န္တိ၊ န မဟာရာဇ အမှာကံ မာတုဂါမံ ပဗ္ဗာဇေတုံ ကပ္ပတိ၊ ပါဋလိပုတ္တေ ပန မယှံ ဘဂိနီ သံဃမိတ္တတ္ထေရီ နာမ အတ္ထိ၊ တံ ပက္ကောသာပေဟိ"-**

ဟူသော ပါရာဇိကကဏ္ဍအဋ္ဌကထာပါဠိဖြင့် သိအပ်၏။

(ပါရာဇိကကဏ္ဍအဋ္ဌကထာ--ပဌမအုပ်-၆၇)။

**အနက်**။ ။ တသ္မိံ ခေါ ပန သမယေ-ထိုအခါ၌၊ အနုဠာဒေဝီ-အနုဠာ မိဖုရားသည်၊ ပဗ္ဗဇိတုကာမာ-ရှင်ရဟန်းပြုလိုသည်၊ ဟုတွာ-ဖြစ်၍၊ ရညော-မင်းအား၊ အာရောစေသိ-သံတော်ဦးတင်ပြီ၊ ရာဇာ-မင်းသည်၊ တဿာ-ထိုအနုဠာဒေဝီ၏၊ ၀စနံ-စကားကို၊ သုတွာ-ကြား၍၊ ထေရံ-ထေရ်ကို၊ "ဘန္တေ-အရှင်ဘုရား၊ အနုဠာဒေဝီ-အနုဠာဒေဝီသည်၊ ပဗ္ဗဇိတုကာမာ-ရှင်ရဟန်းပြုလိုပါ၏၊ နံ-ထိုအနုဠာဒေဝီကို၊ ပဗ္ဗာဇေထ-ရှင်ရဟန်း ပြုတော်မူပါကုန်"၊ ဣတိ-ဤသို့၊ ဧတံ၀စနံ-ဤစကားကို၊ အဝေါစ-လျှောက်ထားပြီ၊ မဟာရာဇ-မင်းမြတ်၊ အမှာကံ-

ငါတို့အား၊ မာတုဂါမံ-မာတုဂါမကို၊ ပဗ္ဗာဇေတုံ-ရှင်ရဟန်းပြုပေးခြင်းငှာ၊ န ကပ္ပတိ-မအပ်၊ ပါဠိလိပုတ္တေပန-ပါဋလိပုတ်ပြည်၌ကား၊ မယှံ-ငါ၏၊ ဘဂိနီ-နှမတော်ဖြစ်သော၊ သံဃမိတ္တာတ္ထေရီနာမ-သံဃ မိတ္တာထေရီမည်သည်၊ အတ္ထိ-ရှိ၏၊ တံ-ထိုသံဃမိတ္တာထေရီကို၊ ပက္ကောသာပေဟိ-ပင့်ခေါ်စေလော့။

"ငါတို့အား မာတုဂါမကို ရဟန်းမ ပြုပေးခြင်းငှာ မအပ်"ဆိုသည်မှာ ဘိက္ခုနီသံဃာ၌ ရဟန်းမ မပြုရသေးသော မာတုဂါမကို ရှေးဦး စွာ ရဟန်းမ ပြုပေးခြင်းငှာ မအပ်သည်ကို ရည်ရွယ်၍ မိန့်တော် မူသည်။ ဘိက္ခုနီသံဃာ၌ ရဟန်းမ ပြုပြီးသော ဧကတောဥပသမ္ပန္န ဘိက္ခုနီ ကိုကား ဘိက္ခုသံဃာက ထပ်မံ၍ ရဟန်းမ ပြုပေးရမည်။ ထို့ကြောင့် ပါဋလိပုတ်ပြည်၌ ငါ၏နှမတော် သံဃမိတ္တာထေရီရှိသည်၊ သူ့ကိုပင့်ခေါ်စေလော့" ဟု မိန့်တော်မူသည်။

"ငါတို့အား မာတုဂါမကို ရဟန်းမ ပြုပေးခြင်းငှာ မအပ်"ဟူသော အရှင်မဟိန္ဒ၏စကားတော်ကို ပရိယာယ်စကားဟု လိုသလိုဆွဲယူရန် အကြောင်းလုံးဝ မရှိပါ။ ပရိယာယ်စကားဖြစ်ကြောင်း ဋီကာကြီးများ၌ အရိပ်အမြွက်မျှ ဖွင့်ပြတော်မမူကြ၊ ဘိက္ခုနီမ များထံ၌ ဦးစွာ ရဟန်းမ မပြုရသေးသော အမျိုးသမီးများကို ရဟန်းများက ရဟန်းမ ပြုပေးရန် မအပ်သောကြောင့်ပင် "ငါတို့အား မာတုဂါမကို ရဟန်းမ ပြုပေးခြင်းငှာ မအပ်"ဟု ဆိုခြင်းဖြစ်သည်။

## ဧကတောဥပသမ္ပန္နပညတ် ပျက်ပုံ

ဘိက္ခုသံဃာတစ်ဖက်၌သာ ရဟန်းမ ပြုရန် ခွင့်ပြုသော ဧကတော ဥပသမ္ပန္နပညတ်ကို မြတ်စွာဘုရား ပယ်မြစ်တော် မမူခြင်းကြောင့်

ဧကတောဉပသမ္ပန္နမပျက်ဟု အချို့ပုဂ္ဂိုလ်တို့ ထင်မြင်ယူဆကြသော်လည်း ယင်းဧကတောဉပသမ္ပန္န ပယ်မြစ်အပ်ပြီးဖြစ်သည်၏ အဖြစ်ကို-

**"ဉဘတောသံဃေ ဉပသမ္ပန္နာတိ ဘိက္ခုနံ သန္တိကေ ဉပသမ္ပဒါယ ပဋိက္ခိတ္တတ္တာ တဒနုပ္ပသင်္ဂဘယာ ဧဝံ ဝုတ္တန္တိ ဝေဒိတဗ္ဗံ"**-

ဟူသော ဝဇိရဗုဒ္ဓိဋီကာပါဌ်ဖြင့် သိအပ်၏။

(ဝဇိရဗုဒ္ဓိ--၂၃၇။)

**အနက်။** ။ ဉဘတောသံဃေဉပသမ္ပန္နာတိ-ဉဘတောသံဃေ ဉပသမ္ပန္နာ ဟူသည်ကား၊ ဘိက္ခုနံ-ရဟန်းယောကျ်ားတို့၏၊ သန္တိကေ-အထံ၌၊ ဉပသမ္ပဒါယ-မြင့်မြတ်သောရဟန်းမအဖြစ်သို့ ရောက်ခြင်း ကို (ဝါ) ပဥ္စင်း ခံခြင်းကို၊ ပဋိက္ခိတ္တတ္တာ-ပယ်မြစ်အပ်ပြီးသည်၏ အဖြစ်ကြောင့်၊ တဒနုပ္ပသင်္ဂဘယာ-ထိုဘိက္ခုသံဃာတစ်ဖက်၌သာ ပဥ္စင်းခံခြင်းဝယ် လျဉ်းပါးဖွယ်မှ စိုးရိမ်ခြင်းကြောင့်၊ ဧဝံ-ဤသို့ "ဉဘတောသံဃေ ဉပသမ္ပန္နာ" ဟူ၍၊ ဝုတ္တံ-မြတ်စွာဘုရား ဟောတော် မူအပ်ပြီ၊ ဣတိ-ဤသို့၊ ဝေဒိတဗ္ဗံ-သိအပ်၏။

## ရှင်းလင်းချက်

ဤဝဇိရဗုဒ္ဓိဋီကာစကားရပ်သည် ပါရာဇိကကဏ္ဍပါဠိတော်၊ နဿဂ္ဂိယ ကဏ္ဍ၊ ပုရာဏစီဝရသိက္ခာပုဒ်၌ "**ဘိက္ခုနီ**"ပုဒ်၏ ပဒဘာဇနီဖြစ်သော "**ဘိက္ခုနီ နာမ ဉဘတောသံဃေ ဉပသမ္ပန္နာ**"ဟူသော ပါဌ်ကို ဖွင့်ပြသော စကားရပ်ဖြစ်သည်။

**"ဘိက္ခုနိ နာမ ဥဘတောသံဃေ ဥပသမ္ပန္နာ"** ဟူသော ပဒဘာဇနီပါဠိတော်၏ အဓိပ္ပါယ်မှာ --- ပုရာဏစီဝရ သိက္ခာပုဒ်ဝယ် **"ဘိက္ခုနိယာ"**ဟူသော ပုဒ်၌ "ဘိက္ခုနီမည်သည် ရဟန်းယောကျ်ား, ရဟန်းမ နှစ်ဖက်လုံးတို့၏ အထံ၌ ပဥ္စင်းဖြစ်သော ရဟန်းမတည်း"ဟု ဆိုလိုသည်။

အရှင်ဋီကာဆရာ---ဘိက္ခုနီသည် ရဟန်းယောကျ်ားတို့၏ အထံ၌ ပဥ္စင်းဖြစ်သော ဘိက္ခုနီ, ရဟန်းယောကျ်ား, ရဟန်းမ နှစ်ဖက်လုံးတို့၏အထံ၌ ပဥ္စင်းဖြစ်သော ဘိက္ခုနီဟူ၍ နှစ်မျိုးရှိသည် မဟုတ်ပါလော? ယင်းသို့ နှစ်မျိုးရှိပါလျက် အဘယ့်ကြောင့် **"ဥဘတောသံဃေ ဥပသမ္ပန္နာ"** ဟု မြတ်စွာဘုရား ဟောတော်မူအပ်ပါသနည်း" ဟု စောဒနာဖွယ် ရှိသောကြောင့် **"ဥဘတောသံဃေ ဥပသမ္ပန္နာတိ ဘိက္ခုနံ သန္တိကေ ဥပသမ္ပဒါယ ပဋိက္ခိတ္တတ္တာ တဒနုပ္ပသင်္ဘယာ ဝေံ ဝုတ္တန္တိ ဝေဒိတဗ္ဗံ"**ဟု ဋီကာဆရာ မိန့်တော်မူအပ်၏။

**အဓိပ္ပါယ်ကား**---ဘိက္ခုနီသည် ရဟန်းယောကျ်ားတို့၏အထံ၌ ပဥ္စင်းဖြစ်သော ဘိက္ခုနီ, ရဟန်းယောကျ်ား, ရဟန်းမနှစ်ဖက် လုံးတို့၏ အထံ၌ ပဥ္စင်းဖြစ်သော ဘိက္ခုနီဟူ၍ နှစ်မျိုးရှိသော်လည်း ရဟန်း ယောကျ်ားတို့၏ အထံ၌ ပဥ္စင်းဖြစ်သော ဘိက္ခုနီကို ပယ်အပ်ပြီးဖြစ်သောကြောင့် ထိုရဟန်း ယောကျ်ားတို့၏အထံ၌ ပဥ္စင်းဖြစ်သော ဘိက္ခုနီများ ပါဝင်လာမည် စိုးရကား ထိုရဟန်းယောကျ်ားတို့၏အထံ၌ ပဥ္စင်းဖြစ်သော ဘိက္ခုနီများ မပါဝင်နိုင်အောင် **"ဥဘတော သံဃေ ဥပသမ္ပန္နာ"**ဟု မြတ်စွာဘုရား ဟောတော်မူအပ်၏ဟု ဆိုလိုသည်။

ဤမှုသာမကသေး၊ ဧကတောဥပသမ္ပန္န ပညတ်ပျက်သည်၏အဖြစ်ကို ဖော်ပြလတ္တံ့သော ဝဇိရဗုဒ္ဓိဋီကာပါဠိဖြင့်လည်း သိအပ်၏။

**"အယံ ဣမသ္မိံ အတ္တေ အဓိပ္ပေတော ဘိက္ခုတိ ပဋိက္ခိတ္တာယ သရဏဂမနူပသမ္ပဒါယ အနုညာတပဗ္ဗသင်္-ဘယာတိ ဥပတိဿထေရော၊ အာပတ္တိယာ ဘဗ္ဗတံ သန္ဓာယ တသ္မိမ္ပိ ဝုတ္တေ ပုဗ္ဗေ ပဋိက္ခိတ္တာပိ သာ ပုန ဧဝံ ဝဒန္တေန အနုညာတာတိ ဘိက္ခုနံ မိစ္ဆာဂါဟော ဝါ ဝိမတိ ဝါ ဥပ္ပဇ္ဇတိ၊ တသ္မာ န ဝုတ္တာတိ ဝုတ္တံ ဟောတိ။ တံ"ဘိက္ခုနီ နာမ ဥဘတောသံဃေ ဥပသမ္ပန္နာ"တိ ဣမိနာ သမေတိ။ ဣဒဥ္စ ဿာကိယာဒီနံ (ဿာကိယာနီနံ) အနုညာတဥပသမ္ပဒါယ အနုပ္ပဗန္ဓာဘယာ ဝုတ္တံ"။**

(ဝဇိရဗုဒ္ဓိဋီကာ--၉၂)

**အနက်**။"အယံ ဣမသ္မိံ အတ္တေ အဓိပ္ပေတော ဘိက္ခု"တိ ဧတံ-အယံ ဣမသ္မိံ အတ္တေ အဓိပ္ပေတော ဘိက္ခုဟူသော ဤစကားကို၊ ပဋိက္ခိတ္တာယ-ရှေး၌ပယ်အပ်ပြီးသော၊ သရဏဂမနူပသမ္ပဒါယ- သရဏဂုံဖြင့် ပဥ္စင်းခံခြင်း၏၊ (ဝါ) သရဏဂုံဖြင့် ပဥ္စင်းခံခြင်းကို၊ အနုညာတပဗ္ဗသင်္ဘယာ-ခွင့်ပြုတော်မူအပ်၏ဟုလျှဉ်းပါးခြင်းမှ ကြောက်ခြင်းကြောင့်၊ ဝုတ္တံ-ဟောတော်မူအပ်၏၊ ဣတိ-ဤသို့၊ ဥပတိဿတ္ထေရော-ဥပတိဿထေရ်သည်၊ ဝဒတိ-မိန့်ဆို၏၊ အာပတ္တိယာ-အာပတ်၏၊ ဘဗ္ဗတံ-ထိုက်သည်၏ အဖြစ်ကို၊ (အာပတ္တိယာ ဘဗ္ဗတံ-အာပတ် သင့်ထိုက်သည်၏အဖြစ်ကို)၊ သန္ဓာယ-ရည်ရွယ်၍၊ တသ္မိမ္ပိ-ထိုသရဏ ဂမနူပသမ္ပဒါကိုလည်း၊ ဝုတ္တေ-ဟောတော်မူအပ်သော်၊ ပုဗ္ဗေ-ရှေး၌၊ ပဋိက္ခိတ္တာပိ-ပယ်အပ်ပြီးသည်လည်း ဖြစ်သော၊ သာ-ထိုသရဏ ဂမနူပသမ္ပဒါကို၊ ဧဝံ ဝဒန္တေန-ဤသို့ ဘိက္ခု သဒ္ဒါ၏ပဒဘာဇနီ၌ဟောတော်မူသော မြတ်စွာဘုရားသည်၊ အနုညာတာ-ခွင့်ပြုတော်မူအပ်၏၊ ဣတိ-ဤသို့၊ ဘိက္ခုနံ-ရဟန်းတို့၏၊ မိစ္ဆာဂါဟောဝါ-

များယွင်းစွာယူခြင်းသည် လည်းကောင်း၊ ဝိမတိဝါ-ႇ ဘွားတောယုံမှားခြင်းသည်လည်းကောင်း၊ ဥပ္ပဇ္ဇတိ-ဖြစ်နိုင်၏၊ တသ္မာ-ထို့ကြောင့်၊ န ဝုတ္တာ-(သရဏ ဂမနူပသမ္ပဒါကို) ဟောတော်မမူအပ်၊ ကတ္တိ-ဤသို့၊ ဝုတ္တံ-ဆိုအပ်သည်၊ (ဝါ) ဆိုလိုသည်၊ ဟောတိ-ဖြစ်၏။

တံ-ထိုစကားသည်၊ "ဘိက္ခုနီ နာမ ဥဘတောသံဃေ ဥပသမ္ပန္နာ"တိ ကမိနာ-"ဘိက္ခုနီ နာမ ဥဘတောသံဃေ ဥပသမ္ပန္နာ" ဟူသော ဤပါဠိတော်နှင့်၊ သမေတိ-ညီညွတ်၏၊ ဟိ-မှန်၏၊ ကဒံ- ဤဘိက္ခုနီ နာမ ဥဘတောသံဃေ ဥပသမ္ပန္နာဟူသောစကားကို၊ သာကိယာဒိနံ-သာကီဝင်မင်းသမီး အစရှိသော ဘိက္ခုနီတို့အား၊ (သာကိယာနိနံ-သာကီဝင်မင်းသမီးဘိက္ခုနီတို့အား-မူကွဲ)၊ အနုညာတ ဥပသမ္ပဒါယ-ခွင့်ပြုတော်မူအပ်သော ဘိက္ခုဧကတောဥပသမ္ပဒါ၏၊ အနုပ္ပဗန္ဓဘာယာ-အစဉ်မပြတ်ဖွဲ့စပ်ပါဝင်ခြင်းမှ ကြောက်ခြင်းကြောင့်၊ ဝုတ္တံ-ဟောတော်မူအပ်၏။

ဤဝဇီရဗုဒ္ဓိဋီကာစကားရပ်သည် ပါရာဇိကကဏ္ဍပါဠိတော် ဘိက္ခုသဒ္ဒါ၏ ပဒဘာဇနီဖြစ်သော **"အယံ ဣမသ္မိံ အတ္ထေ အဓိပ္ပေတော ဘိက္ခု"** ဟူသော ပါဠ်ကို ဖွင့်ပြသော စကားရပ်ဖြစ်သည်။

ဤစကားရပ်၏ အဓိပ္ပါယ်မှာ- ပယ်အပ်ပြီးသော သရဏဂမနူပသမ္ပဒါကို ခွင့်ပြုအပ်သည်ဟု လျှဉ်းပါးခြင်းမှ ကြောက်ခြင်းကြောင့်(လျှဉ်းပါးမည်ကို စိုးရိမ်ခြင်းကြောင့်) ဤဉတ္တိစတုတ္ထကံဖြင့် ပဉ္စင်းဖြစ်သော ရဟန်းကိုသာ ဤပဌမပါရာဇိကသိက္ခာပုဒ်အရာ၌ ဘိက္ခုဟု အလိုရှိအပ်၏ဟု ဟောတော်မူအပ်သည်ဟု ဥပတိဿထေရ်မိန့်ဆိုသည်။ အာပတ်သင့်

ထိုက်သောရဟန်းကို ရည်ရွယ်၍ ထိုသရဏဂုံဖြင့် ပဥ္စင်းဖြစ်သော ရဟန်းကို ဟောတော်မူခဲ့လျှင် ဤသို့ ဟောတော်မူသော မြတ်စွာဘုရားသည် ရှေး၌ ပယ်အပ်ပြီးသော ထိုသရဏဂမနူပသမ္ပဒါကို တစ်ဖန်ပြန်၍ ခွင့်ပြုတော်မူအပ်၏ဟု အယူမှားခြင်း, ယုံမှားခြင်း ဖြစ်ဖွယ်ရှိသောကြောင့် ထိုသရဏဂုံဖြင့် ပဥ္စင်းဖြစ်သော ရဟန်းကို ဘိက္ခုပုဒ်၌ ဟောတော် မမူဟု ဆိုလို့သည်၊ (ဤကား ဥပမေယျစကားဖြစ်သည်။ ဤဥပမေယျစကားသည် ဤဘိက္ခုသဒ္ဒါ၏ ပဒဘာဇနီကို ဖွင့်ပြရာ၌ လိုရင်းပဓာနစကားဖြစ်သည်)။ ထိုဥပတိဿထေရ်၏စကားသည် "**ဘိက္ခုနီ နာမ ဥဘတော သံဃေ ဥပသမ္ပန္နာ**"ဟူသော ပါဠိတော်နှင့် ညီညွတ်သည်။ ဤ ဘိက္ခုနီ နာမ ဥဘတောသံဃေ ဥပသမ္ပန္နာဟူသော စကားကိုလည်း သာကီဝင်မင်းသမီးအစရှိသော ရဟန်းမတို့အား ခွင့်ပြုအပ်သော (သာကီဝင်မင်းသမီး ရဟန်းမတို့အား ခွင့်ပြုအပ်သော-မူကွဲ) ဘိက္ခု-ဧကတော ဥပသမ္ပဒါ ပါဝင်လာခြင်းမှ စိုးရိမ်ခြင်းကြောင့် မြတ်စွာ ဘုရား ဟောတော် မူအပ်၏ဟူလို၊ (ဤကား- ဥပမာနစကားရပ် ဖြစ်သည်၊ ဤဥပမာနစကား ရပ်သည် ဤဘိက္ခုသဒ္ဒါ၏ ပဒဘာဇနီ ဖွင့်ပြရာ၌ လိုရင်းမဟုတ်သော အပဓာန စကားရပ်ဖြစ်သည်။)

ဧကတောဥပသမ္ပန္နပညတ် ပျက်သည် ၏အဖြစ်ကို ပြဆိုရာဖြစ်သော ဤအရာ၌ကား ဤဥပမာနဖြစ်သော နောက်စကားရပ်သည် သာဓကပြလိုရင်း ပဓာနစကားဖြစ်သည်။ ဤ စကားရပ်၏ အဓိပ္ပါယ်ကား ပါစိတ်ပါဠိတော် ဘိက္ခုနုပဿယသိက္ခာပုဒ်၌ ဘိက္ခုနီဟူသော သာမညပုဒ်ကို "**ဘိက္ခုနီ နာမ ဥဘတော သံဃေ ဥပသမ္ပန္နာ**"ဟု မြတ်စွာဘုရား ဖွင့်ပြတော်မူသည်၊ "ဘိက္ခုနီ မည်သည် ဘိက္ခုသံဃာ, ဘိက္ခုနီသံဃာနှစ်ဖက်၌ ပဥ္စင်းအဖြစ်သို့ ရောက်သော ရဟန်းမတည်း"ဟူလို။

ဘိက္ခုနီသည် ဘိက္ခုသံဃာတစ်ဖက်၌သာ ပဋ္ဌင်းဖြစ်သော ဧကတော ဥပသမ္ပန္နဘိက္ခုနီ, ဘိက္ခုသံဃာ ဘိက္ခုနီသံဃာနှစ်ဖက်လုံး၌ ပဋ္ဌင်း ဖြစ်သော ဥဘတောဥပသမ္ပန္နဘိက္ခုနီဟူ၍ နှစ်မျိုးရှိ၏၊ ဘိက္ခုနီဟူသော သာမည စကားရပ်သည် ထိုဘိက္ခုနီ နှစ်မျိုးလုံးနှင့် သက်ဆိုင်၏။ နှစ်မျိုးလုံး ပါဝင်နိုင်၏။ ထိုဘိက္ခုနီ နှစ်မျိုးတို့အနက် ဧကတောဥပသမ္ပန္နပညတ်ကို ပယ်တော်မူပြီးဖြစ်၏။ ဘိက္ခုနီဟု သာမညသာ ဟောတော်မူလျှင် ထိုပယ်အပ်ပြီးသော ဧကတောဥပသမ္ပန္န ဘိက္ခုနီလည်း ပါဝင်လာနိုင်၏။ ထိုပယ်အပ်ပြီးသော ဧကတောဥပသမ္ပန္န ဘိက္ခုနီ မပါဝင်နိုင်အောင် **"ဘိက္ခုနီ နာမ ဥဘတောသံဃေ ဥပသမ္ပန္နာ**- ဘိက္ခုနီ မည်သည် ဘိက္ခုသံဃာ, ဘိက္ခုနီသံဃာနှစ်ဖက်လုံး၌ ပဋ္ဌင်းဖြစ်သော ဘိက္ခုနီတည်း" ဟု မြတ်စွာဘုရားဟောတော်မူအပ်၏ဟူလို။

ဤဝဇီရဗုဒ္ဓိစကားရပ်ဖြင့် ဧကတော ဥပသမ္ပန္နပညတ် ပျက်သည်၏ အဖြစ်သည် လယ်ပြင်၌ ဆင်သွားသကဲ့သို့ ထင်ရှားလှပေသည်။ (နောက်၌ လည်း ထပ်မံရှင်းပြဦးမည်)။

ထိုမှတပါး ဘိက္ခုဧကတော ဥပသမ္ပန္နဘိက္ခုနီကို ဖွင့်ပြရာ၌ ပါရာဇိက ကဏ္ဍအဋ္ဌကထာ ဒုတိယအုပ် စာမျက်နှာ-၂၄၂-၌ ---

**"ဘိက္ခုနံ သန္တိကေ ဥပသမ္ပန္နာ နာမ ပဥ္စသတာသာကိယာနိယော"**-

ဟူ၍လည်းကောင်း,

သာရတ္ထဒီပနီဋီကာ တတိယအုပ် စာမျက်နှာ ၄၃-နှင့် ဝိမတိဋီကာ ဒုတိယအုပ် စာမျက်နှာ ၂၁-တို့၌---

**"ဘိက္ခုနံ သန္တိကေ ဥပသမ္ပန္နာ နာမ ပရိဝတ္တလိင်္ဂါဝါ ပဉ္စသတသာကိယာနိယော ဝါ"**-

ဟူ၍လည်းကောင်း,

သာရတ္ထဒီပနီဋီကာ တတိယအုပ် စာမျက်နှာ ၁၁၁-၁၁၂-၌---

**"တတ္ထ ယာ တာ မဟာပဇာပတိဂေါတမိယာ သဒ္ဓိံ နိက္ခန္တာ ပဉ္စသတသာကိယာနိယော၊ တာ ဧကတော ဥပသမ္ပန္နာ ဘိက္ခုသံဃတော ဝေ လဒ္ဓူပသမ္ပဒတ္တာ"**-

ဟူ၍ လည်းကောင်း---

မိထွေးတော်ဂေါတမီနှင့် အတူတကွ ထွက်လာကြသော သာကီဝင် မင်းသမီးရဟန်းမ ငါးရာနှင့် ရဟန်းယောကျ်ားအဖြစ်မှ ဣတ္ထိလိင် ပြန်သော ရဟန်းမတို့ကိုသာ ဘိက္ခုဧကတောဥပသမ္ပန္နဘိက္ခုနီ ဖြစ်သည်ဟု ဖွင့်ပြကြသောကြောင့် သာကီဝင်မင်းသမီးရဟန်းမငါးရာနှင့် ရဟန်း ယောကျ်ားအဖြစ်မှ ဣတ္ထိလိင်ပြန်သော ရဟန်းမတို့မှတပါး အခြား ဘိက္ခုဧကတောဥပသမ္ပန္နဘိက္ခုနီ မရှိ သည်၏အဖြစ်ကို သန္နိဋ္ဌာန်ကျ မှတ်သားအပ်၏။

## ဧကတောဥပသမ္ပန္န ရဟန်းမ ပြုခွင့် မရှိတော့ခြင်း

မိထွေးတော်မဟာပဇာပတိဂေါတမီနှင့်အတူ ထွက်လာခဲ့ကြသော သာကီဝင်မင်းသမီးငါးရာတို့အတွက် ခွင့်ပြုခဲ့သော ဘိက္ခုဧကတော ဥပသမ္ပန္နရဟန်းမ ပြုခွင့်ကို ပယ်မြစ်တော်မမူခဲ့၍ ယခုအခါ၌ ဘိက္ခုနီ ပြုခွင့်ရှိနိုင်သေးသည်ဟု အချို့ပုဂ္ဂိုလ်များ ထင်မှတ်ဖွယ်ရာ ရှိသဖြင့် အမျိုးသား ရဟန်းသံဃာသက်သက်၌ အမျိုးသမီးများ ရဟန်းပြုလုပ်ခွင့် မရှိနိုင်တော့ကြောင်းကို အနည်းငယ်မျှ ရှင်းပြပါဦးမည်။

ရှေ့ပိုင်း၌ပြဆိုခဲ့သော စကားရပ်များကို သေချာစွာကြည့်ရှု လေ့လာလျှင်ပင် ယခုအခါ၌ ဘိက္ခုနီ(ရဟန်းမ)များ မရှိ နိုင်တော့ကြောင်းကို လက်ခံသဘောကျနိုင်လောက်ပေပြီ၊ သို့သော် ဘိက္ခုဧကတောဥပသမ္ပန္န ဘိက္ခုနီ ပြုခွင့်ကို ဘုရားရှင် ပယ်မြစ်တော် မမူခဲ့ဟု အချို့ပုဂ္ဂိုလ်များ ထင်မှတ်မှားခဲ့ကြပါသည်။ အမှန်မှာ ဘိက္ခုဧကတောဥပသမ္ပန္နဘိက္ခုနီ ပြုခွင့်ကို ဘိက္ခုနီသံဃာ မရှိသေး၍သာ အထူးအစီအစဉ်အဖြစ် ခွင့်ပြု တော်မူခဲ့ခြင်း ဖြစ်ပေသည်။ ဘိက္ခုဧကတောဥပသမ္ပန္နရဟန်းမ ပြုရန် ခွင့်ပြုတော် မမူမီကပင် ကြိုတင်၍ ပညတ်တော်မူအပ်သော ဂရုဓမ်ရှစ်ပါးလာ-

**"နှစ်နှစ်ပတ်လုံး ခြောက်ပါးသော တရားတို့၌ ကျင့်သုံးပြီးသော သိက္ခာရှိသော သိက္ခမာန်အား နှစ်ဖက်သော ဘိက္ခုသံဃာ, ဘိက္ခုနီသံဃာ၌ ရဟန်းခံခြင်းကို ရှာမှီးရမည်၊ ဤတရားကိုလည်း ရိုသေလေးစားမြတ်နိုးပူဇော်၍ အသက်ထက်ဆုံး မလွန်ကျူးအပ်"-**

ဟူသော ဆဋ္ဌဂရုဓမ်ဖြင့်ပင် ထိုဘိက္ခုဧကတောဥပသမ္ပန္န ရဟန်းမပြုခွင့်ကို ပယ်မြစ်တော်မူပြီး ဖြစ်သည်။

ဂရုဓမ်တရားရှစ်ပါးကို ပညတ်တော်မဟုတ်ဟု ဆိုသောပုဂ္ဂိုလ်များသည် ပရိဝါပါဠိတော်၌ ပြထားသော ပညတ်တော်ကိုးပါးကို သတိမမူမိကြဟန်မတူပါ၊ အမှန်မှာ ပရိဝါပါဠိတော်လာ ပညတ်တော်ကိုးပါး တို့တွင် ပါဝင်သော အနုပ္ပန္နပညတ်ဟူသည် ဂရုဓမ်ရှစ်ပါးပင် ဖြစ်ပေသည်။ ထို့ကြောင့်-

**"ဝေမေဝ ခေါ အာနန္ဒ မယာ ပဋိကစ္စေဝ ဘိက္ခုနီနံ အဋ္ဌ ဂရုဓမ္မာ ပညတ္တာ၊ ယာဝဇီဝံ အနတိက္ကမနီယာ- အာနန္ဒာ ဤအတူပင် ငါဘုရားသည် ရဟန်းမတို့အား ဂရုဓမ်ရှစ်ပါး တို့ကို <u>ကြိုတင်၍ ပညတ်တော်မူအပ်ကုန်ပြီ၊</u> အသက်ထက် ဆုံး မလွန်ကျူးအပ်ကုန်"-**

ဟု မြတ်စွာဘုရား ဟောတော်မူပါသည်။

ပရိဝါအဋ္ဌကထာ (စာမျက်နှာ-၁၃၈) ၌လည်း-

**"အယံ ဟိ အနုပ္ပန္နပညတ္တိ နာမ အနုပ္ပန္နေ ဒေါသေ ပညတ္တာ၊ သာ အဋ္ဌဂရုဓမ္မဝသေန ဘိက္ခုနီနံယေဝ အာဂတာ၊ အညတြ နတ္ထိ- ချဲ့ပြဦးမည်၊ ဤအနုပ္ပန္န ပညတ်မည်သည် အပြစ်မဖြစ်ပေါ်မီ ပညတ်အပ်သော ပညတ်တည်း၊ ထို အနုပ္ပန္နပညတ်သည် ရှစ်ပါးသော ဂရုဓမ်၏အစွမ်းဖြင့် ဘိက္ခုနီတို့ အတွက်သာ လာ၏၊ အခြားသိက္ခာပုဒ်၌မရှိ" -**

ဟု မိန့်တော်မူအပ်ပါသည်။

ဂရုဓမ်ရှစ်ပါးသည် ဘိက္ခုနီများအတွက် အသက်နှင့် ထပ်တူ လေးစား ရမည်ဖြစ်၍ ဘိက္ခုနီသာသနာရှိသမျှ လိုက်နာကြရန် ရည်သန်တော် မူချက်ဖြင့် ဘိက္ခုနီ တို့၏ ပုဗ္ဗင်္ဂမ ရှေ့သွားခေါင်းဆောင် ဘိက္ခုနီ အကြီး အကဲဖြစ်သော မဟာပဇာပတိဂေါတမီ ရဟန်း မဖြစ်မီကပင် ကြိုတင်၍ ပညတ်တော်မူခဲ့သည်။

ဘိက္ခုနီများ တည်ရှိရေးအတွက် အရေးအကြီးဆုံး ပညတ်တော် ဖြစ်သော ဂရုဓမ်ရှစ်ပါးကို မလိုက်နာဘဲ ဘိက္ခုနီများ ရပ်တည်ခွင့်မရှိ၊ ဂရုဓမ်ရှစ်ပါးလာ"**ဥဘတောသံဃေ ဥပသမ္ပဒါ ပရိယေသိတဗ္ဗာ- ဘိက္ခုသံဃာ, ဘိက္ခုနီသံဃာ နှစ်ဖက်သော သံဃာ၌ ရဟန်း**

**အဖြစ်ကို ရှာမှီးရမည်**"ဟူသော ပညတ်တော်ကို အလေးမပြုဘဲ ဘိက္ခုသံဃာတစ်ဘက်၌သာ ဘိက္ခုနီ ပြုခြင်းသည် ဘိက္ခုနီ သံဃာတည်ရှိရေးအတွက် အရေးအကြီးဆုံး ဝိနည်းပညတ်တော်ကို ချိုးဖောက်ခြင်း ဖြစ်ပေသည်၊ ဘိက္ခုနီသံဃာတည်ရှိရေးအတွက် အရေးအကြီးဆုံး ဝိနည်းပညတ်တော်ကို ချိုးဖောက်၍ ပြုလုပ်သော ဘိက္ခုနီသည် ဝိနည်းနှင့်အညီ နေထိုင်သော ထေရဝါဒဗုဒ္ဓသာသနာဝင် များက လက်မခံသော၊ ဝိနည်းမရှိသော အမည်ခံ ဘိက္ခုနီအတုအယောင်မျှသာ ဖြစ်နိုင်သည်၊ ဘိက္ခုနီအစစ် မဖြစ်နိုင်ပါ။ ထိုဘိက္ခုနီ အတုအယောင်တို့ဖြင့် ယခုကာလ၌ ဥဘတောဥပသမ္ပန္န ဘိက္ခုနီ ပြုလုပ်ကြသူများ ဘိက္ခုနီအစစ် မဖြစ်နိုင်သည်မှာ ဆိုဖွယ်ရာပင် မရှိတော့ပါ။ ဤဂရုဓမ်ပညတ်တော်ကြောင့်ပင် ဘိက္ခုဧကတောဥပသမ္ပန္နရဟန်းမ ပြုခွင့်သည် ပျက်ပြယ်ခဲ့ပြီး ဖြစ်သည်။ ပျက်ပြယ်ခဲ့ပြီးဖြစ်၍လည်း ဘိက္ခု ဧကတော ဥပသမ္ပန္နာ-အရ ဖွင့်ပြသမျှ အဋ္ဌကထာ, ဋီကာအားလုံးတို့၌ ဘိက္ခုဧကတော ဥပသမ္ပန္န ရဟန်းမ အဖြစ်ခွင့်ပြုခြင်း၏ အကြောင်းခံဖြစ်သော သာကီဝင်မင်းသမီး ငါးရာနှင့် ရဟန်းအဖြစ်မှ လိင်ပြန်သော ဘိက္ခုနီများသာ ရှိကြောင်း ဖွင့်ပြတော်မူကြခြင်း ဖြစ်ပေသည်။ ပါဠိတော်, အဋ္ဌကထာ, ဋီကာများကို စုံလင်စွာ လေ့လာ ကြည့်ပါက ဘိက္ခုဧကတောဥပသမ္ပန္န ရဟန်းမ အဖြစ်ကို ပယ်မြစ်တော်မူပြီး ဖြစ်ကြောင်းကို သံသယရှင်းစွာ လက်ခံနိုင်ကြပေမည်။

ဥဘတောဥပသမ္ပန္နဂရုဓမ္မကို ပညတ်တော်မူပြီး ဖြစ်သော်လည်း ဘိက္ခုနီသံဃာ မပေါ်ပေါက်သေး၍သာ သာကီဝင်မင်းသမီး ငါးရာတို့အတွက် သီးခြားအခွင့်အရေးပေးသောအားဖြင့် ဘိက္ခုဧကတော ဥပသမ္ပန္နပညတ်ကို ခွင့်ပြုပညတ်တော်မူခြင်းသည် ဓမ္မိဿရ ဓမ္မသာမိ ဖြစ်တော်မူသော မြတ်စွာဘုရားရှင်၏ အရာ (ဗုဒ္ဓဝိသယ) သာ ဖြစ်ပါသည်။

ယခုအခါ ဘိက္ခုနီသံဃာမရှိတော့သဖြင့် ဘိက္ခုဂေဟောဟာ ဥပသမ္ပန္န ဘိက္ခုနီပြုနိုင် သည်ဟု သာဝကတို့က ဘုရားရှင်၏ ဂရုဓမ္မပညတ်တော်ကို ကျူးကျော် ဖောက်ဖျက်ရန် လုံးဝ မသင့်တော်ပါ။ သို့အတွက် ဘိက္ခုနီ သံဃာအဆက် ပြတ်နေပြီဖြစ်သော ယခုအချိန်အခါမှာ ရဟန်းများ၏ အထံ၌ ဘိက္ခုနီ (ရဟန်းမ)ပြုခွင့်ရှိသည်ဟူသော အယူသည် မှားယွင်း သောအယူ, သာသနာတော်အတွက် အန္တရာယ်ကြီးမားသော အယူသာ ဖြစ်ပေသည်။

## ဧကတောဉပသမ္ပန္နရဟန်းမ ပြုခွင့်ကို အထူးပယ်မြစ်တော်မမူခြင်းအကြောင်း

ရဟန်းတော်များအတွက် ဘုရားပွင့်တော်မူခါစ သာသနာတော် အစပိုင်း၌ သရဏဂုံဖြင့် ရဟန်းပြုခွင့် ပေးတော်မူခဲ့၍ နောက်ပိုင်း၌ ထိုသရဏဂုံဖြင့် ရဟန်းပြုခွင့်ကို ဘုရားရှင်ကိုယ်တော်တိုင် ရုပ်သိမ်း တော်မူသကဲ့သို့ သာကီဝင်မင်းသမီး ငါးရာတို့အတွက် ခွင့်ပြုခဲ့သော ဘိက္ခုဧကတောဉပသမ္ပန္နရဟန်းမ ပြုခွင့်ကို ပယ်မြစ်တော်မမူခဲ့ဟု သရဏဂုံဖြင့် ရဟန်း ပြုခွင့်ပယ်မြစ်တော်မူခြင်းနှင့်ယှဉ်ကာ ပြောလို သူများ ရှိကောင်း ရှိနိုင်ပြန်သဖြင့် ရှင်းပြပါဦးမည်။

သရဏဂုံဖြင့် ရဟန်းပြုရန် ခွင့်ပြုတော်မူခြင်းနှင့် ဘိက္ခုသံဃာ တစ်ဘက်၌သာ ဘိက္ခုနီ(ရဟန်းမ)ပြုရန် ခွင့်ပြုတော်မူခြင်းတို့ သည် မတူညီကြပါ။

**“အနုဇာနာမိ ဘိက္ခဝေ တုမှေပ ဒါနိ တာသု တာသု ဒိသာသု တေသု တေသု ဇနပဒေသု ပဗ္ဗာဇေထ ဥပသမ္ပာ- ဒေထ-**

**ရဟန်းတို့. သင်တို့သည်ပင် ယခုအခါ၌ ထိုထိုအရပ်များ၌ ထိုထို မြို့ရွာ ဇနပုဒ်တို့၌ ရှင်ပြုပေးကြ, ရဟန်းခံ ပေးကြ**”ဟု ဝိနည်း မဟာဝါ၊ မဟာခန္ဓက-(စာမျက်နှာ-၂၉) ၌ သရဏဂုံဖြင့် ရဟန်းပြုခွင့်ကို ရဟန်း ခံလိုသူအားလုံးအတွက် ရဟန်းပြုလိုသူများရှိရာ အရပ်, မြို့ရွာ, ပြည်နယ်, ဇနပုဒ်တိုင်းမှာ ခွင့်ပြုတော်မူခြင်းဖြစ်၍ အလွန်ကျယ်ပြန့် ပါသည်။ ဤကဲ့သို့ ကျယ်ပြန့်လှစွာ ခွင့်ပြုတော်မူခဲ့သော သရဏဂုံဖြင့် ရဟန်းပြုမှုကို ပယ်မြစ်တော်မမူခဲ့လျှင် ဆက်လက်၍ ပြုနေစရာ ရှိပေသည်။ သို့အတွက် သရဏဂုံဖြင့် ရဟန်းပြုခွင့်ကို ဘုရားရှင်ကိုယ်တော်တိုင် ပယ်မြစ်တော်မူသည်။

ဘိက္ခုနီများအတွက် ဘိက္ခုဧကတောဥပသမ္ပန္နာ-ရဟန်းသံဃာ တစ်ဖက်၌ ရဟန်းမ ပြုရန် ခွင့်ပြုတော်မူပုံမှာ သရဏဂုံဖြင့် ရဟန်း ပြုရန် ခွင့်ပြုပုံနှင့် လုံးဝမတူပါ၊ ဘိက္ခုဧကတောဥပသမ္ပန္နာ-ရဟန်း သံဃာ တစ်ဘက်၌ ရဟန်းမပြုရန် ခွင့်ပြုတော်မမူမီကပင် ဘိက္ခုနီများ တည်ရှိရေးအတွက် အရေးအကြီးဆုံး ပညတ်တော်ဖြစ်သော ဂရုဓမ် ပညတ်တော်တွင် “**ဥဘတောသံဃေ ဥပသမ္ပဒါ ပရိယေသိတဗ္ဗာ- ဘိက္ခုသံဃာ, ဘိက္ခုနီသံဃာ နှစ်ဘက်၌ ရဟန်းအဖြစ်ကို ရှာရ မည်**” ဟူသော ပညတ်တော် ရှိနေပြီဖြစ်ခြင်း, ဘိက္ခုဧကတော ဥပသမ္ပန္န- ရဟန်းသံဃာတစ်ဘက်၌ ရဟန်းမပြုခွင့်ကို သာကီဝင် မင်းသမီး ငါးရာ တို့၏ ရဟန်းပြုခွင့်ရရေးအတွက်သာ မဟာပဇာပတိ ဂေါတမီက လျှောက်ထားသဖြင့် ခွင့်ပြုတော်မူချက်ဖြစ်ခြင်းတို့ကြောင့် အထူးပယ်မြစ် ရန် မလိုတော့ပါ၊ ဆဋ္ဌဂရုဓမ်ဖြင့်ပင် ပယ်မြစ်တော်မူပြီးဖြစ်သည်။ ထို့ကြောင့်ပင် အဋ္ဌကထာ, ဋီကာတို့၌ ဘိက္ခုဧကတော ဥပသမ္ပန္နဘိက္ခုနီ- အရ ဖွင့်ပြကြသမျှ သာကီဝင်မင်းသမီး ဘိက္ခုနီ ငါးရာနှင့် ရဟန်းယောကျာ်း

အဖြစ်မှ လိင်ပြန်သွားသော ဘိက္ခုနီများ ကိုသာ ထုတ်ပြတော်မူကြခြင်းဖြစ်သည်။ ဤမျှဖြင့်ပင် ယခုကာလ၌ ဘိက္ခု ကေတောဥပသမ္ပန္န-ရဟန်း သံဃာတစ်ဘက်၌ ရဟန်းမ ပြုခွင့် မရှိတော့ကြောင်းကို သံသယကင်းရှင်း စွာဖြင့် မှတ်ယူနိုင်ကြကုန်ရာသည်။

## ရဟန်းယောကျ်ားများသည် မာတုဂါမကို ရှင်ပြုပေးရိုးသော်မျှ မအပ်

ရဟန်းယောကျ်ားများသည် ဘိက္ခုနီသံဃာ၌ ရှေးဦးစွာ ရဟန်းမခံရသေးသော မာတုဂါမကို ရဟန်းခံပေးခြင်းငှာ မအပ်ရုံသာမကသေး ရဟန်းယောကျ်ားများသည် မာတုဂါမကို ရှင်ပြုပေးခြင်းငှာပင် မအပ်၊ ထို့ကြောင့် ဝိနယမဟာဝဂ္ဂ အဋ္ဌကထာ ၊ မဟာခန္ဓက၊ ပဗ္ဗဇ္ဇကထာ-၂၄၈-၌ --

**"ဧဝံ ဘိက္ခုနာဝ ပဗ္ဗဇိတော ဟောတိ၊ ပုရိသံ ဟိ အညော ပဗ္ဗာဇေတုံ န လဘတိ၊ မာတုဂါမံ ဘိက္ခုနီတော အညော"**-

ဟု မိန့်အပ်၏၊

**အနက်**။ ။ ဧဝံ-ဤသို့၊ ဘိက္ခုနာဝ-ရဟန်းသည်သာ၊ ပဗ္ဗဇိတော-ရှင်ပြုပေးအပ်သည်၊ ဟောတိ-ဖြစ်၏၊ ဟိ-မှန်၏၊ ပုရိသံ- ယောကျ်ားကို၊ အညော-ရဟန်းမှတပါး အခြားသူသည်၊ ပဗ္ဗာဇေတုံ- ရှင်ဖြစ်စေခြင်းငှာ။ (ဝါ)ရှင်ပြုပေးခြင်းကို။ န လဘတိ-မရ၊ မာတုဂါမံ-မိန်းမကို။ ဘိက္ခုနီတော-ရဟန်းမမှ၊ အညော-တပါးတခြားသော သူသည်၊ ပဗ္ဗာဇေတုံ-ရှင်ဖြစ်စေခြင်းငှာ။ (ဝါ) ရှင်ပြုပေးခြင်းကို၊ န လဘတိ-မရ။

## အကျဉ်းချုပ် ဆုံးဖြတ်ချက်

ပြဆိုအပ်ပြီးသော ပါဠိတော်, အဋ္ဌကထာ, ဋီကာတို့၏ အဆိုအမိန့်များကို ထောက်ဆ၍---

(က) ဂရုဓမ်ရှစ်ပါးတို့တွင် ဆဋ္ဌဂရုဓမ်၌ **"ဥဘတော သံဃေ ဥပသမ္ပဒါ ပရိယေသိတဗ္ဗာ"**ဟု မြတ်စွာဘုရား ကိုယ်တော်တိုင် ပညတ်တော်မူအပ်သောကြောင့် လည်းကောင်း၊

(ခ) ဘိက္ခုဧကတောဥပသမ္ပန္နပညတ်သည် ဘိက္ခုနီသံဃာ မပေါ်ပေါက်သေးမီ သာကီဝင်မင်းသမီးငါးရာတို့ အတွက်သာ ပညတ်အပ်သော အနုပညတ်ဖြစ်သောကြောင့်လည်းကောင်း၊

(ဂ) ထိုဘိက္ခုဧကတောဥပသမ္ပန္နပညတ်ကိုလည်း ပယ်အပ်ပြီး ဖြစ်သည်ကို ဝဇိရဗုဒ္ဓိဋီကာပြဆိုသောကြောင့်လည်းကောင်း၊

(ဃ) ဘိက္ခုနီသံဃာ၌ ရဟန်းမ မပြုရသေးသော မာတုဂါမကို ဘိက္ခုသံဃာက ရဟန်းမ ပြုပေးခြင်းငှာ မအပ်ဟု အဋ္ဌကထာ၌ တိုက်ရိုက်ပြဆိုထားသောကြောင့်လည်းကောင်း၊

(င) ရှေးဦးစွာ ရဟန်းမ ပြုပေးမည့် ဘိက္ခုနီသံဃာ အဆက်ပြတ်ခဲ့ပြီး ဖြစ်သောကြောင့်လည်းကောင်း၊

(စ) သာကီဝင် မင်းသမီး ရဟန်းမ ငါးရာနှင့် ဘိက္ခုလိင်ပြန် ရဟန်းမမှ အပ ဘိက္ခုဧကတောဥပသမ္ပန္န ဘိက္ခုနီ မရှိသည်၏ အဖြစ်ကို အဋ္ဌကထာ, ဋီကာကြီး အားလုံးတို့ တညီတညွတ်တည်း ဖွင့်ပြတော်မူသောကြောင့်လည်းကောင်း, **"ယခုကာလဝယ် ထေရဝါဒ ဗုဒ္ဓသာသနာတော်၌ ဘိက္ခုနီလုံးဝ မရှိနိုင်တော့ပြီ၊ ဘိက္ခုနီလုံးဝ မဖြစ်နိုင်တော့ပြီ"** ဟု လေးမြတ်စွာမှတ်ယူရာ သတည်း။

# ယခုကာလဝယ် ထေရဝါဒ ဗုဒ္ဓသာသနာတော်၌ ဘိက္ခုနီဖြစ်နိုင်ခွင့် ရှိပုံကို ပရိကပ္ပအားဖြင့် ပြဆိုခြင်း

ယခုကာလဝယ် ထေရဝါဒဗုဒ္ဓသာသနာတော်၌ ဘိက္ခုနီဖြစ်နိုင်ခွင့် မရှိတော့သည်ကို ပကတိနိယာမအားဖြင့် အကျယ်တဝင့် ပြဆိုခဲ့ပြီး ဖြစ်သော်လည်း ဆိုရေးဆိုခွင့် မကြွင်းမကျန်ရလေအောင် ဖြစ်နိုင်ခွင့် ရှိပုံကို ပရိကပ္ပအားဖြင့် ပြဆိုဦးအံ့။

ဝိမတိဝိနောဒနီ ဋီကာ၊ ဒုတိယအုပ်၊စာမျက်နှာ-၂၁-၌---

**"ဘိက္ခုနံ သန္တိကေ ဥပသမ္ပန္နာ နာမ ပရိပတ္တလိင်္ဂါ ဝါ ပဥ္စသတသာကိယာနိယော ဝါ၊ တော ပန ကေတော ဥပသမ္ပန္နာ ဩဝဒန္တဿ ပါစိတ္တိယမေဝ"-**

ဟူ၍လည်းကောင်း။

သာရတ္ထဒီပနီဋီကာ၊ တတိယအုပ်၊ စာမျက်နှာ-၄၃-၌---

**"ဘိက္ခုနံ သန္တိကေ ဥပသမ္ပန္နာ နာမ ပရိဝတ္တလိင်္ဂါ ဝါ ပဥ္စသတသာကိယာနိယော ဝါ"-**

ဟူ၍လည်းကောင်း။

ဝဇိရဗုဒ္ဓိဋီကာ စာမျက်နှာ-၂၃၈-၌---

**"ဘိက္ခုဿ လိင်္ဂပရိဝတ္တနေ ကေတော ဥပသမ္ပန္နာယ ဝသေန အာပတ္တိ သာကိယာနီနံ ဝိယ"-**

ဟူ၍လည်းကောင်း မိန့်ဆိုအပ်ကုန် သည်၏ အဖြစ်ကြောင့် ရဟန်းယောကျ်ားစင်စစ်က ပုရိသလိင်မှ ဣတ္ထိလိင်ပြန်သော ရဟန်းမသည်

ဘိက္ခုနီသံဃာ၌ ထပ်မံ၍ ရဟန်းခံ ဖွယ်မလို၊ ရဟန်းယောကျ်ားအဖြစ်က ဘိက္ခုသံဃာ၌ ဆောင်ခဲ့သော ဉပသမ္ပဒကံသည် မပျက်စီးဘဲ တည်ရကား သာကီဝင်မင်းသမီး ရဟန်းမ ငါးရာတို့ကဲ့သို့ ဧကတော ဉပသမ္ပန္န ဘိက္ခုနီ ဖြစ်၏။။

ယင်းသို့သော ဘိက္ခုလိင်ပြန် ဧကတောဉပသမ္ပန္နဘိက္ခုနီများ ပစ္စန္တရစ်၌ ပဉ္စဝဂ်, မဇ္ဈိမ ဒေသ၌ ဒသဝဂ်ပြည့်အောင် ရှာဖွေစုဆောင်း နိုင်ပါမူ ထိုပဉ္စဝဂ် ဒသဝဂ် ဘိက္ခုနီသံဃာ၌ ဉတ္တိစတုတ္ထကံဖြင့် ရှေးဦးစွာ ရဟန်းခံပြီးနောက် ဘိက္ခုသံဃာ၌ ဉတ္တိစတုတ္ထကံဖြင့် ရဟန်းခံ၍ အဋ္ဌဝါစိကူပသမ္ပန္နဘိက္ခုနီ ဖြစ်နိုင်ဖွယ်ရှိပေသည်။

ထိုသို့ပင် ဖြစ်နိုင်ခွင့်ရှိ၏ဟု ဆိုရသော်လည်း ရဟန်းယောကျ်ား စင်စစ် က ဣတ္ထိလိင်ပြန်၍ ရဟန်းမ ဖြစ်လာသော ဘိက္ခုနီသံဃာ ပဉ္စဝဂ်, ဒသဝဂ်ပြည့်အောင် တစ်ပေါင်းတည်း တစ်ပြိုင်နက်တည်း ရှာဖွေစုဆောင်း နိုင်ရာသော အကြောင်းကား မရှိနိုင်ချေ။ ထိုသို့သော ဘိက္ခုလိင်ပြန် ဘိက္ခုနီသံဃာ ပဉ္စဝဂ်, ဒသဝဂ် ရဘိမူကား ဘိက္ခုနီ ပြုနိုင်ရာသော အကြောင်းရှိသေး၏ဟု သိစေခြင်းငှာသာ ဆိုရေးဆိုခွင့် မကြွင်းကျန်ရ အောင် ပရိကပ္ပအားဖြင့် ဆိုလိုက်ရသည်ဟုမှတ်။

**ဉပမာ**-အာနန္တရိယကံ-ငါးပါးတို့တွင် သံဃဘေဒကံ၏ တစ်ကမ္ဘာ ပတ်လုံး အကျိုးပေးပုံကို ပြဆိုရာ၌ တည်ဆဲကမ္ဘာ၌ဖြစ်စေ, ကမ္ဘာ၏ အလယ်၌ဖြစ်စေ သံဃာသင်းခွဲခြင်းကြောင့် အဝီစိငရဲ၌ကျ၍ ကမ္ဘာ ပျက်ရာ အခါ၌သာ အဝီစိငရဲမှ လွတ်၏၊ နက်ဖြန် ကမ္ဘာပျက်လတ္တံ့ ဖြစ်ရာ ယနေ့ သံဃာသင်းခွဲခြင်းကို ပြုလျှင် နက်ဖြန်၌ပင် အဝီစိငရဲမှ လွတ်၏။ တစ်ရက်သာ ငရဲခံရ၏ဟု ပြဆိုပြီးလျှင် **“ဧဝံ ကရဏံ ပန နတ္ထိ”**-ဤသို့

ကမ္ဘာပျက်ခါနီး တစ်ရက်မှ သံဃဘေဒကံကို ပြုခြင်းကား မရှိနိုင်ဟု သမ္မောဟဝိနောဒနီ၊ အင်္ဂုတ္တရ၊ ဥပရိပဏ္ဏာသ အဋ္ဌကထာတို့၌ မိန့်ဆို သကဲ့သို့ ဖြစ်သည်။

(သမ္မော၌-၄၀၉-၄၁၀၊ အံ ဋ္ဌ-၁၊ ၃၅၇၊ ဥပ ဋ္ဌ-၇၈)

အဋ္ဌကထာဆိုလိုရင်းကား-နက်ဖြန် ကမ္ဘာပျက်မည်ဖြစ်ရာ ယနေ့ သံဃဘေဒကံကို ပြုလျှင် နက်ဖြန်၌ပင် ငရဲမှလွတ်၏၊ တစ်ရက်သာ ငရဲခံရ၏ဟူသော စကားကို သံဃဘေဒကံသည် ကပ္ပဋ္ဌိတိယ-တစ်ကမ္ဘာ ပတ်လုံး တည်သော အကျိုးရှိ၏ဟု ဆိုရာ၌ ကမ္ဘာပျက်ခါနီး တစ်ရက် မှ သံဃဘေဒကံကိုပြုလျှင်လည်း ကမ္ဘာပျက်က အကျိုးကုန်ဆုံးသည်ကို သိစေခြင်းငှါ ပရိကပ္ပအားဖြင့် ဆိုသည်။

သို့သော်လည်း ကမ္ဘာပျက်ခါနီးတစ်ရက်မှ သံဃဘေဒကံကို ပြုခြင်း ကား မရှိနိုင်၊ သံဃာသင်းခွဲဖို့ သံဃာမရှိတော့ခြင်းကြောင့် ဖြစ်သည်ဟု ဆိုလိုသည်။ ဤအတူပင် ဘိက္ခုလိင်ပြန် ဘိက္ခုနီသံဃာ ၅-ပါး၊ ၁၀-ပါး ရလျှင် ဘိက္ခုနီမ ဖြစ်နိုင်သေးသည်ဟူသော စကားကိုလည်း ဘိက္ခု လိင်ပြန် ဘိက္ခုနီသံဃာ ၅-ပါး၊ ၁၀-ပါး အကယ်၍သာ ရပါက ဘိက္ခုနီ ဖြစ်ခွင့်ရှိသည်ကို သိစေခြင်းငှါသာ ဆိုရေးဆိုခွင့် မကျန်ရအောင် ပရိကပ္ပ (ကြံဆခြင်း)အားဖြင့် ဆိုလိုက်ရသည်။ ဘိက္ခုလိင်ပြန် ဘိက္ခုနီသံဃာ ၅-ပါး၊ ၁၀-ပါး ရဖို့ကား ဖြစ်နိုင်ရာသော အကြောင်းမရှိဟု ဆိုလိုသည်။

ရှေး၌ "ယခုကာလဝယ် ထေရဝါဒဗုဒ္ဓသာသနာတော်၌ ဘိက္ခုနီ လုံးဝ မရှိနိုင်တော့ပြီ"ဟူသော စကားကို ပကတိနိယာမ၏ အစွမ်းဖြင့်သာ ဆိုခဲ့သည်။ ပကတိနိယာမ၏အစွမ်းဖြင့် ဆိုသင့်ပုံကိုလည်း -

**“စတ္တ ကိဉ္စာပိ ပဥ္စသတသာကိယာနီနံ[1] ဝသေန ဘိက္ခု-ဘာဝေ ဌတွာ ပရိဝတ္တလိင်္ဂါယ ဘိက္ခုနိယာ စ ဝသေန ဧကတော ဥပသမ္ပန္နာ ဘိက္ခုနီ လဗ္ဘတိ၊ တထာပိ ပကတိနိယာမ ဝသေနေဝ ဒဿေတုံ ဘိက္ခုနီ နာမ ဥဘတော သံဃေ ဥပသမ္ပန္နာတိ ဝုတ္တံ”-**

ဟူသော သာရတ္ထဒီပနီဋီကာပါဌ်ကိုထောက်၍ သိအပ်၏။

(သာရတ္ထ၊ ဒု၊ ၃၉၉)

**အနက်**။ ။စတ္ထ-ဤဘိက္ခုနီဟူသောပုဒ်၌၊ ပဥ္စသတသာကိ-ယာနီနံ- ငါးရာသော သာကီဝင်မင်းသမီး ရဟန်းမတို့၏၊ (ပဥ္စသတ သာကိယာဒီနံ-ငါးရာသော သာကီဝင်မင်းသမီးရဟန်းမအစရှိသည် တို့၏)၊ ဝသေနစ-အစွမ်းအားဖြင့်လည်းကောင်း၊ ဘိက္ခုဘာဝေ- ရဟန်း ယောကျ်ား၏ အဖြစ်၌၊ ဌတွာ-တည်၍၊ ပရိဝတ္တလိင်္ဂါယ-ပြန် သော လိင်ရှိသော၊ (ဝါ) ပုလ္လိင်မှ ဣတ္ထိလိင် ပြန်သော၊ ဘိက္ခုနိယာ- ရဟန်းမ ၏၊ ဝသေနစ-လည်းကောင်း၊ ဧကတောဥပသမ္ပန္နာ ဘိက္ခုနီ- ဧကတော-ဥပသမ္ပန္နဘိက္ခုနီကို၊ ကိဉ္စာပိလဗ္ဘတိ-အကယ်၍ကား ရအပ်ရနိုင်ပေ၏၊ တထာပိ-ထိုသို့ပင် ရအပ် ရနိုင်ပါသော်လည်း၊ ပကတိနိယာမဝသေနေဝ-ပြကတေ့အားဖြင့် မြဲသော ဘိက္ခုနီ၏ အစွမ်းဖြင့် သာလျှင်၊ ဒဿေတုံ-ပြခြင်းငှာ၊ ဘိက္ခုနီနာမ ဥဘတောသံဃေ ဥပသမ္ပန္နာတိ-ဘိက္ခုနီနာမ ဥဘတောသံဃေ ဥပသမ္ပန္နာဟူ၍၊ (ဝါ) ဘိက္ခုနီ မည်သည် ဥဘတော သံဃာ၌ ပဥ္စင်း ဖြစ်သော ဘိက္ခုနီတည်းဟူ၍၊ ဝုတ္တံ-ဟောတော်မူအပ်၏။

---

[1] ပဥ္စသတသာကိယာဒီနံ (သျာ၊ က)။

**အဓိပ္ပါယ်ကား**---ပုရာဏစီဝရသိက္ခာပုဒ် “**ယော ပန ဘိက္ခု အညာတိကာယ ဘိက္ခုနိယာ**”ဟူသောပါဠ်ဝယ် “ဘိက္ခုနီ” ဟူသော ပုဒ်၏ ပဒဘာဇနီကို “ဘိက္ခုနီ နာမ ဥဘတောသံဃေ ဥပသမ္ပန္နာ”ဟု မြတ်စွာဘုရားဟောတော်မူခဲ့၏၊ ဤသိက္ခာပုဒ်ဖြင့် ဧကတောဥပသမ္ပန္န ဘိက္ခုနီ, ဥဘတောဥပသမ္ပန္နဘိက္ခုနီ နှစ်မျိုးလုံးကိုပင် သင်္ကန်းဟောင်း ကို ဖွတ်လျှော်ခိုင်းသော ရဟန်းအား အာပတ်သင့်နိုင်ရကား ဤ “ဘိက္ခုနီ” ဟူသောပုဒ်၌ သာကီဝင်မင်းသမီး ရဟန်းမငါးရာနှင့် ရဟန်း ယောကျ်ား အဖြစ်မှ လ္လတ္ထိလိင်ပြန်လာသော ရဟန်းမတို့၏ အစွမ်းအားဖြင့် ဧကတောဥပသမ္ပန္နဘိက္ခုနီကိုလည်း ရအပ်, ရသင့်, ရနိုင်၏။

ထိုသို့ပင် ရအပ်, ရသင့်, ရနိုင်သော်လည်း ထိုသာကီဝင်မင်းသမီး ရဟန်းမငါးရာနှင့် ရဟန်းယောကျ်ားအဖြစ်မှ လ္လတ္ထိလိင်ပြန်လာသော ရဟန်းမများသည် ပြကတေ့ အားဖြင့် မြဲသော ဘိက္ခုနီ များမဟုတ် ကြ၊ သာကီဝင်မင်းသမီးရဟန်းမ များသည် ဘိက္ခုနီသံဃာ မပေါ်ပေါက်မီ ကာလအနည်းငယ်၌သာ ရှိခဲ့ကြ၍ လိင်ပြန်သော ဘိက္ခုနီ ကား တရံ တစ်ခါသာ ဖြစ်တောင့်ဖြစ်ခဲဖြစ်သော ဘိက္ခုနီ ဖြစ်သည်။ ဥဘတော- ဥပသမ္ပန္န ဘိက္ခုနီသာ ပြကတေ့အားဖြင့် မြဲသော ဘိက္ခုနီ ဖြစ်သည်။ ထိုပြကတေ့အားဖြင့် မြဲသော ဘိက္ခုနီ၏ အစွမ်းဖြင့် ပြတော်မူခြင်းငှာ (ဝါ) ပြတော်မူလိုသောကြောင့် “**ဘိက္ခုနီ နာမ ဥဘတောသံဃေ ဥပသမ္ပန္နာ-ဘိက္ခုနီမည်သည် ဥဘတော သံဃာ၌ ပဉ္စင်းဖြစ်သော ဘိက္ခုနီတည်း**”ဟု ဟောတော်မူအပ်၏ဟု ဆိုလိုသည်။

**"ယခုကာလဝယ် ထေရဝါဒဗုဒ္ဓသာသနာတော်၌ ဘိက္ခုနီ လုံးဝ မရှိနိုင်တော့ပြီ-ဘိက္ခုနီ လုံးဝ မဖြစ်နိုင်တော့ပြီ"**ဟု ရှေး၌ ဆိုခဲ့ပြီး သောစကားကိုလည်း ဘိက္ခုလိင်ပြန် ဘိက္ခုနီသံဃာ ပဋ္ဌဝက်, ဒသဝက် ရနိုင်ပါက ဘိက္ခုနီ ဖြစ်နိုင်ခွင့်ရှိစေကာမူ ထိုဘိက္ခုလိင်ပြန် ဘိက္ခုနီသည် ပြကတေ့ ပင်ကိုယ်သဘောအားဖြင့် မြဲသော ပကတိနိယာမ ဘိက္ခုနီ မဟုတ်၊ ထိုဘိက္ခုလိင်ပြန် ဘိက္ခုနီသံဃာ ပဋ္ဌဝက်, ဒသဝက် ရနိုင်ရန်လည်း ဒဲ့ကြောင်းအခွင့်မရှိ၊ ထို့ကြောင့် "**ယခုကာလဝယ် ထေရဝါဒ ဗုဒ္ဓသာသနာတော်၌ ဘိက္ခုနီ လုံးဝ မရှိနိုင်တော့ ပြီ-ဘိက္ခုနီ လုံးဝ မဖြစ်နိုင်တော့ပြီ**"ဟု ဆိုခဲ့သည်ကို ပေါ်သောမနသိကာရ ပသန္နသဒ္ဓါ ဉာဏသမ္ပယုတ် မဟာကုသိုလ်ဇောစိတ္တုပ္ပါဒ်ဖြင့် လေးမြတ်စွာ မှတ်ယူ ကြကုန်ရာသတည်း။

၁၇. ၉. ၂၀၀၇

သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
သုတေသနစာကြည့်တိုက်

ပ.မ.သ.စ-၉၄/၁၈.၁.၀၆ (၁၀၀၀)